အဝန်းကို တင်ပြရမှာဖြစ်ပါတယ်။ ပထမဆုံး ဖွင့်လှစ်ရမှာ ကတော့ ကိုယ့်အားကိုယ်ကိုး အ. မ. ကကျောင်းဖြစ်ပါတယ်။ မူလတန်း အဆင့်ကျောင်းသား ၂၀ နှင့်အထက်ရှိသည့် ကျောင်းများ လျှောက်ထားနိုင်ပါတယ်။ အ. မ. ကခွဲဆိုလျှင် မူလတန်းအဆင့် သင်ကျောင်းသား ၂၀နှင့် ၅၅ ကြားရှိသည့်ကိုယ့်အားကိုယ်ကိုး ကျောင်းများလျှောက်ထားနိုင်ပါတယ်။ မြေဧက ၅ ဧကဖြစ်ပါတယ်။ အ. မ. က ကျောင်းဆိုလျှင် မူလတန်းအဆင့်သင်ကျောင်းသား ၅၅ ဦးနှင့်အထက်ရှိသည့် အ. မ. ကခွဲများ လျှောက်ထားနိုင်ပါတယ်။ မြေဧရိယာ ၅ ဧကဖြစ်ပါတယ်။ မူလတန်းလွန်ကျောင်းဆိုလျှင် မူလတန်းအဆင့်သင်ကျောင်းသား ၂၅၀ ဦးနှင့်အထက်ရှိသည့် အ. မ. ကများလျှောက်ထားနိုင်ပါတယ်။မြေဧရိယာ ၅ ဧကဖြစ်ပါတယ်။ အ. လ. ကခွဲဆိုလျှင် အလယ်တန်း အဆင့်သင်ကျောင်းသား ၂၀၀ ဦးနှင့်အထက်ရှိသည့် မူလတန်းလွန်ကျောင်းများလျှောက်ထားနိုင်ပါတယ်။ မြေဧရိယာ ၅ ဧကဖြစ်ပါတယ်။ အလယ်တန်းကျောင်းဆိုလျှင် အလယ်တန်းအဆင့်သင်ကျောင်းသား ၂၄၀ အထက်ရှိတဲ့ အ. လ. က ခွဲများ လျှောက်ထားနိုင်ပါတယ်။ မြေဧရိယာ ၇ ဧကရှိဖို့လိုပါတယ်။ အ. ထ. ကခွဲအနေဖြင့် အလယ်တန်းအဆင့်သင်ကျောင်းသား ၃၀၀ ဦးနှင့်အထက်ရှိသည့် အ. လ. ကများ လျှောက်ထားနိုင်ပါတယ်။ သို့မဟုတ် ထက်ဆင့်သင်ကျောင်းသား ၅၀ နှင့်အထက်ရှိတဲ့ အ. ထ. က တွဲများ လျှောက်ထားနိုင်ပါတယ်။ အ. ထ. က အနေဖြင့် ထက်ဆင့်သင်ကျောင်းသား ၂၀၀ နှင့်အထက်ရှိသည့် အ. ထ. ကခွဲများ မြေဧကအနေဖြင့် ၁၀ ဧကခန့်မှန်းထားပါတယ်။ အဆင့်ကျော်လျှောက်ထားမှုများ မပြုလုပ်ရပါဟုသတ်မှတ်ထားပါတယ်။ ဥပမာ- အ. မ. က မှ အ. လ. ကသို့ တိုက်ရိုက်အဆင့်ကျော်၍ လျှောက်လို့မရပါဘူး။



D/real(wide) (1



(၇) အဆောက်အဦအခြေအနေ၊ လက်ရှိ အဆောက်အဦ ရှိ/မရှိ ၊အဆောက်အဦဆောက်လုပ်ရန် ရရှိပြီး မြေဧကအကျယ်အဝန်း၊ အဆောက်အဦ ဆောက်လုပ်ပေးနိုင်မည့်အခြေအနေ၊ ဒေသခံများမှ ဆောက်လုပ်ပေးနိုင်ခြင်းရှိ/ မရှိဆိုတာကို ဖော်ပြဖို့လိုပါတယ်။

(၈) **မြေနေရာအခြေအနေ**။ ဆက်စပ်သည့် ကျန်းမာရေးဌာနခွဲ ဆောက်လုပ်မည့် မြေနေရာအား ကျန်းမာရေးဌာနအမည်ပေါက်ဖြင့် မြေယာပိုင်ဆိုင်မှုရှိ/မရှိနှင့် ရှိပါက ပူးတွဲအထောက်အထားဖြင့် တင်ပြဖို့လိုပါတယ်။ တိုက်နယ်ဆေးရုံဆိုလျှင် ၅ ဧက၊ ကျေးလက်ကျန်းမာရေးဌာနဆိုလျှင် ၁ ဧက၊ ကျေးလက်ကျန်းမာရေးဌာနခွဲဆိုလျှင် မြေဧရိယာ ၁ ဧကရှိဖို့လိုပါတယ်။

(၉) **လမ်းပန်းဆက်သွယ်ရေးအခြေအနေ**။ အသစ်တောင်းခံတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ပတ်သက်၍ နောင်တွင်ဖြစ်ပေါ်လာမည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တိုးတက်လာမည့် အခြေအနေ ကားလမ်း၊ ရေလမ်း၊ ရထားလမ်း စသည့် အချက်များဖော်ပြဖို့လိုပါတယ်။

(၁၀) လုံခြုံမှု အခြေအနေမှာ ပြည်သူ့ရဲတပ်ရင်း၊တပ်ဖွဲ့ ရှိ/မရှိ ဖော်ပြ ဖို့လိုပါတယ်။

(၁၁) လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ။

(၁၂) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ သဘောထားထောက်ခံချက်။

(၁၃) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ သဘောထားထောက်ခံချက်များနှင့် အတူ လျှောက်ထားနိုင်ပါတယ်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းကျော်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော် ၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်၊ ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဖြစ်ပါတယ်။မြို့နယ်အတွင်းရှိ ပြည်သူများ၏ ဆန္ဒအရ သောက်သုံးရေရရှိရေးနှင့်ပတ်သက်သော ကြယ်ပွင့်ပြ မေးခွန်း တစ်ခု တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဖြတ်မြို့သည် ကြက်ခြေခတ်လမ်းဆုံမြို့ဖြစ်သဖြင့် လူစည်ကားသော မြို့လေးတစ်မြို့ဖြစ်ပါသည်။ အမှတ်(၁၈) စစ်ဆင်ရေးကွပ်ကဲမှု စစ်ဌာနချုပ်ရုံးစိုက်သော မြို့ဖြစ်သည့်အပြင် ခုတင် ၁၀၀ဆံ့ စစ်ဆေးရုံ ၊ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၊ အထက်တန်းကျောင်းစာသင်ကျောင်း ၂ ကျောင်း၊ အားကစားကွင်း၊ ဂေါက်ကွင်း၊ တွင်အော်ဒါ လေယာဉ်ကွင်း၊ မြို့မဈေးများ မြို့အင်္ဂါရပ်နှင့်အညီ စုံလင်စွာဖြင့် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်း၊ ပြည်သူပေါင်းမြောက်မြားစွာ



D/real(wide) (1



လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော်အနေဖြင့် ကျေးလက် ကျန်းမာရေးဌာနခွဲ လျှောက်မည်ဆိုလျှင် လိုအပ်သည့် အချက် အလက်များကို တင်ပြမှာဖြစ်ပါတယ်။

(၁) တည်နေရာ၊မြို့နယ်မြေပုံနှင့်တကွ ဖော်ပြဖို့လိုပါတယ်။

(၂) ဧရိယာအကျယ်အဝန်း၊စတုရန်းမိုင် ပါဝင်ဖွဲ့စည်းထားသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာဦးရေ ဖော်ပြဖို့လိုပါတယ်။

(၃) လူဦးရေနှင့်အိမ်ခြေ၊ လူဦးရေစုစုပေါင်း၊ အိမ်ခြေစုစုပေါင်း၊ လူဦးရေသိပ်သည်းနှုန်း၊ Population Densityဖော်ပြဖို့လိုပါတယ်။

(၄) ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ခွင့်ရရှိပါက အကျိုးပြုမည့်ဧရိယာအကျယ်အဝန်း Current Areaဖော်ပြဖို့လိုပါတယ်။

(၅) အနီးဆုံးဆေးရုံ၊ ကျန်းမာရေးလုပ်ငန်းဌာနနှင့် အကွာအဝေး၊ မြို့နယ်/ခရိုင်အထူးကုဆေးရုံမှ အကွာအဝေး၊ တိုက်နယ်ဆေးရုံမှအကွာအဝေး၊ ကျေးလက်ကျန်းမာရေးဌာနမှ အကွာအဝေးကို ဖော်ပြဖို့လိုပါတယ်။

(၆) ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိပါက အသစ်ဖြစ်ပေါ်လာမည့် ကျေးလက်ကျန်းမာရေးဌာန၏ အခြေအနေ မြေပုံနှင့်တကွ ဖော်ပြဖို့လိုပါတယ်။

စုစည်းနေထိုင်လျက်ရှိပါသည်။ထိုကြောင့်နေ့စဉ်နှင့်အမျှ တိုးတက်များပြားသောလူဦးရေ၊ နေ့စဉ်ဝင်ထွက်သွားလာသော ဧည့်သည်များစသည်ဖြင့် သောက်သုံးရေ သုံးစွဲရေးအခက်အခဲများကြုံတွေ့နေရပါသည်။

၁၂-၁၀-၂၀၁၅ ရက်နေ့တွင် ယခင်စည်ပင်ဝန်ကြီးခရီးစဉ်တွေ့ဆုံပွဲတွင်တင်ပြခဲ့ရာ ဝန်ကြီးမှ မြို့ရေပေးရေးနှင့်ပတ်သက်ပြီး အသေးစိတ်ကွင်းဆင်းတိုင်းတာပြီး ခန့်မှန်းကုန်ကျစရိတ် တွက်ချက်တင်ပြရန် မှာကြားသွားခဲ့ပါသည်။

ဆက်လက်ပြီး ၃၀-၁၂-၂၀၁၅ ရက်နေ့တွင် ရပ်မိရပ်ဖများ စည်ပင်သာယာရေးကော်မတီ အစည်းအဝေးအမှတ်စဉ် ၂၅/၂၀၁၅ တွင် ထပ်မံတွေ့ဆုံပြီး အဆုံးအဖြတ်ရယူကာ ၂၉-၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၅၉/ဆ - ၆/ မဖ -၂(၀၀၂)ဖြင့် ခန့်မှန်းတွက်ချက်မှုစာရင်းပြုစုပေးပို့ခဲ့ပါသည်။

အဆိုပါတွက်ချက်မှုတွင် ကျပ်သိန်းလေးထောင်သုံးရာ ခန့်မှန်းပြုစုတင်ပြရာ လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးရုံးမှ ၂၄-၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၅၂၅/ဆ - ၆ /ရပစ(၀၃၀)ဖြင့် ကျပ်သိန်းသုံးရာ ခွင့်ပြု ချမှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ခံရရှိသောငွေကျပ်သိန်းသုံးရာကို တွက်ချက်မှုအတိုင်း ရေပိုက်များ ဝယ်ယူစုဆောင်းထားရှိပြီးဖြစ်ပါသည်။ ဆက်လက်ချမှတ်ရန် ကျန်သိန်းလေးထောင်ကို ပြည်သူများ၊ ဝန်ထမ်းများ မျှော်လင့်တောင့်တနေသည့်အတွက် ချမှတ်ပေးနိုင်ပါရန် မြို့သူ/မြို့သားများ၏ ကိုယ်စား မေးမြန်းတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။



D/real(wide) (1



ဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၄၄၅ သိန်းဖြင့် BE တွင် ဝမ်မိုင်ရပ်ကွက် နတ်စင်လမ်း ကွန်ကရစ်ခင်းခြင်း ၅၆၀'× ၁၂ '× ၆" ကုန်ကျငွေကျပ် ၁၂၀ သိန်း၊ ဈေးတန်းရပ်ကွက်၊ ငုဝါလမ်းကွန်ကရစ် ခင်းခြင်း ၅၆၀'× ၁၂ '× ၉" ကုန်ကျငွေကျပ် ၁၄၅ သိန်း၊ မြို့ပတ် လမ်းနှင့် ငုဝါလမ်းဆုံတံတားပြုလုပ်ခြင်း ၂၀'× ၆ '× ၆" ကုန်ကျငွေကျပ် ၃၀ သိန်း၊ ယန်းခမ်းဘုန်းကြီးကျောင်းလမ်း ကွန်ကရစ်ခင်းခြင်း ၂၈၀'× ၁၂ '× ၄. ၅" ကုန်ကျငွေကျပ် ၄၂ သိန်း၊ ယန်းခမ်းသုသန်လမ်းကျောက်ချောခင်းခြင်း ၇၄၅'× ၁၀ '× ၇" ကုန်ကျငွေကျပ် ၆၆ သိန်း၊ ၂ ခန်းတွဲဈေးအိမ်သာ ၁ လုံး ဆောက်လုပ်ခြင်း ၁၀'×၅ '× ၈' ကုန်ကျငွေကျပ် ၃၅ သိန်းနှင့် မြို့တွင်း ရေပိုက်လိုင်းများပြုပြင်ခြင်းအတွက် ကုန်ကျငွေကျပ် ၇ သိန်းဖြင့် လည်းကောင်း၊ RE တွင် ဟိုနားရပ်ကွက် စောမွန်လမ်း ရေပြွန်ပြုလုပ်ခြင်းအတွက် ကုန်ကျငွေကျပ် ၅ သိန်း၊ ကွက်သစ် ၁၁ လမ်း ရေပြွန်ပြုလုပ်ခြင်းအတွက် ကုန်ကျငွေကျပ် ၅ သိန်း၊ ဝမ်မိုင်ရပ်ကွက် စံပယ်လမ်းရေပြွန်ပြုလုပ်ခြင်းအတွက် ကုန်ကျငွေကျပ် ၅ သိန်းနှင့် ဝမ်မိုင်ရပ်ကွက်၊ ကံ့ကော်လမ်းရေပြွန်ပြုလုပ်ခြင်းအတွက် ကုန်ကျငွေကျပ် ၄. ၅ သိန်းဖြင့်လည်းကောင်း လျာထားပြီး ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးဌာန အနေဖြင့် နမ့်ဆန်တိုးချဲ့ရေပေးရေးအတွက် ကျန်လုပ်ငန်းများကို ၂၀၁၇ - ၂၀၁၈ ခုဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ထည့်သွင်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းဝန်းဆမ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်မှာ လူဦးရေစုစုပေါင်း ၄၅၀၃၄ ဦးခန့်ရှိပြီး ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှု ကုသပေးနိုင်ရန်အတွက် ၂၅ ခုတင်ဆံ့ဆေးရုံ ၁ ရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၁ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၃ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁ ခု၊ န. တ. လဆေးပေးခန်း ၂ ခုဖြင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ စောင့်ရှောက်ကုသပေးလျက်ရှိပါတယ်။ မိုင်းခတ်မြို့နယ်ကုသရေးဦးစီးဌာနဆေးရုံအညွှန်းကိန်းများကို နှစ်အလိုက် လေ့လာကြည့်မယ်ဆိုရင် အောက်ပါအတိုင်းတွေ့ရှိရပါတယ်-

| | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|
| တစ်နေ့ပျမ်းမျှပြင်ပလူနာပေါင်း | ၁၅ | ၁၀၁ | ၃၂ |
| တစ်နေ့ပျမ်းမျှအတွင်းလူနာပေါင်း | ၈ | ၁၃ | ၁၆ |
| ခွင့်ပြုခုတင်အသုံးပြုရာနှုန်း | ၃၂% | ၅၁% | ၆၅% |
| အသုံးချခုတင်အသုံးပြုရာနှုန်း | ၃၂% | ၅၁% | ၆၅% |
| ဆေးရုံတက်ရက်ပေါင်း | ၅ | ၅ | ၆ |
| တစ်နှစ်အတွင်းခုတင် ၁ လုံးမှ ပျမ်းမျှဆေးရုံဆင်းဦးရေ | ၂၅ | ၄၄ | ၃၈ |



D/real(wide) (1



**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းဖြစ်ပါတယ်။ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့၊ မြို့ရေပေးရေးအတွက် ခန့်မှန်းကုန်ကျစရိတ် ကျပ်သိန်းလေးထောင်သုံးရာ အနက် လုပ်ငန်းစတင်လုပ်ဆောင်နိုင်ရန် ကျပ်သိန်းသုံးရာကို ခွင့်ပြုချမှတ်ပေးခဲ့ရာ ရေပိုက်များ ဝယ်ယူစုဆောင်းထားရှိပြီးဖြစ်ပါတယ်။ ကျန်ကျပ်သိန်းလေးထောင်ကို ချမှတ်ပေးနိုင်ပါရန် မေးမြန်းတင်ပြခြင်း နှင့်စပ်လျဉ်း၍ မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးဌာနမှ စီမံချက်ရေးဆွဲထားသည့် နမ့်ဆန်တိုးချဲ့ရေပေးရေးအတွက် ကုန်ကျစရိတ်မှာ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်း ကျပ် ၁၇. ၆ သိန်း၊ ရေယူကန်တည်ဆောက်ခြင်းလုပ်ငန်းကျပ် ၁၇ သိန်း၊ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းကျပ် ၁၃၅ သိန်း၊ နမ့်ဆန်ရွာမှ မိုင်းဖြတ်မြို့သို့ ၈" PVC ပိုက်သွယ်တန်းခြင်း၊ ကျပ် ၄၁၆၁. ၅ သိန်း၊ စုစုပေါင်းကျပ် ၄၃၃၁. ၁ သိန်းဖြစ်ပါသည်။

၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ၈" PVC ပိုက် ၃၅၉ လုံး ဝယ်ယူခြင်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ဖြင့် ဝယ်ယူစုဆောင်းထားရှိပြီးဖြစ်ပါသည်။

မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ မူလဝင်ငွေလျာထားချက်မှာ ငွေကျပ် ၈၉၀ သိန်း

ခုတင် ၁ လုံးတွင် လူနာမရှိဘဲ ၁၀ ၄ ၄
လွတ်နေသည့် ပျမ်းမျှရက်
ဆေးရုံသေနှုန်း ၉. ၆%၁၁%. ၅. ၃%

တို့ဖြစ်ကြပါတယ်။ ၄င်းအညွှန်းကိန်းများကို လေ့လာကြည့်မယ်ဆိုရင် ဆေးရုံတက်ရောက်ကုသသည့်အတွင်းလူနာများဟာ တစ်နှစ်ထက်တစ်နှစ် တက်ရောက်ကုသခံယူမှုဦးရေများတိုးလာကြောင်းတွေ့ရှိရပါတယ်။

သို့သော် ၁၉-၉-၂၀၁၆ ရက်နေ့မှာ ဖာလန်ကော်ကျေးရွာအုပ်စု၊ နမ့်ဟယ်ကောင်ကျေးရွာမှ အရေးပေါ် မွေးလူနာတစ်ဦး ဆေးရုံသို့ အရေးပေါ်ရောက်ရှိလာပါတယ်။ သက်ဆိုင်ရာ သူနာပြုဆရာမကြီးများက စမ်းသပ်ကြည့်ခဲ့ရာ ကိုယ်ဝန်ဆောင်မိခင်၏ ဝမ်းဗိုက်ထဲမှ ကလေးဟာ သေဆုံးနေပြီဖြစ်ကြောင်း အရေးပေါ် ခွဲစိတ်ရန် လိုအပ်ကြောင်းသိရှိရပါတယ်။ ခွဲစိတ်ရန်အတွက် မြို့နယ်ဆရာဝန်သည် တာဝန်ဖြင့် ခရီးသွားနေပြီဖြစ်၍ နီးစပ်ရာ မိုင်းယန်းမြို့နယ်ရှိ ဆရာဝန်ကို အကူအညီ တောင်းခံခဲ့ရာမှာ မိုင်းယန်းမြို့နယ်၌လည်း အရေးကြီးလူနာရှိ၍ မလာနိုင်ကြောင်း မိုင်းယန်းသို့ လာရောက်ခွဲစိတ်ရန် ပြန်ပြီး အကြောင်းကြားလာ၍ မိုင်းယန်းသို့ အချိန်မီ အရေးပေါ်သွားရောက် ခွဲစိတ်ကုသခဲ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့သွားရောက်ခွဲစိတ်ရန် သွားနေစဉ်လမ်းမှာ လူနာဟာ မတော်တဆ အသက်ဆုံးရှုံးသွားခဲ့လျှင် မလိုလားအပ်သော အသက်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေပါတယ်။ ထို့ကြောင့် မြို့နယ်တွင် အထွေထွေရောဂါကုဆရာဝန် အနည်းဆုံး ၂ ဦးရှိသင့်ပါကြောင်း၊ တစ်ဦးက တာဝန်ဖြင့် ခရီးထွက်ခွာသွားလျှင် ကျန် ၁ ဦးက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

သွားဖက်ဆိုင်ရာဆရာဝန် ဒေါက်တာအောင်ကျော်သူသည် ၃၁-၁၀-၂၀၁၆ ရက်နေ့တွင် မိုင်းခတ်မြို့နယ်ပြည်သူ့ဆေးရုံမှ





တကယ် ခန့်ထားနိုင်မှု ၁၆ ဦးဖြစ်ပြီး လစ်လပ်ဝန်ထမ်းဦးရေ ၂၆ ဦး ရှိပါသည်။ ၄င်းအနက် လက်ထောက်ဆရာဝန် ၃ ဦး လစ်လပ်လျက်ရှိပြီး သွားဘက်ဆိုင်ရာဆရာဝန်ဒေါက်တာအောင်ကျော်သူမှာ ၄င်း၏ဆန္ဒပြုချက်အရကုသရေးဦးစီးဌာနစာအမှတ်၊ ၃မက(က) ၂၀၁၆/၁-၂၃၇ ရက်စွဲဖြင့် ၂၈-၁၀-၂၀၁၆ရက်တွင် ချောက်မြို့ပြည်သူ့ဆေးရုံသို့ ပြောင်းရွှေ့ပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၄င်းလစ်လပ်နေသော လက်ထောက်ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်အား ပြန်လည်ခန့်ထားနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ၂၀-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၉၈၃/ကတ(ကုသ-၁၁)၂၀၁၆ဖြင့် တင်ပြထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှဦးညီညီ(ခ)ဦးညီလေးချမ်းက မေးခွန်း(၁၊၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်ကြီးများ နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးညီညီ(ခ)ဦးညီလေးချမ်းဖြစ်ပါတယ်။ ပင်းတယမြို့နယ်၊ ပန်းစစ်ကျေးရွာအုပ်စု၊ ပန်းစစ်ကျေးရွာမှာ ပန်းစစ်ရေထွက်ဆိုတာရှိပါတယ်။ ပန်းစစ်ရေထွက်သည် ပင်လယ်ရေပြင်အမြင့်ပေ ၅၅၆၅ ပေမှာရှိတဲ့အတွက် ပင်းတယမြို့၏ ပင်လယ်ရေပြင်အမြင့်ပေ

၃၈၈၀ပေရှိပြီး အမြင့်မှ အနိမ့်သို့ ရေပေးဝေရသဖြင့် ကုန်ကျစရိတ် အင်မတန် သက်သာပါတယ်။ ပန်းစစ်ရေထွက်မှ ရေပေးဝေတဲ့ နေရာမှာ ပင်းတယမြို့ပေါ် ၁၂ ရပ်ကွက်အပြင် တောင်ပေါ်ကြီးရွာ၊ ထွက်နီကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ ရွှေဥမင်ဘုရား၊ သရက်ကုန်း ကျေးရွာအပြင် ကုံလုံကျေးရွာအထိ ရေပေးဝေလျက်ရှိတဲ့ ရေထွက် ဖြစ်ပါတယ်။ အဲဒီရေထွက်ဟာ မိုးရာသီမှာ တစ်နှစ်ကို ဂါလံ ၁၇ သိန်းထွက်ပါတယ်။ နွေရာသီမှာ တစ်ရက်ဂါလံ ၁၂ သိန်း ထွက် ပါတယ်။ နွေရာသီနှင့်မိုးရာသီ ကွာခြားချက်မှာ ဂါလံပေါင်း ၅ သိန်း ဖြစ်ပါတယ်။ ယင်းသို့ ဂါလံ ၅ သိန်းလျော့နည်းသွားရခြင်းမှာ ပန်းစစ် ရေထွက်ရဲ့ တောင်ကြောတစ်လျှောက်မှာ သစ်တောများ ပြုန်းတီး ခြင်းကြောင့်ဖြစ်ပါတယ်။ သစ်တောများ ပြုန်းတီးမှုဖြစ်ပေါ်ရခြင်း မှာလည်း ထင်းခုတ်ခြင်း၊ တောင်ယာစိုက်ခင်းများ ချဲ့ထွင်ခြင်းကြောင့် ဖြစ်ပါတယ်။ တောင်ယာများချဲ့ထွင်လာမည်ဆိုပါက ပန်းစစ် ရေထွက်သည် တစ်နှစ်ထက်တစ်နှစ်ရေအားကျဆင်းသွားနိုင် သောကြောင့် သစ်တောများထိန်းသိမ်းရန်လိုအပ်ပါ၍ ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား မေးခွန်းမေးမြန်းအပ် ပါတယ်။

ပန်းစစ်ရေထွက်ရေအားမလျော့နည်းစေရန်အတွက် ရေထွက်ရှိ တောင်တန်းတစ်လျှောက်သစ်တောများ မပြုန်းတီးရေး မည်ကဲ့သို့ ဆောင်ရွက်ကာကွယ်ရမည်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာ ဝန်ကြီးမှ ဖြေဆိုပေးပါရန် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ ရှမ်းပြည်နယ်တွင် သဘာဝသစ်တောကထွက်သော သစ်ခွပန်းများကို ကုန်သည်များမှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ ရောင်းချလျက်ရှိပါတယ်။ ယခုလို ရောင်းချခြင်းဖြင့် မကြာမီကာလတွင် မျိုးပြုန်းသွားနိုင်ပါတယ်။



D/real(wide) (2



ချောက်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး ဖြစ်၍ ၎င်းနေရာအား အစားထိုးခန့်ထားနိုင်ခြင်း ယခုအချိန်ထိ မရှိ သေးသောကြောင့် မိုင်းခတ်မြို့နယ်သွားဖက်ဆိုင်ရာဆရာဝန်၏ နေရာမှာ လစ်လပ်လျက်ရှိပါတယ်။ ထို့ကြောင့် ပြည်သူလူထုများ၏ သွားဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လိုအပ် ပါကြောင်း ကြယ်ပွင့်ပြမေးခွန်းများကို လွှတ်တော်သို့ မေးမြန်းတင်ပြ သွားမှာဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်ရှိ ပြည်သူလူထုများ ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် အခက်အခဲများရှိသည့်အတွက် လစ်လပ် လျက်ရှိသော လက်ထောက်ဆရာဝန် ၃ ဦးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ၁ ဦးအား အမြန်ဆုံးခန့်ထားပေးနိုင်ခြင်း ရှိ/မရှိသိရှိလိုပါ၍ ပြည်သူလူထုကိုယ်စားလှယ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။** လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်ရဲ့ မိုင်းခတ်မြို့နယ်ရှိ ပြည်သူလူထုများ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အခက်အခဲ များရှိသည့်အတွက် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန် ၃ ဦးနှင့် သွားဘက်ဆိုင်ရာဆရာဝန် ၁ ဦးအား အမြန်ဆုံးခန့်ထားပေး နိုင်ခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာ မျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်ဆေးရုံတွင် ခွင့်ပြုဝန်ထမ်းဦးရေ ၄၂ ဦးရှိပြီး အမှန်

မျိုးပြုန်းမသွားစေရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရသို့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ သဘာဝ သစ်တောများနှင့် ပြည်ပနိုင်ငံများသို့ သစ်ခွများထွက်ရှိလျက်ရှိသည့်အတွက် ရှမ်းပြည်နယ်အတွင်းရှိ သစ်ခွပန်းများထွက်ရှိရာဒေသများ၌ သစ်ခွပန်းများမျိုးမပြုန်းစေရန်အတွက် သစ်ခွပန်းဥယျာဉ်ခြံများပြုလုပ်မည့် စီမံကိန်းများ ချမှတ်၍ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နဲ့အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်တရားသူကြီးချုပ်နဲ့တက်ရောက်လာကြသူ အားလုံး နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ (ခ)ဦးညီလေးချမ်းရဲ့ မေးခွန်း ၂ ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တာဝန်ခံဖြစ်တဲ့ ကျွန်တော် ဒေါက်တာညီညီအောင်က ဖြေကြား ပေးမှာဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ ပင်းတယမြို့နယ်၊ ပန်းစစ်ကျေးရွာမှာရှိတဲ့ ပန်းစစ်ရေထွက်ကို ရေအားမလျော့နည်းစေဖို့ အတွက် ပန်းစစ်ရေထွက်ရှိတဲ့ ပတ်ဝန်းကျင်ရေဝေရေလဲဒေသသစ်တောများ ထိန်းသိမ်းရန်အတွက်



D/real(wide) (2



Convention on International Trade in Endangered Species of Wild Fauna and Flora - CITES မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းဟုဘာသာပြန်ပါတယ်။ CITES ကို ၁၉၇၅ ခုနှစ်မှာ စတင်ဖွဲ့စည်းပြီးတော့မှ နိုင်ငံပေါင်း ၁၈၀ ကျော်ကနေ လက်မှတ်ရေးထိုးထားတာဖြစ်ပါတယ်။ နိုင်ငံတကာ ကုန်သွယ်မှုကြောင့် တောရိုင်းတိရစ္ဆာန်များနှင့်သဘာဝအပင်များ လျင်မြန်စွာပျောက်ဆုံးသွားခြင်းကို ကာကွယ်နိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အနေဖြင့် ၁၉၉၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ သစ်ခွမျိုးစိတ်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များကို ပြည်ပတင်ပို့ခြင်း၊ တင်သွင်းခြင်းကို CITES ပြဋ္ဌာန်းချက်များနှင့်ညီအောင် အဖွဲ့ဝင်အားလုံးက ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ CITES ၏ နောက်ဆက်တွဲ ၁နဲ့ ၂ မှာဆိုလျှင် သစ်ခွမျိုးစိတ်ထည့်သွင်းပြီးတော့ သဘာဝတောများမှ စုဆောင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းများကို တားမြစ်ထားပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် သစ်ခွမျိုး စိတ်ပေါင်း ၈၄၁ မျိုး မှတ်တမ်းတင်ထားရှိပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် ရေ၊ မြေ၊ တောတောင်အခြေအနေအရ ရှားပါးသစ်ခွမျိုးစိတ်များအပါအဝင် သစ်ခွမျိုးစိတ်အများအပြား ပေါက်ရောက်လျက်ရှိပြီး ပြည်တွင်း/ ပြည်ပပညာရှင်များမှ လေ့လာသုတေသနပြုလျက်ရှိပါတယ်။

သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ၊ မာကီနိုရုက္ခဗေဒဥယျာဉ် MBK တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ပင်းတယမြို့နယ်များတွင် အသုံးဝင် သစ်ခွများ၊ ဆေးဘက်ဝင် သစ်ခွပင်များကို သုတေသနပြု လေ့လာလျက်ရှိပါတယ်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်ခွမျိုးစိတ်များအပါအဝင် သဘာဝအပင်နှင့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ရန် သဘာဝ နယ်မြေများကို ဖွဲ့စည်းတည်ထောင်လျက်ရှိပြီး ရှမ်းပြည်နယ်တွင် သဘာဝ နယ်မြေ ၆ ခုတည်ထောင်ပြီးဖြစ်ပါတယ်။

တည်ထောင်ပြီး သဘာဝ နယ်မြေများတွင် နည်းပညာနှင့် ရန်ပုံငွေရရှိမှုအရ သစ်ခွခြံများ တည်ထောင်၍ ဒေသမျိုးသစ်ခွများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အုပ်ချုပ်ရေးမှူးရုံးတွင် သစ်ခွခြံ တည်ဆောက်၍ ဒေသသစ်ခွမျိုး ၁၈၄ မျိုးကို စိုက်ပျိုး ထိန်းသိမ်းထားပါတယ်။

သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ MBK တို့ ပူးပေါင်းဆောင်ရွက်မှုအရ ပင်လောင်းမြို့နယ်၊ ဇဒင်ကျေးရွာနှင့် ကျောက်မိုးကျေးရွာ၊ ပင်းတယမြို့နယ်၊ ပင်စိမ်းပင်ကျေးရွာတို့တွင် သစ်ခွမျိုးပွားပျိုးထောင်ခြင်း၊ သင်တန်းပေးခြင်း ၊ ဇဒင်ကျေးရွာနှင့် ကျောက်မိုးကျေးရွာတို့တွင် ကျေးရွာပိုင် သစ်ခွခြံများ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်ထားပါတယ်။

ရှမ်းပြည်နယ်အတွင်း သစ်တောဦးစီးဌာနအစီအစဉ်ဖြစ်သော ဒေသခံအစုအဖွဲ့ပိုင် သစ်တောဧရိယာ ၉၁၀၅၃.၉၇ ဧက၊ အဖွဲ့ဝင်ဦးရေ ၂၁၀၁၁ ဦး၊ အသုံးပြုသူများအဖွဲ့ ၄၆၃ ဖွဲ့ရှိပြီး အစု



D/real(wide) (2



ထိန်းသိမ်းရန် နည်းလမ်း များကို သိရှိလိုတဲ့အတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ ပန်းစစ် ရေထွက်သည် ပန်းစစ်ကျေးရွာအနောက်ဘက် KG-537226 တွင် တည်ရှိပြီး ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်မှု မရှိဘဲ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော နယ်မြေအတွင်းတည်ရှိပါကြောင်း၊ လက်ရှိရေထွက်၏ ဧရိယာမှာ ၂၀ ဧကခန့်ရှိပြီး ပင်းတယမြို့ပေါ် ရပ်ကွက် အပြင် ပန်းစစ်၊ ကြံခင်း၊မြောင်၊ ကံလှကုန်း၊ သိမ်ကုန်း၊တပ်ကြီး၊ ရွှေပုထိုး၊ ထိုးပုံ၊ နောင်သခေါ၊ တင်လုံ၊ လယ်ငြိမ့်၊ တံတားကြီး၊ သပြေကုန်း၊ ကံသာ စုစုပေါင်းကျေးရွာ ၁၃ ရွာအား အကျိုးပြုနေတဲ့ ရေထွက် ၁ ခု ဖြစ်ပါတယ်။

ပန်းစစ်ရေထွက်နှင့်ဆက်စပ်လျက်ရှိတဲ့ တောတန်းတစ်လျှောက်မှာ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းခြင်းကို နည်းလမ်း ၃ ခုဖြင့် ဆောင်ရွက်၍ ရနိုင်ပါတယ်။ ဌာန ၂ ခုက ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပထမနည်းလမ်းကတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ ဒေသန္တရတားမြစ်မိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်ပြီးကာကွယ်သည့် နည်းလမ်းဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ဒေသခံပြည်သူလူထုပါဝင်တဲ့ အစုအဖွဲ့ဖွဲ့ပြီးတော့ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်၍ ရေထိန်းတောတွေတည်ထောင်တဲ့ နည်းလမ်းဖြစ်ပါတယ်။ တတိယနည်းလမ်းကတော့ ရေဝေရေလဲပမာဏ အကယ်လို့များပြားခဲ့မည်ဆိုလျှင် သစ်တောဦးစီးဌာနမှ ကြိုးပြင်ကာကွယ်တောတွေ ဖွဲ့စည်းခြင်းအားဖြင့် ထိန်းသိမ်းကာကွယ်နိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ သဘာဝတောများမှထွက်ရှိသည့် သစ်ခွပန်းများကို မျိုးမပြုန်းစေရန်အတွက် သစ်ခွပန်းဥယျာဉ်ခြံမြေပြုလုပ်သည့် စီမံကိန်းများ ချမှတ်ရန်၊ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးတဲ့ မေးခွန်းဖြစ်ပါတယ်။ ပထမဦးဆုံးအနေဖြင့် CITES ဆိုတဲ့ အဖွဲ့အကြောင်း ရှင်းပြလိုပါတယ်။ CITES ဆိုတာ

အဖွဲ့ပိုင် သစ်တောများလည်း တည်ထောင်ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ အစုအဖွဲ့များတွင်လည်း ကိုယ်ပိုင်အစီအစဉ်ဖြင့် သစ်ခွထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိပါသည်။

ဆက်လက်၍ သစ်တောဦးစီးဌာနသည် ရှမ်းပြည်နယ် အတွင်းရှိ သဘာဝ နယ်မြေများ၏ အုပ်ချုပ်ရေးမှူးရုံးတွင် ဒေသ မျိုးသစ်ခွများ၊ သစ်ခွခြံများ တည်ဆောက်ခြင်း၊ ကျေးရွာများတွင် သစ်ခွခြံများ တည်ထောင်ခြင်းတို့ကို နည်းပညာနှင့် ရန်ပုံငွေ ရရှိမှု အပေါ် အခြေခံ၍ တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သစ်တောဦးစီးဌာနအနေဖြင့် ဌာနပိုင်သစ်ခွခြံများ၊ ကျေးရွာပိုင် သစ်ခွခြံများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်၍ ဒေသရင်းသစ်ခွမျိုးများကို ထိန်းသိမ်းကာကွယ် ဆောင်ရွက်နေပြီးဖြစ်ပါသဖြင့် သီးသန့် စီမံကိန်း ထပ်မံ ဆောင်ရွက် ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးဦးညီညီ(ခ)ဦးညီလေးချမ်းက တတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တောင်သူလယ်သမားများသည် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေနှင့် နည်းဥပဒေများအရ ပုံစံ(၇)များကို ၄င်းကိုယ်ပိုင် လက်ဝယ် ရရှိချင်ကြပါတယ်။ လျင်လျင်မြန်မြန်လိုချင်ကြပါတယ်။ ထို့အတူ ရှမ်းပြည်နယ်မှာရှိတဲ့ အများပြည်သူများသည်လည်း အိမ်တွေ ဝိုင်းတွေ အတွက် မြေစာရင်းပုံစံ ၁၀၅တွေကို ကြန့်ကြာမှု မရှိဘဲ





လယ်သမားများသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာနမှ ပုံစံ ၇၊ မြေစာရင်းပုံစံ ၁၀၅ကို ကြန့်ကြာမှုမရှိဘဲ ရရှိရန် အတွက်လည်းကောင်း၊ အကြောင်းမဲ့ ကြန့်ကြာမှုနှင့် မရိုးသားမှုများ ဖြစ်ပေါ်ပါက၊ ရှိနေပါက မည်သည့်နေရာသို့ လိပ်မူ၍ တိုင်ကြား ရမည်ကို သိရှိလိုပါသည်ဟု မေးမြန်းလာသည့် မေးခွန်းနှင့် ပတ်သက်ပြီးတော့ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ ထုတ်ပေးခြင်းလုပ်ငန်း များကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ များပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ထုတ်ပေးလျက်ရှိပါသည်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၄ တွင် “**လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီး ဌာန ရုံးသို့ သတ်မှတ်ချက်များနှင့်အညီလျှောက်ထားရမည်။**”ဟု ပြဋ္ဌာန်းထားရှိပါသည်။ လယ်ယာမြေဥပဒေပုဒ်မ ၅ တွင် “မြို့နယ် ဦးစီးဌာနရုံးသည် ပုဒ်မ ၄ အရ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ တင်ပြ ရမည်” ဟုလည်းကောင်း၊ လယ်ယာမြေဥပဒေပုဒ်မ ၆ တွင် “မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေ အာဏာတည်သည့် နေ့ရက်တွင် တည်ရှိသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူ ညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ကြေးပေးဆောင် စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေး ရမည်”ဟုပြဋ္ဌာန်းထားရှိပါသည်။

လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ ထုတ်ပေးခြင်း လုပ်ငန်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု/မြို့နယ်/ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားမှုများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ပါကလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ကြန့်ကြာမှုမရှိစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ မြို့မြေ၊ ရွာမြေများအား မြေငှါးဂရန်ပြုလုပ်ရန် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်လျှောက်ထားရာတွင်လည်း လျင်မြန် တိကျ မှန်ကန်စွာ စိစစ်ဆောင်ရွက်ပေးသွားရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၂-၅-၂၀၁၆ ရက်စွဲပါ စာအမှတ် ၅၁၉၁/၆ - ၆၃၃ / အစရ(ရှမ်း)ဖြင့် အကြောင်းကြားထားရှိပြီးဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် အကြောင်းမဲ့ ကြန့်ကြာမှုနှင့်မရိုးသားမှုများဖြစ်ပေါ်ပါက ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြတိုင်ကြားနိုင်ပါကြောင်း ပြန်လည် ရှင်းလင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးကမေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။



D/real(wide) (2



လိုချင် ကြပါတယ်။ ယခုအခါမှာ မြေစာရင်းဌာနကို သွားလျှောက်သည့် အခါမှာ မြေစာရင်းပုံစံ ၇ ဒါမှမဟုတ် မြေစာရင်း ပုံစံ ၁၀၅ လျှောက်သည့်အခါမှာ ကြန့်ကြာမှုတွေဖြစ်နေပါတယ်။ ဒီလို ကြန့်ကြာမှုတွေဖြစ်ရသည့် အကြောင်းအရင်းမှာလည်း မရိုးသား မှုတွေ၊ ပွဲစားတွေနဲ့အလုပ်လုပ်နေသည့်အတွက်ဖြစ်ပါတယ်။ ဒါကြောင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများသည် ကြန့်ကြာခြင်းမရှိဘဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေအရ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ပုံစံ ၇ ကို ရရှိရန်နှင့် နေအိမ်ဝိုင်းမြေများကိုလည်း သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်ဦးစီးဌာနမှ မြေစာရင်းပုံစံ ၁၀၅ ကို ကြန့်ကြာမှုမရှိဘဲရရှိရန်အတွက်လည်းကောင်း၊ အကယ်၍ အကြောင်းမဲ့ ကြန့်ကြာမှုနှင့် မရိုးသားမှုများဖြစ်ပေါ်ပါက၊ ရှိနေပါက မည်သည့်နေရာသို့ လိပ်မူ၍ တိုင်ကြားရမည်ကို ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစား အပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး နှစ်သစ်မှာ မင်္ဂလာအပေါင်း နှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော် အနေနဲ့ ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)ကမေးမြန်းလာတဲ့ ရှမ်းပြည်နယ်အတွင်းရှိ တောင်သူ

ကျွန်တော်မေးခွန်းအနေနဲ့ကတော့ ကာလိ - မိုင်းရှူးလမ်းမှ လွယ်ဆိုင်သို့ ရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းကိစ္စ ပထမမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ ကာလိ - မိုင်းရှူးလမ်းမှ လွယ်ဆိုင်သို့ ရွာချင်းဆက်လမ်း ၅ မိုင်ခန့်ရှိတဲ့ ကျောက်ချောလမ်းအတွက် မေးမြန်းမှာဖြစ်ပါတယ်။ လွယ်ဆိုင်ရွာချင်းဆက်လမ်းသည် အရှည် ၅ မိုင်ခန့်ရှည်လျားပြီး ခြောက်သွေ့ရာသီမှာ သွားလာအသုံးပြုနေကြတဲ့ မြေသားလမ်းဖြစ်ပါတယ်။ လွယ်ဆိုင်ကျေးရွာအုပ်စုအတွင်းမှာဆိုလျှင် ရှမ်း၊ ပလောင်၊ ‘ဝ’၊ လားဟူစတဲ့ လူမျိုးအများစု နေထိုင်ကြတဲ့ ကျေးရွာအုပ်စုဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါတယ်။ အဓိကထွက်ကုန်အနေဖြင့်ကတော့ မြေပဲ၊နှမ်း၊ ပြောင်းစသည်များထွက်ရှိပါတယ်။ ကာလိ-မိုင်းရှူးလမ်းမှ လွယ်ဆိုင်လမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်မည်ဆိုပါက အဲဒီဒေသမှာရှိတဲ့ ကျေးရွာနေပြည်သူတွေ ရာသီမရွေးသွားလာနိုင်ပြီးတော့ ဒေသတွင်းမှာရှိတဲ့ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မှာဖြစ်တဲ့အတွက် အဲဒီလမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ်သို့ တိုးမြှင့်ဖောက်လုပ်ပေးနိုင်မည်ဆိုလျှင် လွယ်ဆိုင်ကျေးရွာအုပ်စု၊ဝမ်ပတ်ကျေးရွာအုပ်စုမှာရှိတဲ့ လွယ်ဆိုင်ရွာမှာအိမ်ခြေပေါင်း ၄၄၀၊လူဦးရေ၂၆၉၉ ယောက်၊ လုံယန်းရွာမှာ အိမ်ခြေ ၇၈၊ လူဦးရေ ၄၆၁ ယောက်၊ ဝမ်ပတ်ရွာမှာ အိမ်ခြေ ၁၅၇၊ လူဦးရေ ၇၉၃ ယောက် တို့ကို အကျိုးပြုမည်ဖြစ်ပါတယ်။

သို့ပါ၍ ကာလိ - မိုင်းရှူးလမ်းမှ လွယ်ဆိုင်ရွာသို့ ရွာချင်းဆက်လမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်





၃၁၊ လူဦးရေ ၁၈၁၊ ဝမ်ဖိုင်ရွာ အိမ်ခြေ ၈၂၊ လူဦးရေ ၄၃၆ စသည့် ကျေးရွာများကို အကျိုးပြုမှာဖြစ်ပါတယ်။

သို့ပါ၍ ကာလိ - နမ့်ပါမန်း - ဝမ်တုံလမ်းပိုင်းမှ ကျန်လမ်းပိုင်းဖြစ်တဲ့ နမ့်ပါမန်း - ဝမ်တုံလမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ်တို့ အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင်အနီးကပ်ဆုံး လျာထားသည်ကို သိရှိလိုပါသဖြင့် ပြည်သူများ၏ ကိုယ်စားလှယ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး မေးမြန်းလာသော မေးခွန်း(၂)ခုနှင့် ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်း(၁)အနေဖြင့် ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းအောင်ကျော်ဦးမေးမြန်းသော ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ ဝမ်ပတ်ကျေးရွာအုပ်စုသည် ရှမ်းပြည်နယ်အတွင်း နယ်မြေခွဲဝေ

သတ်မှတ်ဆောင်ရွက်ရန် ညှိနှိုင်းထားချက်အရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည့် ဧရိယာအတွင်းမှာပါဝင်နေပါတယ်။ သို့သော်လည်း ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ကာလိ - မိုင်းစံလမ်းပိုင်းမှ လွယ်ဆိုင်းကျေးရွာ သွားလမ်း ၇/၀ မိုင်အား မြေလမ်းအဖြစ် ဖောက်လုပ်ဆောင်ရွက်ပေးရန် ရန်ပုံငွေ ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း နံပါတ်(၂)အနေဖြင့် ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ဦးစိုင်းအောင်ကျော်ဦးမေးမြန်းထားသော ကာလိ - နမ့်ပါမန်းအထိသည် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ထားရှိပြီးဖြစ်ပြီး ကျန်ရှိသည့် နမ့်ပါမန်းမှ ဝမ်တုံကျေးရွာအထိ ၈/၀ မိုင်အား ကျောက်ချောလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းချက်အရ အဆိုပါ လမ်းပိုင်းသည် ဒေသအစီအစဉ်ဖြင့် ဖောက်လုပ်ထားသော ကျေးရွာအဆင့်လမ်းသာဖြစ်ကြောင်းသိရှိရပြီး မြေသားလမ်းအဖြစ် ဦးစွာ အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် အဆိုပါ နမ့်ပါမန်းမှ ဝမ်တုံရွာအထိ လမ်းပိုင်း ၈/၀ မိုင်အား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ မြေလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။



D/real(wide) (2



ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် အနီးကပ်ဆုံး လျာထားသည်ကို သိရှိလိုပါသဖြင့် ပြည်သူများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။

ကျွန်တော်၏ ဒုတိယမေးခွန်းအနေနဲ့ နမ့်ပါမန်း - ဝမ်တုံကျေးရွာချင်းဆက် ကျောက်ချောလမ်းကိစ္စဖြစ်ပါတယ်။ နမ့်ပါမန်း - ဝမ်တုံကျေးရွာချင်းဆက်လမ်းသည် ၈ မိုင်ခန့်ရှည်လျားပြီး ယခင်ကာလကတည်းက ပြည်သူများကိုယ်ထူကိုယ်ထဖောက်လုပ်ပြီး အသုံးပြုနေကြတဲ့ မြေသားလမ်းဖြစ်ပါတယ်။ ခြောက်သွေ့ရာသီ မှာ ကားများ၊ ထော်လာဂျီများသွားလာတဲ့ အခြေအနေမှာရှိပြီး ကျန်စိုစွတ်တဲ့ မိုးရာသီမှာ သွားလာလို့မရတဲ့ အခြေအနေမှာရှိပါတယ်။ ဝမ်တုံကျေးရွာမှာရှိတဲ့ ပြည်သူတွေဟာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ဆန်၊နှမ်း၊ ပြောင်း၊မြေပဲ၊ ပဲပုပ်စသည် အဓိက ဒေသထွက်ကုန်များဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ထွက်ကုန်တွေကို ဈေးကွက်ကို အချိန်မီ တင်ပို့ ရောင်းချနိုင်မှု မရှိတဲ့အတွက် အခက်အခဲ နစ်နာမှုများ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် ကာလိ - နမ့်ပါမန်း- ဝမ်တုံလမ်းဟာဆိုလျှင် အဲဒီ ဒေသအတွင်းရှိတဲ့ ကျေးရွာတွေရဲ့ တစ်ခုတည်းသော ထွက်ပေါက်လမ်းတစ်ခုဖြစ်ပါတယ်။ ကာလိ - နမ့်ပါမန်းရွာအထိ ကတ္တရာလမ်းခင်းထားပြီးဖြစ်ပါတယ်။ ကျန်လမ်းပိုင်း ၈ မိုင်ဖြစ်တဲ့ နမ့်ပါမန်း - ဝမ်တုံလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးမည်ဆိုလျှင် ကျေးရွာအုပ်စုအတွင်း နေထိုင်ကြတဲ့ ပြည်သူများဖြစ်သည့် ဝမ်တုံရွာ အိမ်ခြေ ၁၀၁၊ လူဦးရေ ၄၉၅ ယောက်၊ ဆဟန်ရွာအိမ်ခြေ ၃၁၊ လူဦးရေ ၁၄၁၊ နားတီးရွာ အိမ်ခြေ ၅၁ ၊ လူဦးရေ ၁၉၃၊ ပန်ခါးရွာ အိမ်ခြေ ၃၄၊ လူဦးရေ ၁၄၈၊ နားဆောက်ရွာ အိမ်ခြေ ၁၂၊ လူဦးရေ ၅၈၊ ဆိုင်မိန်းရွာ အိမ်ခြေ ၆၆၊ လူဦးရေ ၂၉၆၊ နားခတ်ရွာ အိမ်ခြေ

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များအားလုံး၊ နှစ်သစ်မှာ မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် ကျေးရွာအုပ်စုနေ၊ တောင်ပေါ်ဒေသ လားဟူတိုင်းရင်းသားများ လိုအပ်တဲ့ ဆိုလာမီးဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ကျေးလက်ဒေသပြည်သူ လူထုများရဲ့ လူနေမှု ဘဝအဆင့်အတန်းမြင့်မားလာရေးအတွက် နိုင်ငံတော်ကနေပြီးတော့မှ သက်ဆိုင်ရာက သောက်သုံးရေရရှိရေး၊ မီးရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားကိစ္စများကို နိုင်ငံတော်အစိုးရမှ ရန်ပုံငွေများကို နှစ်စဉ်နှစ်တိုင်း ခွင့်ပြုပြီး ဆောင်ရွက်ပေးလျက်ရှိတာကို ကျွန်တော်တို့အနေနဲ့ အားရနှစ်ထောင်းဖြစ်မိပါတယ်။ ဒါကြောင့် မိုင်းပျဉ်းမြို့နယ်မှာ မှီတင်းနေထိုင်ကြတဲ့ တောင်ပေါ်ဒေသ၊ ကျေးလက်ဒေသအားလုံးမှာ စားဝတ်နေရေးအပြင် မိမိကိုယ်တိုင်မဆောင်ရွက်နိုင်တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရကနေပြီးတော့ ဆောင်ရွက်ပေးမည်ကို သိရှိတဲ့အတွက်လည်း သက်ဆိုင်ရာဒေသ ပြည်သူလူထု၊ တောင်ပေါ်ဒေသနှင့် ကျေးလက်ဒေသများ အားလုံးကပါ ဝမ်းပန်းတသာကြိုဆိုလျက်ရှိကြပြီး မိမိ၏ လိုအပ်ချက်များကိုလည်း အပြည့်အဝဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်ရင်းနဲ့ဘဲ မျှော်ကိုးစောင့်စားလျက်ရှိနေကြပါတယ်လို့သိရှိရပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်လည်း မိုင်းပျဉ်းမြို့နယ်၊ လားဟူဒေသ၊ တောင်ပေါ်ဒေသကျေးရွာဖြစ်တဲ့ ၅ ရွာမှာဆိုလျှင်





လုပ်ငန်းများဆောင်ရွက်ရာတွင် မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်အထက် ကွာဝေးသော ကျေးရွာများအား ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများအား NEP စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ NEP စီမံကိန်းအား ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကမ္ဘာ့ဘဏ်မှ ၃၀%၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေမှ ၆၀%၊ ပြည်သူလူထု ထည့်ဝင်ငွေ ၁၀%ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော မိုင်းပျဉ်းမြို့နယ်၊ ထမ်ယမ်းအုပ်စု အတွင်းရှိ နောင်ပဲ(နီးရှဲ)၊ ရွှေပဲ(ကျဖော)၊နားတော်မူ-၁၊ ဝမ်ချွန်အုပ်စုအတွင်းရှိ ကောင်းပျက်၊လွယ်ခေါ်ကျေးရွာများရှိ အိမ်ခြေ ၁၆၀ အိမ်၊ ဆိုလာ စနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများအား ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ လျာထားတင်ပြထားရှိပြီး ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြား အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံ

မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးဖြစ်ပါတယ်။ ဒီနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့တွင် ရွာငံမြို့နယ်၊ မြိုင်တိုက်နယ်ဆေးရုံယိုယွင်းနေမှု၊ ဆေးရုံအင်္ဂါရပ်နှင့် မညီညွတ်မှု၊ ဒေသခံပြည်သူများသာမက ခရီးသွားပြည်သူများတွက်ပါ အားထား ရသော ဆေးရုံကို စံကိုက်အညီ တိုးချဲ့ ပြန်လည်တည်ဆောက် ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်း သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရွာငံမြို့နယ်၊ မြိုင်တိုက်နယ်ဆေးရုံသည် ကနဦးစတွင် မြိုင်ကျေးလက် ကျန်းမာရေးဌာနအဖြစ်တည်ရှိပြီး ယခုဆေးရုံကို ပြည်သူလူထု ကိုယ့်ထူကိုယ့်ထလုပ်အားကုန်ကျထည့်ဝင်ငွေ ၉၆၉၂၅ ကျပ်ဖြင့် ကုန်ကျခံကာ တည်ဆောက်ထားခြင်းဖြစ်ပါတယ်။

၁၉၈၂ ခုနှစ်တွင် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့် ထားသော်လည်း စံကိုက်ဆေးရုံအဖြစ် ပြန်လည် တည်ဆောက် ထားပေးခြင်းမရှိခဲ့ပါ။ ခွဲစိတ်ခန်းနှင့် မွေးခန်းတို့ မှာလည်း ကျန်းမာရေးဌာနဘတ်ဂျက်မပါဘဲ ဒေသခံ အလှူရှင်များ လှူဒါန်းတိုးချဲ့ဆောက်လုပ်ထားခြင်းဖြစ်ပါတယ်။ ဆေးရုံ သက်တမ်းမှာ ၃၅ နှစ်ကျော်လာသည်ဖြစ်တဲ့အတွက် ယခုအခါ အဆောက်အဦများမှာ ယိုယွင်းပျက်စီးလျက်ရှိနေပါတယ်။ ၂-၃-၂၀၁၅ ရက်နေ့တွင် ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးဌာနမှူး၏ ကွင်းဆင်း စစ်ဆေးရေး အစီအစဉ်တွင် မြိုင်တိုက်နယ်ဆေးရုံအား ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအဆောက်အဦအား စံကိုက်တိုက်နယ် ဆေးရုံအဖြစ် ပြန်လည်တည်ဆောက်ပေးရန် လမ်းညွှန်ခဲ့ပါတယ်။ ထိုလမ်းညွှန်ချက်အရ ၂-၄-၂၀၁၅ ရက်စွဲပါစာအမှတ်၊၀၁၁/ တနဆ /၂၀၁၅ အရ ပထမအကြိမ်တင်ပြခဲ့ပြီးဖြစ်သည်ဟုသိရှိရ ပါတယ်။ မြိုင်တိုက်နယ်ဆေးရုံအား မြေဧရိယာအားဖြင့် ၁၀. ၃၄





အထူးလိုအပ်လျက် ရှိတဲ့ ဦးစားပေးအနေဖြင့် ဆိုလာမီးရရှိရေး အတွက် ကျေးရွာ ၅ ရွာမှာ အိမ်ထောင်စု ၁၂၇ စုအတွက် ဆိုလာမီး ၁၂၇ စုံကို ရရှိရေး သက်ဆိုင်ရာဒေသ ပြည်သူလူထုများကိုယ်စား တင်ပြခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ကျေးလက်ဒေသနေ မိသားစု၊ အိမ်ထောင်စု ၁၂၇ စုအတွက် ဆိုလာမီး ၁၂၇ စုံအား ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ၊ အကယ်၍စီစဉ်ပေးနိုင် မည်ဆိုပါက လာမည့် ရန်ပုံငွေ ၂၀၁၇ - ၂၀၁၈ ဘတ်ဂျက် ရန်ပုံငွေတွင် ခွင့်ပြုပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစား အပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ဦးစိုင်းလှဝင်း၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မေးမြန်းတဲ့ မိုင်းပျဉ်းမြို့နယ်၊ ထမ်ယမ်းကျေးရွာ အုပ်စု၊ နောင်ခစ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၅ ရွာအတွက် ဆိုလာမီး ၁၂၇ လုံးအား ခွင့်ပြုပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိရေး

ဧက ကျယ်ဝန်းပြီး ကျေးလက်ကျန်းမာရေးဌာနနှင့်တွဲလျက် တည်ရှိပါတယ်။ ဝန်ထမ်းအိမ်ရာမှာလည်း ရပ်ရွာလူထုပံ့ပိုးမှုဖြင့် တည်ဆောက်ထားကာ စနစ်တကျ နေရာချထားခြင်းမရှိဘဲ ယခုအခါ အိမ်များမှာ ယိုယွင်းပျက်စီးကာ လုံခြုံစိတ်ချမှုမရှိပါ။ တိုးချဲ့ထားသော ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းအိမ်ရာများလည်း လုံလောက်ခြင်းမရှိပါ။ ဒါ့အပြင် မြိုင်တိုက်နယ်ဆေးရုံသည် ရှာငံတစ်ဘက်ခြမ်းတွင် မှီတင်းနေထိုင်သော ကျေးရွာအုပ်စု ၁၁ အုပ်စု၊ လူဦးရေ ၃၅၀၀၀ ကျော် ၄၀၀၀၀ နီးပါး အားကိုးအားထားပြုရသော ဆေးရုံလည်းဖြစ်ပါတယ်။

လူဦးရေများပြားလာသည်နှင့်အမျှ လူနာ များလည်း တိုးပွားလာကာ ဒေသခံများ အားထားရသည့် ဆေးရုံ ဖြစ်သည့် ဖွဲ့စည်းပုံအရ မလုံလောက်သည်ကိုတွေ့ရှိရပြီး လိုအပ်လျှင် မြိုင်ကျေးရွာနှင့် ၁၂ မိုင်ခန့်ဝေးသော ရှာငံပြည်သူ့ဆေးရုံသို့ သွားရောက် လွှဲပြောင်း ကုသရပါတယ်။ မြိုင်တိုက်နယ်ဆေးရုံသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိသော ဟန်မြင့်မိုရ် - ရှာငံ - အောင်ပန်းလမ်းမပေါ်တွင် တည်ရှိပါတယ်။ အထက်မြန်မာပြည်၏ မြို့တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့်ဆက်သွယ်ထားသော ဟန်မြင့်မိုရ်-ရှာငံ - အောင်ပန်းလမ်းမပေါ်တွင် တည်ရှိတဲ့အတွက် ခရီးသွားပြည်သူများ လိုအပ်လျှင် ဝင်ရောက်ကုသနိုင်သော ဆေးရုံလည်းဖြစ်ပါတယ်။ ဤကဲ့သို့ ပြည်သူလူထုအားထားရာဖြစ်သော မြိုင်တိုက်နယ်ဆေးရုံ ယိုယွင်းနေမှု၊ ဆေးရုံအင်္ဂါရပ်နှင့်မညီညွတ်မှု၊ ဒေသခံပြည်သူများသာမက ခရီးသွားပြည်သူများတွက်ပါ အားထားရသော ဆေးရုံကို စံကိုက်အညီ တိုးချဲ့ ပြန်လည် တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါတယ်။အစီအစဉ်ရှိပါကလည်း မည်သည့်ဘတ်ဂျက်နှစ်တွင် တည်ဆောက် ပေးမည်။ မရှိပါက



D/real(wide) (2



မြို့နယ်၊ တောင်ပိုင်းရှိ ကျေးရွာ ၁၁ အုပ်စုမှ ဒေသခံ တိုင်းရင်းသားလူဦးရေ ၃၅၀၀၀ ဦးခန့်နှင့် ခရီးသွားပြည်သူ လူထုများအတွက်ပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဆေးရုံ ၁ ရုံ ဖြစ်ပါသည်။

တောင်ကြီးမြို့၊ ပြည်နယ်ကုသရေးဦးစီးဌာန၏ ၂၂-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၈၁၀/အဆအ၃ - စံကိုက်/ ကုသ/ ၂၀၁၆ ဖြင့် နေပြည်တော်ကုသရေးဦးစီးဌာနသို့ မြိုင်တိုက်နယ်ဆေးရုံအား စံကိုက်အညီ တိုးချဲ့ ပြန်လည်တည်ဆောက်ခွင့်ပြုပါရန် တင်ပြထား ခဲ့ရာ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကုသရေးဦးစီးဌာနမှ ဆောက်လုပ်ရန် လျာထားပြီးဖြစ်ပါကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ခွင့်ပြုလာပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ် ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ယနေ့အတွက်မေးခွန်းမေးမြန်းခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ နေ့လည်စာသုံး ဆောင်နိုင်ရန်အတွက် အစည်းအဝေး ကို ၁ နာရီ ၃၀ မိနစ်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို (၁၃း၃၀)နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

# စတုတ္ထပုံမှန်အစည်းအဝေး

# (ပထမနေ့)မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

## [ ကြာသပတေးနေ့ ]

## နေ့လည်ပိုင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆို တင်သွင်းဖို့ဖြစ်ပါတယ်။



D/real(wide) (3



အဘယ်ကြောင့် မရှိသည်ကို ပြည်သူလူထု ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးရဲ့ ရွာငံမြို့နယ်၊ မြိုင်တိုက်နယ်ဆေးရုံ ယိုယွင်းနေမှု၊ ဆေးရုံအင်္ဂါရပ်နှင့်မညီညွတ်မှု၊ ဒေသခံပြည်သူများ သာမက ခရီးသွားပြည်သူများအတွက်ပါ အားထားရသော ဆေးရုံကို စံကိုက်အညီ တိုးချဲ့ ပြန်လည်တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ရွာငံမြို့နယ်၊ မြိုင်တိုက်နယ်ဆေးရုံသည် မြေဧရိယာ ၁၀.၃၄ ဧကကျယ်ဝန်းပြီးကနဦးအစတွင် မြိုင်ကျေးလက်ကျန်းမာရေးဌာနအဖြစ်တည်ရှိပါသည်။ ၁၉၈၁ ခုနှစ်တွင် တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ကာ ဆေးရုံ အဆောက်အဦမှာ ပြည်သူလူထု၏ လုပ်အားထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။ ဆေးရုံပင်မ အဆောက်အဦ ၁ လုံးနှင့် ဓာတ်မှန်ဆောင် ၁ လုံး၊ သံဃာဆောင် ၁ လုံး ဆောက်လုပ်ခဲ့ပါသည်။ ခွဲစိတ်ခန်းနှင့်မွေးခန်းတို့မှာလည်း ဆေးရုံစံကိုက် ပုံစံမဟုတ်ပဲ ဒေသခံ အလှူရှင်များမှ လှူဒါန်း၍ တိုးချဲ့ တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ဆေးရုံ သက်တမ်းမှာ ၃၄ နှစ်ကျော်ရှိပြီး အဆောက်အဦနှင့် မျက်နှာကျက်မှာလည်း ပျက်စီးယိုယွင်းလျက် ရှိပြီး ဆေးရုံအင်္ဂါရပ်နှင့်ညီညွတ်မှုမရှိပါ။ မြိုင်တိုက်နယ်ဆေးရုံသည် ရွာငံ

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့တင်သွင်းခြင်း။

ယနေ့ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်လွှတ်တော်သို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်များနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ၂၀၁၇ ခုနှစ် အခါသမယမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာ ပဏာမ ဆုတောင်း မေတ္တာ ပို့အပ် ပါတယ်။

ယနေ့အစည်းအဝေးတွင် ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပေးနိုင်ရေးအတွက် တင်ပြလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားငွေများနှင့်ခွင့်ပြုထားသောသုံးငွေများအပြင် နောက်ထပ် ရငွေများလျာထားရန်နှင့် သုံးငွေများခွင့်ပြုရန် လိုအပ်သည့် အခါ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အခြေပြုလျက် ပြည်နယ်လွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်။



D/real(wide) (3



ခေါင်းစဉ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၂၉၅. ၈၁၃ သန်း တောင်းခံထားပြီး ငွေလုံးငွေရင်း အသုံး စရိတ်တွင်ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ၊ ဖြည့်စွက် လုပ်ငန်းစီမံကိန်းများ၊ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂ၊ အခြားရုံးသုံးပစ္စည်းများ၊ ကုန်သွယ်လုပ်ငန်းခွန်များ ၅% နှင့်အခြားငွေစာရင်းခေါင်းစဉ်များအတွက်ကျပ် ၅၂၅၄. ၆၆၉ သန်း၊ စုစုပေါင်းကျပ် ၇၅၅၀. ၄၈၂ သန်းကို တောင်းခံထားပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်သို့ ယခုတင်ပြထားသော ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေမူကြမ်းတွင် အခန်း(၃)ခန်း၊ ပုဒ်မ ၃ ခုနှင့် ဇယား ၄ ခု ၊ ဇယား ၁ မှ ၄ အထိ ထည့်သွင်းရေးဆွဲထား ပါတယ်။ ဇယား ၁ မှာတော့ ဗဟိုအဖွဲ့အစည်း ၄ ခုရဲ့ သာမန် အသုံးစရိတ်ကျပ်သန်းပေါင်း ၈၂၆. ၀၇၁သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် ၉၀၂. ၉၃၄ သန်း၊ စုစုပေါင်းကျပ် ၁၇၃၉. ၀၀၅ သန်းရေးဆွဲထားပါတယ်။

ဇယား ၂ မှာ ပြည်နယ်အဆင့်ဦးစီးဌာန ၁၂ ခုရဲ့ သာမန်အသုံးစရိတ် ကျပ် ၉၇၈. ၅၈၅ သန်း၊ ငွေလုံး ငွေရင်း အသုံးစရိတ်မှာ ၁၆၁၈. ၀၇၇ သန်း၊ စုစုပေါင်းကျပ် ၂၅၉၆. ၆၆၂ သန်းရေးဆွဲထားပါတယ်။

ဇယား ၃ မှာဆိုလျှင် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း ဖြစ်တဲ့ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ်၈၈၈. ၇၅၁ သန်းနဲ့ ဇယား ၄ မှာ စည်ပင်သာယာရေးအဖွဲ့ရဲ့သာမန်အသုံးစရိတ်ကျပ် ၄၉၀. ၁၅၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၁၈၃၄. ၉၀၇ သန်း ၊ စုစုပေါင်းကျပ် ၂၃၂၆. ၀၆၄သန်းတို့အားအသီးသီးထည့်သွင်းရေးဆွဲထားပါတယ်။

ပြည်နယ်အဆင့် ဌာန/ အဖွဲ့များသည် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံခွင့်ပြုပေးလိုက်သည့် ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျဖြင့် အချိန်မီသုံးစွဲနိုင်ရန် စီမံခန့်ခွဲဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခုတင်ပြထားတဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေမူကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် တင်သွင်းအပ်ပါတယ်။

## ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၏ ဖြည့်စွက် ခွင့်ပြုငွေစာရင်းများအား ၂၂-၉-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်၏ ဖြည့်စွက်ခွင့်ပြုငွေကို ကျပ် ၁၂၀၈. ၀၇ သန်းဖြင့် အတည်ပြုချက်ရယူခဲ့ပြီးတော့ ဒုတိယသမ္မတ စိစစ်ချက်မှာ ကျပ် ၇၅၅၀. ၀၄၈၂ သန်းဖြင့် ပြန်လည် ပြင်ဆင်ရေးဆွဲထားတဲ့ စာရင်းအရ ရှမ်းပြည်နယ်လွှတ်တော်မှာ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအဖြစ် အတည်ပြု ပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။



D/real(wide) (3



ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို၂၂-၉-၂၀၁၆ ရက်နေ့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယ ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်၏ဖြည့်စွက်ခွင့်ပြုငွေအား ကျပ် ၁၂၀၀၈. ၀၇၅ သန်းဖြင့် အတည်ပြုချက်ရယူခဲ့ပြီး ဒုတိယ သမ္မတ၏ စိစစ်ချက်အရ ကျပ် ၇၅၅၀. ၄၈၂ သန်းဖြင့် ပြန်လည် ပြင်ဆင်ရေးဆွဲခဲ့သော စာရင်းအရ ရှမ်းပြည်နယ်လွှတ်တော်တွင် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုဆွေးနွေး၍ ပြည်ထောင်စု ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့သော ၂၀၁၆-၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း ၂၉၈၃. ၉၆၄ သန်း နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း ၉၀၂၄. ၁၁၁သန်း၊ စုစုပေါင်း ၁၂၀၀၈. ၀၇၅သန်းဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၅-၁၀-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁၁၀၃/၂၅၄-ဖြည့်စွက် ၃-၁/အဖရ(၂၀၁၆)အရ ဒုတိယသမ္မတမှစိစစ်၍ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြသည့် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ သာမန် အသုံးစရိတ် ကျပ်သန်းပေါင်း ၂၂၉၅. ၈၁၃သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်းပေါင်း ၅၂၅၄. ၆၆၉ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၇၅၅၀. ၄၈၂ သန်း ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်သာမန်အသုံး စရိတ်တွင် လစာစရိတ်၊ ခရီးစရိတ်၊ လုပ်အားခ၊ ပြင်ဆင် ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေ၊ ဧည့်ခံကျွေးမွေးစရိတ်နှင့် ပင်စင်စသည့်

ရှမ်းပြည်နယ်၏ ထောက်ခံချက်နှင့် လွှတ်တော်မှ အတည်ပြု ဆွေးနွေးပြီးတော့ ပြည်ထောင်စု ဘဏ္ဍာရေး ဝန်ကြီးဌာနကို ပေးပို့ခဲ့ပါတယ်။ ၂၀၁၆ - ၂၀၁၇ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းမှာ သာမန်အသုံးစရိတ် ကျပ် ၂၉၈၃. ၉၆၄ သန်း၊ ငွေလုံးငွေရင်း ကျပ် ၉၀၂၄. ၁၁၁ သန်း ၊ စုစုပေါင်း ကျပ် ၁၂၀၀၈. ၀၇၅ သန်းဖြစ်ပါတယ်။

အစိုးရကနေ သမ္မတက စိစစ်ပြီးတော့မှ ခွင့်ပြုပေးထားတဲ့ ကျပ် ၇၅၅၀. ၄၈၂ သန်းကို ခွဲဝေရရှိထားပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေကို ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေ သာမန်အသုံးစရိတ်၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံထားမှုကို ငွေစာရင်း ခေါင်းစဉ်အလိုက် အသေးစိတ်ပြောပြမှာ ဖြစ်ပါတယ်။ လစာစရိတ် ကျပ် ၇၅၃. ၅၁၉ သန်း၊ ခရီးသွားလာစရိတ် ကျပ် ၁၀. ၂၁၀ သန်း၊ ပစ္စည်း၊ လုပ်အားခဆောင်ရွက်ပေးမှု ကုန်ကျစရိတ် ကျပ် ၈၂၇. ၂၄၂ သန်း၊ ပြင်ဆင် ထိန်းသိမ်းစရိတ် ကျပ် ၄၇၅. ၅၂၅ သန်း၊ လွှဲပြောင်းသုံးစွဲငွေ ကျပ် ၂၀၂. ၈၄၄ သန်း၊ ဧည့်ခံကျွေးမွေး စရိတ် ကျပ် ၂. ၉၀၀ သန်း၊ ပင်စင် ကျပ် ၂၃. ၅၇၃ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၂၂၉၅. ၈၁၃ သန်း ဖြစ်ပါတယ်။

ငွေစာရင်းခေါင်းစဉ်အလိုက် တင်ပြရမည်ဆိုလျှင် ဆောက်လုပ်ရေးလုပ်ငန်းမှာ ကျပ်သန်းပေါင်း ၅၁၀၈. ၃၉၁ သန်း၊ စက်ပစ္စည်းမှာ ကျပ်သန်းပေါင်း ၈၆. ၄၀၁ သန်း၊ အခြားမှာ ကျပ်သန်းပေါင်း ၄၉. ၅၉၀ သန်း၊ လုပ်ငန်းခွန်မှာ ၁၀. ၂၈၇ သန်း၊ စုစုပေါင်းကျပ်သန်းပေါင်း ၅၂၅၄. ၆၆၉ သန်းဖြစ်ပါတယ်။



D/real(wide) (3



စပ်လျဉ်း၍ ဇယား ၁၊ ၂၊ ၃၊ ၄တို့မှာ ခွင့်ပြုထားတဲ့ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရတဲ့ ပုဂ္ဂိုလ် အသီးသီးမှာ မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားတဲ့ ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲခြင်းသည် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့အရ ခွင့်ပြုထားတဲ့ ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

(ဂ) အပိုဒ်၃(က)ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရတဲ့ ပုဂ္ဂိုလ်အသီးသီးသည် မိမိအား ပေးအပ်တဲ့ သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ အပိုဒ် ၃(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ ၂၀၁၆ ခုနှစ် ၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ ၊ အမိန့်ကြော်ငြာစာ

များ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။
ပုံ/ဝန်ကြီးချုပ်၊ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃(ခ)အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၅ နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၄၅ တို့နှင့်အညီ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေမူကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်သွင်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်းနှင့်စပ်လျဥ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇



D/real(wide) (3



၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးသော ခန့်မှန်းခြေငွေစာရင်းအရ မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ မူလခန့်မှန်းခြေထက်၊ ပြုပြင်ပြီးသော ခန့်မှန်းခြေမှာကျပ် ၂၁. ၆၀၁ သန်းလျော့နည်းသွားပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ ကျပ် ၂. ၈၉၆ ဘီလီယံ လျော့နည်းသွားပြီးတော့ စည်ပင်သာယာရေးအဖွဲ့မှာကျပ် ၂. ၃၂၆ ဘီလီယံ တိုးလာပါတယ်။

၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၏ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေအမှတ်မှာ ၂၀၁၆ခုနှစ် ရက်စွဲနဲ့ ရှမ်းပြည်နယ်လွှတ်တော်မှ ဤဥပဒေကို ပြဋ္ဌာန်းလိုက်ပါတယ်။

### အခန်း ၁ ။ အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ။

၁။ (က) ဤဥပဒေကို ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း ၂ ။ နောက်ထပ် အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းဖြင့် စီမံခန့်ခွဲခြင်း။

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော် ၊ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများ၊ ပြည်နယ် အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊စည်ပင်သာယာရေး အဖွဲ့များနှင့်

ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ ၉ ရက်နေ့၊ တနင်္လာနေ့မှာဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနှင့်အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)ကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့၊ ၁၉-၈-၂၀၁၅ ရက်နေ့မှာ ရှမ်းပြည်နယ်အဖွဲ့ရဲ့ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ တင်သွင်းခဲ့ပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ ဒုတိယနေ့ ၊ ၄-၁၂-၂၀၁၅ ရက်နေ့မှာ ယင်းဥပဒေကို ဥပဒေအမှတ် ၅/၂၀၁၅ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါယစ်မျိုးခွန်ဥပဒေဟာ ခေတ်ကာလနှင့်လျော်ညီမှုမရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်လျက်ရှိကြောင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ(မူကြမ်း)ကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။





(ခ) အခန်း(၁) အမည်၊ စတင် အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ တင်ပြပါအချက်များကတော့ အဓိပ္ပာယ်၊ စကားရပ်များကိုဖော်ပြခြင်းဖြစ်ပါတယ်။

အခန်း(၂) ရည်ရွယ်ချက်ဖြစ်ပါတယ်။ ပုဒ်မ ၃ ရည်ရွယ်ချက်မှာတော့

(က) အရက်သေစာသောက်စားခြင်း အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊
( ခ) သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေရန်၊
( ဂ) မူးယစ်စေသော သေရည်သေရက်ရောင်းချခြင်းမှ အခွန်ငွေ ရရှိစေရန် အလို့ငှာသာ မဟုတ်ဘဲ သောက်စားသုံးစွဲခြင်း လျော့နည်း စေရန် သေရည်သေရက်ရောင်းချခြင်းကို အခွန်ကောက်ခံသည်ဟု စွဲမြဲမှတ်ယူစေရန်၊
(ဃ) ပြည်နယ်ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများကို ဥပဒေနှင့်အညီရရှိစေရန်

တို့ဖြစ်ပါတယ်။

အခန်း(၃)။ ယစ်မျိုးခွန် နှုန်းထားများ သတ်မှတ်ခြင်းဖြစ်ပါတယ်။ ပုဒ်မ ၄ ပြည်နယ်ယစ်မျိုးခွန် ကောက်ခံရေးနှင့် စပ်လျဉ်းပြီး ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ တင်ပြပါနောက်ဆက်တွဲ ဇယားပါအတိုင်း ကောက်ခံမှာဖြစ်ပါ တယ်။ ပုဒ်မ ၅ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၅ သိန်းအထိဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေကို တစ်ကြိမ်တည်းအပြေအကျေပေးသွင်းရမှာဖြစ်ပါတယ်။ ပုဒ်မ ၆ လုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၅၀၀၀၀၀ အထက်မှ သိန်း ၃၀ အထိဖြစ်ပါက လိုင်စင်ချထားပေးသည့်



D/real(wide) (3

အချိန်တွင် ကျသင့်ငွေ၏ တစ်ဝက်ကို တစ်ကြိမ်တည်းပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ် တစ်ဝက်အတွင်း အပြေအကျေ ပေးသွင်းရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၇ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ်သိန်း ၃၀အထက်ဖြစ်ပါက လိုင်စင်ချထား ပေးသည့်အချိန်တွင် ကျသင့် ငွေ၏ သုံးပုံတစ်ပုံကို တစ်ကြိမ်တည်း ပေးသွင်းရမည်ဖြစ်ပြီး ကျန်သုံးပုံ နှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲပြီး အပြေအကျေ ပေးသွင်း ရမှာဖြစ်ပါတယ်။ ပုဒ်မ ၈ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေပေး သွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံခွင့်ပြုမှာဖြစ် ပါတယ်။ ပုဒ်မ ၉ ဤဥပဒေအရ ယစ်မျိုးခွန် အပြည့်အဝ ကောက်ခံ ရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် လိုအပ်သောကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်း ဆောင်ရွက်နိုင်ဖို့ပြဋ္ဌာန်းထားပါတယ်။

အခန်း(၄) အထွေထွေ အနေနဲ့ ပုဒ်မ ၁၀ ယစ်မျိုး စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊ ကောက်ခံခြင်းတို့က ပြည်နယ် အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန် ယူပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပုဒ်မ ၁၁ ဤဥပဒေအရ ပေးရန် ရှိသော ယစ်မျိုးခွန်ငွေကြေး အားလုံးကို ပေးဆောင်ရန် ပျက်ကွက်လျှင် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၁၂ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက်

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း များ (သို့မဟုတ်) စည်းကမ်းများကို ပြည်နယ်အစိုးရ အဖွဲ့မှ ထုတ်ပြန် နိုင်ပါတယ်။



D/real(wide) (3



**ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေဟာ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှ သတ်မှတ်ပြဋ္ဌာန်းပေးနိုင် ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေကို ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၌ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၅/၂၀၁၅ ဖြင့် ပြဋ္ဌာန်း ခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ပြဋ္ဌာန်းရာမှာ ၂၀၀၄ ခုနှစ် သတ်မှတ်ခဲ့သော ယစ်မျိုးခွန်နှုန်းထားများအတိုင်း ကောက်ခံရန် ပြဋ္ဌာန်းပေးခဲ့သဖြင့် ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် ယစ်မျိုးခွန် ကျပ် ၅၁၈ သန်းသာရ ရှိခဲ့ပါတယ်။ ဖော်ပြပါယစ်မျိုးခွန်နှုန်းထားများဟာ သတ်မှတ်ခဲ့သည့် အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်၍ လက်ရှိအချိန်ကာလနှင့်ကိုက်ညီမှု မရှိတော့ကြောင်းစိစစ်တွေ့ရှိရပါတယ်။ ပတ်ဝန်းကျင်တိုင်းဒေသကြီး/ ပြည်နယ်များမှာ ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ ပြဋ္ဌာန်းပြီးတော့မှ ခေတ်နှင့်လျော်ညီတဲ့နှုန်းထားများ ပြင်ဆင်သတ်မှတ်နိုင်ခြင်း ကြောင့် ရငွေများတိုးတက်ရရှိလျက်ဖြစ်သော်လည်း ရှမ်းပြည်နယ် အနေဖြင့် မူလနှုန်းထားအတိုင်းသာကောက်ခံနေသည့်အတွက် ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ရငွေများတိုးတက်ရရှိစေရေးအတွက် ယစ်မျိုးခွန် ကောက်ခံရေးဥပဒေကို နှုန်းထားအသစ်ဖြင့် ထပ်မံ ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါတယ်။

ယခုပြင်ဆင်သတ်မှတ်မည့် ရှမ်းပြည်နယ်ယစ်မျိုးခွန် ကောက်ခံရေးဥပဒေမှာ အခန်း(၄)ခန်း၊ ပုဒ်မ (၁၃)ခု၊ နောက်ဆက်တွဲ ဇယား(၂)ခုဖြင့် ရေးဆွဲဖော်ပြထားပြီး ဖြစ်ပါတယ်။ (က) နိဒါန်း၊

( ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးက ထုတ်ပြန်ရမှာဖြစ်ပါတယ်။

ပုဒ်မ ၁၃ အပိုဒ်(၁၃) ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၅/၂၀၁၅ဖြင့် ပြဋ္ဌာန်းထားသော ရှမ်းပြည်နယ် ယစ်မျိုးခွန် ဥပဒေအား ဤဥပဒေ အဖြစ် ရုပ်သိမ်းလိုက်ခြင်း ဖြစ်ပါတယ်။

တင်ပြပါဇယားများကတော့ ယစ်မျိုးခွန်ကောက်ခံရန် နယ်မြေများ သတ်မှတ်ခြင်း၊ ပြင်ဆင် သတ်မှတ်ထားတဲ့ ယစ်မျိုးခွန်လိုင်စင်နှုန်းထား၊ လိုင်စင် အကြောင်းအရာနဲ့ လက်ရှိ နှုန်းထားနှင့် ပြင်ဆင်နှုန်းထားများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် လွှတ်တော် မှာ တင်ပြခြင်း မပြုတော့ပါကြောင်း ပြောကြားလို ပါတယ်။

လက်ရှိ ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေ တွင် ဥပဒေ နောက်ဆက်တွဲဇယားအရ ယစ်မျိုးလိုင်စင် အမျိုးအစား (၄၆)ခုကို နှုန်းထားများ ပြင်ဆင်သတ်မှတ် ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးမှာ ယစ်မျိုးလိုင်စင်ပေါင်း ၂၀၁၂ ခု ရှိပြီး ယခင်ယစ်မျိုးလိုင်စင် နှုန်းထားဟောင်းများဖြင့် ကောက်ခံမည်ဆိုပါကအခွန်တော် ငွေကျပ် ၅၁၈ သန်းသာရရှိမှာ ဖြစ်ပြီး ယခုတင်သွင်းသည့် ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေကို လွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းပြီးပြီဆိုပါက အခွန်တော် ငွေကျပ် ၉၆၂ သန်း ရရှိနိုင်မည်ဖြစ်၍ အခွန်တော်ငွေကျပ် ၄၄၄ သန်း ပိုမိုရရှိနိုင်မှာ ဖြစ်ပါတယ်။ ယခုပြင်ဆင်ရေးဆွဲသော ရှမ်းပြည်နယ်ယစ်မျိုးခွန် ကောက်ခံရေးဥပဒေနှင့်ပတ်သက်၍ ဥပဒေချုပ်ရုံး၏ ဥပဒေ အကြံပြုချက်ရရှိပြီးဖြစ်သည့်အပြင်



D/real(wide) (3



## ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ၏ “ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆို တင်ပြချက်အရ ဒေသခံပြည်သူလူထု အကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန်” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၁၀)ဖြစ်ပါတယ်။ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်းက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုး ကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထုအကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန်”** အဆိုဖြစ်ပါတယ်။ ယခု ဦးမင်းမင်းသိန်းက အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာ ပထမ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ရပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်

ခရိုင်၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းဖြစ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ **“ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထုအကျိုးရှိ လာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးပါရန်”** အဆိုကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားရ ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်၏ အဆိုနှင့်စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်း တင်ပြသွားပါမယ်။ ကျွန်တော်တို့၏ ငါးအိုးကျေးရွာအုပ်စုဟာဆိုလျှင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်မှာ တည်ရှိသော ကျေးရွာ အုပ်စုတစ်ခုဖြစ်ပါတယ်။ ၎င်းကျေးရွာအုပ်စုမှာ ကျေးရွာခွဲ ၄ ရွာ ဖွဲ့စည်းထားသော ကျေးရွာအုပ်စုတစ်ခုလည်းဖြစ်ပါတယ်။ ကျေးရွာ အုပ်စု စတင်ဖွဲ့စည်းသည့် ကာလက လူဦးရေများပြားမှုမရှိသေးဘဲ တစ်ရွာနှင့်တစ်ရွာ တစ်ဆက်တည်းရှိမနေခဲ့ပါ။ ယခုအခါ များပြား လာသော လူဦးရေကြောင့် ကျေးရွာ တစ်ရွာနှင့်တစ်ရွာမှာလည်း တစ်ဆက်တည်း ရှိနေသည့် အခြေအနေသို့ ရောက်ရှိလာပါတယ်။ ၎င်းဒေသ၏ ဒေသခံပြည်သူလူထုများမှာဆိုရင်လည်း စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြတာဖြစ်ပါတယ်။ ၎င်းတို့၏ စိုက်ပျိုး ရရှိသည့် ကောက်ပဲသီးနှံများကိုလည်း မြန်မာနိုင်ငံအရပ်ရပ်သို့ မန္တလေးမြို့မှ တစ်ဆင့် တင်ပို့ရာတွင်လည်း ငါးအိုးကျေးရွာအုပ်စုအား ကုန်စည်စုဆောင်းသိုလှောင်ရာ ဒေသတစ်ခုဖြစ်ပေါ်လာပါတယ်။





ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁-၁၂/၂၀၁၆) ဆုံးဖြတ်ချက် အပိုဒ် ၅(၁-ဆ) အရ ကန့်ကွက်ရန် မရှိကြောင်း သဘောထား မှတ်ချက်များလည်းရရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်၍ ရှမ်းပြည်နယ်၏ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီ ရရှိစေရန် အတွက် ယခုတင်သွင်းသည့် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆(က)အရ ဤဥပဒေကြမ်းကို စိစစ်နိုင်ရန်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်ပြီး အနီးကပ်ဆုံးရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြား တင်သွင်း ရမှာဖြစ်ပါတယ်။ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ဆောင်ရွက်နိုင်ဖို့အတွက်နဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ရှိပါက ဆွေးနွေးမည့် အချက်များကို ပြည်နယ်လွှတ်တော်ရုံးသို့ ၆-၂-၂၀၁၇ ရက်နေ့ အရောက် ပေးပို့ဖို့ အသိပေး ပြောကြားလိုပါတယ်။

လမ်းပန်းဆက်သွယ်ရေးအနေနဲ့လည်း မန္တလေး - တကောင်း - ရွှေကူ - ဗန်းမော်မဟာဗျူဟာလမ်းမကြီးပေါ်မှာ တည်ရှိနေတဲ့ အတွက် အချက်အချာကျတဲ့ လမ်းပန်းကောင်းမွန်တဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ အလားတူဘဲ ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံ ဖြစ်သော အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့လည်း ဗန်းမော်- လွယ်ကျယ်လမ်းမှတစ်ဆင့် သွားလာရေး လွယ်ကူတဲ့အတွက် ကုန်စည် စီးဆင်းမှုမှာလည်း အချက်အချာ ကျပါတယ်။ ၎င်းဒေသသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီးတို့နဲ့ သုံးပွင့်ဆိုင်၊ တြိဂံနယ်မြေလည်း ဖြစ်နေတဲ့အတွက် မဘိမ်း၊ ငါးအိုး ဒေသအတွင်းတွင်သာမက စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ် ဒေသတို့မှ ထွက်ကုန်များ ကိုလည်း စုဆောင်း သိုလှောင်ရာ ဒေသ တစ်ခုဖြစ်နေတာကို ရှင်းလင်းတင်ပြရမှာ ဖြစ်ပါတယ်။

ပညာရေးအနေဖြင့်လည်း ငါးအိုးကျေးရွာအုပ်စုအတွင်း တွင် အထက်တန်းကျောင်း ၁ ကျောင်း၊ အလယ်တန်းကျောင်း ၇ ကျောင်း၊ မူလတန်းကျောင်း ၂ ကျောင်းနှင့် ကျောင်းသား/ ကျောင်းသူ ၃၃၄၅ ဦးပညာသင်ကြားလျက်ရှိပါတယ်။ ကျန်းမာရေး အနေဖြင့်လည်း ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ၁ ရုံတွင် ဆရာဝန် ၁ ဦး၊ ကျန်းမာရေးဆရာမ ၆ ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက် ဆေးကုသပေးလျက်ရှိပါတယ်။ ဘာသာရေးအနေဖြင့်လည်း ဒေသခံအားလုံးသည် ဗုဒ္ဓဘာသာများဖြစ်ကြသည့်အတွက် ဘုန်းတော်ကြီးကျောင်း ၅ ကျောင်းတွင် သာသနာပြုလုပ်ငန်း များကို အေးချမ်းသာယာစွာဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။ တည်ငြိမ်အေးချမ်းရေးအနေဖြင့်လည်း ခလရ ၁၂၁ တပ်ရင်း ၁ ရင်းမြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲကင်း ၁ ခုတို့ဖြင့် နယ်မြေအေးချမ်းရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးများ



D/real(wide) (3



၂၀၀၀တို့ဖြင့် မြေကွက်များ ရှိပါတယ်။ ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ စီးပွားရေးလုပ်ပိုင်ခွင့် အခွင့်အလမ်းများ၊ အလုပ်အကိုင်ရရှိမှု အတွက်လည်း စိုက်ပျိုးရေး၊ စပါးဧက ၈၂၈ ဧက၊ ယာမြေဧက ၇၈၃ ဧက၊ ကိုင်းကျွန်း ၁၁၃ ဧက၊ ဥယျာဉ် ခြံမြေ ၆၅၅ ဧက၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်လျှာထားမှု အခြေအနေ၊ ကားဂိတ် ၈ ဂိတ်၊ ကားကြီးကွင်းရှိပါတယ်။ တိရစ္ဆာန် များ ထိန်းကျောင်းမှုအခြေအနေ၊ မိသားစုတစ်နိုင်တစ်ပိုင် ကြက်၊ ဝက်၊ ဘဲ မွေးမြူရေးလုပ်ငန်း၊ မိသားစုထိန်းကျောင်းမှု ကျွဲနွား ၁၅၀၀၊ ကျွဲ ၅၀၀၊ အမှိုက်သရိုက်စွန့်ပစ်ရန်မြေဧက ၄. ၃၀ ဧက၊ သင်္ချိုင်းမြေ ဧကအတွက် သင်္ချိုင်း ၅ ခု မြေနေရာကို ဧက ၂၀ ထားရှိပါတယ်။

ကျွန်တော့်အဆိုနှင့်စပ်လျဉ်း၍ အနည်းငယ် ရှင်းလင်း တင်ပြသွားပြီးဖြစ်ပါတယ်။ ၎င်းကျေးရွာလူထု၏ ဆက်သွယ်ရေး သွားလာရေးအခြေအနေကို အနည်းငယ် တင်ပြမှာ ဖြစ်ပါတယ်။ နေ့စဉ် မန္တလေးသို့ ကုန်တင်ယာဉ် ၃ လိုင်း၊ ခရီးသည်တင် ယာဉ်ကြီး ၂ လိုင်း၊ ခရီးသည်တင်ယာဉ်ငယ် ၃ လိုင်း၊ နေ့စဉ်ပုံမှန် ၁ စီးကျ ပြေးဆွဲလျက်ရှိပါတယ်။ ရေကြောင်းခရီးဖြင့် သွားလာမှု တွင်လည်း မဘိမ်း - ငါးအိုး ခရီးသည်တင် ၁ လိုင်း၊ ငါးအိုး- ကသာ ၁ လိုင်း၊ အင်းကြီး - ငါးအိုး - ကသာ ၁ လိုင်းတို့ဖြင့် နေ့စဉ် ၁ စီးကျ ပြေးဆွဲလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးတို့၏ အဖက်ဖက်မှ ပြည့်စုံ ကောင်းမွန်လျက်ရှိသော ဒေသတွင် ကျေးရွာအုပ်စုအဖြစ်မှ မြို့ပြအဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးမည်ဆိုပါလျှင် ဒေသခံတို့ အတွက် များစွာ အကျိုးရှိလာမှာဖြစ်သည့်အတွက်ကြောင့် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ငါးအိုးကျေးရွာ အုပ်စုအား မြို့ပြအဆင့်သို့

အဆင့်မြှင့်သတ်မှတ်ပေးပါရန် အဆိုကို လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဒေါ်မေရီရှို့၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ကျွန်မကတော့ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်မေရီရှို့ဖြစ်ပါတယ်။ ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထုအကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးပါရန်"** အဆိုကို လေးလေးနက်နက်ထောက်ခံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (4



ကောင်းမွန်နေသည့် မန္တလေးမြို့သို့ အလွယ်တကူသွားလာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့သို့လည်း ၁၂ မိုင်သာဝေးတဲ့အတွက် အလွယ်တကူသွားရောက်နိုင်တဲ့ ဒေသ တစ်ခု ဖြစ်ပါတယ်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအချက်အချာကြသော ဒေသ တစ်ခုဖြစ်သည့်အားလျော်စွာ ယနေ့ကာလမှာ တိုးတက်ပြောင်းလဲ များပြားလာသည့် လူဦးရေ များပြားလာသည့်အတွက်ကြောင့် မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ် ပေးမည်ဆိုလျှင် ဒေသခံများအတွက် အကျိုးရှိလာမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြနိုင်းယှဉ်ဇယား နှင့် တင်ပြသွားမှာဖြစ်ပါတယ်။ လူဦးရေ ၈၇၀၂ ဦး၊ အိမ်ခြေ ၁၁၄၁ အိမ်၊ ဈေးဧက ၂. ၂၀ ဧက ၊ ဘောလုံးကွင်း ၃. ၇၄၇ ဧက၊ ဘာသာရေး ဆိုင်ရာအဆောက်အဦများ ဘုန်းတော်ကြီးကျောင်း ၅ ကျောင်း၊ ဆေးရုံ ၁၆ ခုတင်ဆံ့ဆေးရုံ ၁ ရုံ၊ အုပ်ချုပ်ရေးမှူးနှင့်စာကြည့်တိုက် အုပ်ချုပ်ရေးရုံး ၁ရုံး၊ စာကြည့်တိုက် ၅ လုံး၊ မူလတန်းကျောင်း ၇ ကျောင်း၊ အလယ်တန်းကျောင်း ၂ ကျောင်း၊ အထက်တန်းကျောင်း ၁ ကျောင်း၊ လျှပ်စစ်ရရှိမှု ထရန်စဖော်မာ ၃ လုံးဖြင့် လျှပ်စစ်သုံးစွဲမှု ၇၅ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးရုံး၊ စာတိုက်၊ ဆက်သွယ်ရေးတာဝါတိုင် ၂ တိုင်၊ စာတိုက် ၁ လုံး၊ လမ်းဦးစီးဌာန၊ စည်ပင်လမ်းနှင့်ကတ္တရာလမ်း ကျောက်ချောလမ်းကို မန္တလေး - ဗန်းမော်လမ်းမကြီးသည် မြို့တွင်းသို့ဖြတ်သန်းသွားသဖြင့် ကတ္တရာလမ်း ၁ မိုင်၊ ငါးအိုး - မဘိမ်းလမ်း ကတ္တရာလမ်း ၁ မိုင် (ပဆင)၊ သောက်သုံးရေဖြန့်ဝေမှုတွင်လည်း ရေတွင်း ၁၂၀၀၊ ရွှေလီမြစ်အတွင်းမှာ ၂၄၁ တွင်း၊ တိုးတက်လာမည့် လူဦးရေ အတွက် တိုးချဲ့မြေအတွက် အစီအမံကို မြို့၏ အနောက်ဘက်တွင် ဧက ၁၂၀၀၊ မြို့၏ မြောက်ဘက်တွင် ဧက

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမင်းမင်းသိန်းတင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁ ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထုအကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန်"**အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူမှုမှာဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက်



D/real(wide) (4



**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၆ ရက်နေ့ (သောကြာနေ့) နံနက်(၁၀း၀၀)နာရီ အချိန်တွင် ဆက်လက်ကျင်းပ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ် ခင်ဗျား။

ဦးမင်းမင်းသိန်း၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူညီကြောင်းကြေညာပါတယ်။

မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်း တင်သွင်းတဲ့ အဆိုကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၆ ရက်နေ့ (သောကြာနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့ အခါ ဒီကနေ့ ညနေပိုင်းမှာ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန် အစည်းအဝေး(ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့) ကို မနက်ဖြန် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၆ ရက်နေ့ (သောကြာနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။





# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# (ဒုတိယနေ့)မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**

**၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်**

**[ သောကြာနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးထက်မာန်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ



D/real(wide) (4

ခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် လေ့လာသူ ဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၅)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃. ၇၀)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် သုံးပုံ





**ဦးလင်းအောင်ဆွေ၊ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၆-၁-၂၀၁၇ ရက်နေ့ ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊ အတွင်းရေးမှူးကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်။

(၂) ဦးအာကာလင်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့် (၄) ရက်။

(၃) ဦးခွန်မောင်ဖြူ ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်။

(၄) ဦးစံလွင်၊ ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်။



D/real(wide) (4

(၅)　ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်။

ယခင်က ခွင့်ပန်ကြားထားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၇) ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၅) ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅) ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။**　ခွင့်ပန်ကြားချက်များ အားလုံးကိုခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၅)ဦး ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇) ဦးရှိပြီး ယနေ့ ခွင့်ပြုထားသူ (၅)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ ၂၂ ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ် လွှတ်တော်၏ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။



D/real(wide) (4



တစ်ပုံ ထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ (က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၃၄)(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၃၅)(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။**　ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။**　ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)(က)အရ ယနေ့အစည်းအဝေးသို့ မတက်ရောက် နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

## ( သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု လွှတ်တော် ကိုယ်စားလှယ် (၇) ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။ ပထမဦးစွာ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက မေးခွန်း (၁ နှင့် ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။





ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးများတွင် မီးလောင်မှုများမဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်မှုများအနေဖြင့် အသင့်သုံးနိုင်သော မီးသတ်ကားများ မည်သို့စီစဉ်ထားကြောင်း၊ စက်သုံးဆီရောင်းချသောဆိုင်များ၊ သဘာဝသစ်တောများ တောမီးများ မလောင်နိုင်ရန်၊ လျှပ်စစ်ဓာတ်အားမှ ဝါယာရှော့ဖြစ်၍ မီးလောင်မှု မဖြစ်စေရန်၊ မီးကြွင်းမီးကျန်များမှ မီးမလောင်နိုင်စေရန်အတွက် ကြိုတင်ပြင်ဆင်မှုများ၊ မည်သို့အသိပညာပေးဟောပြောပွဲများကို အများပြည်သူသိရှိ လိုက်နာနိုင်ရန်အတွက် မည်သို့စီစဉ်ဆောင်ရွက်ထားကြောင်းကို ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာ ရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း မေးမြန်းလာသော ကြယ်ပွင့်ပြမေးခွန်း (၂)ခုနှင့်ပတ်သက်ပြီး ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးမှုကိုလည်း အထောက်အကူဖြစ်စေရန်အတွက် သက်ငယ် - သက်ကြီး



D/real(wide) (4

မုဒိမ်းမှုများ မဖြစ်စေရန် အသိပညာပေးဟောပြောပွဲများ၊ ပြစ်မှုကျူးလွန်သော တရားခံများကို ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ရရှိရေး ကြိုတင်စီမံချက်များနှင့်ပတ်သက်၍-

မုဒိမ်းမှုများနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးပုဒ်မ ၃၇၆ တွင် ပြစ်မှုကျူးလွန်သူအား တစ်သက် တစ်ကျွန်းထောင်ဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်း ထားသည့်အတွက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် နေရာအနှံ့တွင် ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်ရန် အမှုနှင့် ပတ်သက်သည့် တရားလို၊ ပြစ်မှုကျူးလွန်ခံရ သူ၊ သက်သေများအား အဆင့်ဆင့်အသေးစိတ်စစ်ဆေးမေးမြန်း ခြင်း၊ လူသက်သေ (သက်ရှိသက်သေ)နှင့် ပစ္စည်းသက်သေ (သက်မဲ့ သက်သေ) များ စုဆောင်းပြီး ကျွမ်းကျင်သူများ၏ ထင်မြင်ယူဆ ချက်များရယူ၍ တရားရုံးသို့ တင်ပြခြင်းစသည့် ရဲလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သက်သေများမှာ လူသားများဖြစ်သည့် အားလျော်စွာ တရားခံမှသော်လည်းကောင်း၊ သြဇာတိက္ကမကြီးမား သော တရားခံဆွေမျိုးသားချင်းများမှသော်လည်းကောင်း၊ မက်လုံး ပေးဆွဲဆောင်မှု၊ ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာနိုင်သော အမှုများကို တရားစွဲဆိုတင်ပို့ချိန်တွင် ကွဲလွဲထွက်ဆိုမှုမရှိစေရေးအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ အရ တရားရုံးတွင် ကြိုတင် ထွက်ဆိုချက်ရယူခြင်း၊ ပြစ်မှုကျူးလွန်သော တရားခံမှ ဖြောင့်ချက် ပေးရာတွင်လည်း တရားရုံးများသို့ တင်ပြ၍ ဥပဒေလုပ်ထုံးလုပ်နည်း နှင့်အညီ ဆောင်ရွက်ခြင်း၊ ပစ္စည်းတန်းစီပြသခြင်း၊ လူတန်းစီပြသ ခြင်း၊ ရဲလုပ်ငန်းဆိုင်ရာလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိ ပါတယ်။



D/real(wide) (4



**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ရှမ်းပြည်နယ်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။

ကျွန်တော်တို့ မြန်မာနိုင်ငံအနှံ့အပြားတွင် သက်ငယ်မုဒိမ်း မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း နေ့စဉ်လို သတင်းမီဒီယာနှင့် ဆက်နွယ်နေသော ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် ဖတ်ရှုသိရှိနေရပါ၍ အောက်ပါ အတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်-

ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်း (၁)ကတော့ ရှမ်းပြည်နယ် အတွင်း၌လည်း တရားဥပဒေစိုးမိုးမှုကိုလည်း အထောက်အကူ ဖြစ်စေရန်အတွက် သက်ငယ် - သက်ကြီးမုဒိမ်းမှုများမဖြစ်စေရန် အသိပညာပေးဟောပြောပွဲများ၊ ပြစ်မှုကျူးလွန်သော တရားခံများ ကို ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ပေးရေးများ ကြိုတင် စီမံချက်များ မည်သို့ဆောင်ရွက်ထားကြောင်း အများပြည်သူသိရှိရန် ရှမ်းပြည်နယ်အစိုးရအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။

မေးခွန်း (၂)အနေနဲ့ ဆက်လက်တင်ပြရမည်ဆိုလျှင် ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝှမ်းတွင် နှစ်စဉ်လို နွေရာသီ (ခြောက်သွေ့ရာသီ) ရောက်လာသည်နှင့် မီးလောင်မှုဖြစ်ပွား၍ အသက်အိုးအိမ်များ များစွာဆုံးရှုံးဖြစ်ပေါ်ခဲ့၍ အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်-

၎င်းအပြင်တရားရုံးတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်မှုနှင့် ပြစ်ဒဏ်မျှတစွာ ချမှတ်ခြင်းမရှိသော အမှုများတွင် ပြစ်မှုပြစ်ဒဏ်မျှတမှုရှိစေရေးအတွက် အထက်တရားရုံး အဆင့်ဆင့်သို့ အယူခံ/ပြင်ဆင် တက်ရောက်၍ ပြစ်မှုကျူးလွန်သူတရားခံများအား ပြစ်ဒဏ်တိုးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်ကွပ်ကဲမှုအောက်နယ်မြေများအတွင်း ခုနှစ်များအလိုက် မုဒိမ်းမှုနှင့်ပတ်သက်၍ လျော့နည်းပပျောက်စေရေးအတွက် ပညာပေးဆောင်ရွက်မှုများမှာ-

၂၀၁၃ ခုနှစ်အတွင်း ၁၄၆၃၁ ကြိမ်၊ တက်ရောက်သူဦးရေ ၃၁၆၇၇ ဦး၊ လက်ကမ်းစာစောင်ဖြန့်ဝေမှု ၉၂၀ ကြိမ်၊ စာစောင်ပေါင်း ၄၂၃၂၀ စောင်၊ ဆိုင်းဘုတ်/ပိုစတာစိုက်ထူ ပညာပေးမှု ၁၄၉ ခု၊ မော်တော်ယာဉ်ဖြင့် ပညာပေးဟောပြောမှု ၄၀၇ ကြိမ်၊ ၂၀၁၄ ခုနှစ်အတွင်း ၁၅၉၂ ကြိမ်၊ တက်ရောက်သူဦးရေ ၆၁၉၉၃ ဦး၊ လက်ကမ်းစာစောင်ဖြန့်ဝေမှုပေါင်း ၉၁၄ ကြိမ်၊ စာစောင်ပေါင်း ၄၅၀၁၀ စောင်၊ ဆိုင်းဘုတ်/ပိုစတာစိုက်ထူ ပညာပေးမှု ၁၅၉ ခု၊ မော်တော်ယာဉ်ဖြင့် ပညာပေးဟောပြောမှု ၇၀၆ ကြိမ်၊ ၂၀၁၅ ခုနှစ်အတွင်း ၁၅၇၁ ကြိမ်၊ တက်ရောက်သူဦးရေ ၄၇၀၁၅ ဦး၊ လက်ကမ်းစာစောင်ဖြန့်ဝေမှုပေါင်း ၆၈၀ ကြိမ်၊ စာစောင်ပေါင်း ၄၅၇၉၁ စောင်၊ ဆိုင်းဘုတ်/ပိုစတာစိုက်ထူ ပညာပေးမှု ၁၆၁ ခု၊ မော်တော်ယာဉ်ဖြင့် ပညာပေးဟောပြောမှု ၇၀၃ ကြိမ်၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့အထိ ၁၆၆၈ ကြိမ်၊ တက်ရောက်သူဦးရေ ၄၉၂၀၁ ဦး၊ လက်ကမ်းစာစောင်ဖြန့်ဝေမှုပေါင်း ၇၁၀ ကြိမ်၊ စာစောင်ပေါင်း ၄၃၂၀၀ စောင်၊ ဆိုင်းဘုတ်/ပိုစတာစိုက်ထူ ပညာပေးမှု ၁၅၁ ခု၊ မော်တော်ယာဉ်ဖြင့် ပညာပေးဟောပြောမှု ၁၅၅ ကြိမ်ဖြစ်ပါတယ်။





ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစသည့် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန် (၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခရိုင်မီးသတ်ဦးစီးမှူးရုံး (၁၃) ရုံး၊ ခရိုင်မီးသတ်စခန်း (၁၃) စခန်း၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး (၅၅)ရုံး၊ မြို့နယ်မီးသတ်စခန်း (၅၅) စခန်း၊ နယ်မြေမီးသတ်စခန်း (၇၀)စခန်း၊ ဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ မီးသတ်စခန်းပေါင်း (၁၃၈)စခန်း ဖွင့်လှစ်လျက်ရှိရာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ အထိ မြို့နယ် (၄၉)မြို့နယ်တွင် မီးသတ်ယာဉ်ပေါင်း (၄၂၀)စီး ဖြန့်ခွဲထားရှိပြီးဖြစ်ပါတယ်။

၎င်းအပြင် ရှမ်းပြည်နယ်အတွင်း မီးဘေးလုံခြုံရေး၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်နယ်မီးဘေးလုံခြုံရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးဘေးလုံခြုံရေးအဖွဲ့၊ ခရိုင်/မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ရှမ်းပြည်နယ်တွင် မီးလောင်မှုများကို ကြည့်ရှုပါက မီးဖိုမီး (၂၂)ကြိမ်၊ ပေါ့ဆမီး (၅၈)ကြိမ်၊ အလိုအလျောက်မီး (၆)ကြိမ်၊ လျှပ်စစ်မီး (၅၆)ကြိမ်၊ ရှို့မီး (၂၅)ကြိမ်၊ တောမီး (၇၁)ကြိမ်၊ မိုးကြိုးပစ် (၂)ကြိမ် ပေါင်း (၂၄၀)ကြိမ် ဖြစ်ပွားခဲ့ရာ အိမ်ခြေ (၄၂၄)အိမ်၊ စက်ရုံ/အလုပ်ရုံ (၂)ရုံ၊ ဈေး (၁)ဈေး၊ မီးလောင်ခံရ၍ လူ (၁၁)ဦး သေဆုံးပြီး (၈)ဦး ဒဏ်ရာရခဲ့ပါတယ်။ လူဦးရေ (၁၉၂၇) ဦး အိုးမဲ့အိမ်မဲ့ဖြစ်ပြီး ခန့်မှန်းဆုံးရှုံးမှု တန်ဖိုးမှာ ကျပ် (၁၃၄၈. ၇၀) သန်း

ဆုံးရှုံးခဲ့ ကြောင်း တွေ့ရှိရပါတယ်။ မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုး လျော့နည်းကျဆင်းရေးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ အသိ ပညာပေးဟောပြောမှုများကို ရပ်ရွာများတွင်လည်းကောင်း၊ စာသင်ကျောင်းနှင့် ဈေးများတွင်လည်းကောင်း၊ မီးဘေးလုံခြုံရေး ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ ပညာပေးဟောပြောခြင်း၊ ခေတ်မီမီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြခြင်း၊ ရပ်ကွက်နှင့် ကျေးရွာများ အတွင်း မီးသတိပေးကြော်ငြာချက်များ ထုတ်ပြန်ခြင်း၊ မီးသတိပေး လှုံ့ဆော်ခြင်းနှင့် တစ်အိမ်တက်တစ်အိမ်ဆင်း မီးစစ်ဆေးခြင်း၊ စက်ရုံ/အလုပ်ရုံ၊ ရုံးဌာန၊ ဟိုတယ်/မိုတယ်၊ ကားဂိတ်၊ စက်သုံးဆီ အရောင်းဆိုင် မီးဘေးလုံခြုံရေး စစ်ဆေးပညာပေးခြင်းနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲရာမှ ဖြစ်ပေါ်လာသည့် မီးလောင်မှုများ လျော့နည်းရေးအတွက် လျှပ်စစ်ဝန်ထမ်းများနှင့် ပူးပေါင်း၍ လျှပ်စစ်ကြိုးသွယ်တန်းမှု၊ လျှပ်စစ်ပစ္စည်းကိရိယာများသုံးစွဲမှု၊ ဟောင်းနွမ်းဆွေးမြေ့နေသော လျှပ်စစ်ဝါယာကြိုးပစ္စည်းများ အသုံးမပြုရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

ပုဂ္ဂလိက ကဏ္ဍမှ ရေနံထွက်ပစ္စည်း သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျထိန်းသိမ်းကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီအဆင့်ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီအရောင်းဆိုင်၊ သိုလှောင်ကန်များ၊ မီးဘေးလုံခြုံမှုရှိစေရန် ဘေးကင်းလုံခြုံမှုအကွာအဝေး Safety distance စိစစ်ခြင်းများကို သိုလှောင်မှု၊ ဖြန့်ဖြူးမှုစနစ်များနှင့် သတ်မှတ်ပြဋ္ဌာန်းချက်များ လိုက်နာဆောင်ရွက်ရေးအတွက် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ



D/real(wide) (4



ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နယ်မြေများအတွင်း နေရာအနှံ့ ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား တရားရုံးအဆင့်ဆင့်မှ အမြင့်ဆုံးပြစ်ဒဏ်များ ချမှတ်နိုင်ရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအား အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်အတွက် ပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာကိစ္စရပ်များအား နိုင်ငံတော်အစိုးရကိုယ်စား တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထုအား အမျိုးသားရေးတာဝန်အဖြစ် ပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ မူခင်းပညာပေး ဟောပြောခြင်းများ ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ဆိုင်းဘုတ်/ပိုစတာစိုက်ထူ၍ပညာပေးခြင်း၊ မှုခင်းအများဆုံးဖြစ်ပွားသော နေရာများအား HotSpot ဧရိယာအဖြစ် သတ်မှတ် ၍ ပြည်သူများနှင့် ပူးပေါင်းပြီး မှုခင်းကျဆင်းရေးလုပ်ငန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးများတွင် မီးလောင်မှုများ မဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်မှုများအနေဖြင့် အသင့်သုံးနိုင်သော မီးသတ်ကား များ မည်သို့စီစဉ်ထားကြောင်း၊ စက်သုံးဆီရောင်းချသောဆိုင်များ၊ သဘာဝသစ်တောများ မီးမလောင်စေရန်၊ လျှပ်စစ်ဓာတ်အားမှ ဝါယာရှော့ဖြစ်၍ မီးလောင်မှုမဖြစ်စေရန်၊ မီးကြွင်းမီးကျန်များမှ မီးမလောင်နိုင်စေရန်အတွက် ကြိုတင်ပြင်ဆင်မှုများ၊ မည်သို့အသိ ပညာပေးဟောပြောပွဲများကို အများပြည်သူများ သိရှိ၍လိုက်နာ ဆောင်ရွက်ရန် မည်သို့စီစဉ်ဆောင်ရွက်ထားကြောင်းဆိုသည့်

လုံလောက်စွာထားရှိရေးတို့ကို မီးသတ်ဦးစီးဌာနမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း နှစ်စဉ်တောမီးလောင်မှု (တောင်ယာရှို့မီး)များသည် မတ်လနှင့် ဧပြီလတွင် အများဆုံးဖြစ်ပွားလျက်ရှိသဖြင့် တောမီးလျော့နည်းရေး၊ တောင်ယာမီးရှို့မှုလျော့နည်းရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ ဒေသခံရွှေ့ပြောင်း တောင်ယာစိုက်ပျိုးသူများအား အသိပညာပေး စည်းရုံး ဆွေးနွေးခြင်း၊ မီးကင်းများစောင့်ကြပ်ခြင်း၊ တောင်ပေါ်တောတွင်းကျေးရွာများတွင် မီးတားလမ်း၊ မီးခြားလမ်းများ ဖောက်လုပ်ခြင်း၊ တောလိုက်ရာတွင် မီးရှို့ခြင်းမပြုစေရေးအတွက် ဆောင်ရွက်သွားနိုင်ပါက တောမီးလောင်မှုလျော့နည်းသွားမည်ဖြစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးမှ မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှု လျော့နည်းကျဆင်းရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင် သာယာရေးအဖွဲ့၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ နှင့်ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့်ထိရောက်စွာ ပြည်သူလူထုအား အသိပညာပေး စည်းရုံးဆောင်ရွက်ရေး၊ သက်ဆိုင်ရာတည်ဆဲဥပဒေများ လေးစားလိုက်နာဆောင်ရွက်ရေးနှင့် ပျက်ကွက်သူများ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှု ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (4



ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးရခြင်းဖြစ်ပါတယ်။

မေးခွန်း- ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ မဲနယ်တောင်ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ပေးပြီး (၉၀×၃၀×၁၂)ပေကျောင်းဆောင်အသစ်ဆောက်လုပ်ရန်အတွက် ငွေကြေးအကူအညီပေးရန် အစီအစဉ်ရှိ/မရှိကို ရှမ်းပြည်နယ်အစိုးရကို ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်းရဲ့ ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ပေးပြီး (၉၀×၃၀×၁၂) ပေ ကျောင်းဆောင်အသစ်ဆောက်လုပ်ရန်အတွက် ငွေကြေးအကူအညီပေးရန် အစီအစဉ်ရှိ/မရှိဟူသော မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကျွန်တော် ဒေါက်တာ မျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ မဲနယ်တောင်ကျေးရွာ အခြေခံပညာအထက်တန်း

ကျောင်း (ခွဲ)အဖြစ် ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် စတင်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သက်တမ်း (၂)နှစ်ကျော်ရှိပြီးဖြစ်ပါတယ်။ ကျောင်းမြေအကျယ်အဝန်းမှာ (၈. ၅) ဧက၊ ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ (၁၀၅) ရှိပြီးဖြစ်ပါတယ်။

အခြေခံပညာဦးစီးဌာန၏ မူအရ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်သတ်မှတ်ရာတွင် အထက်တန်းအဆင့်သင်ကျောင်းသား ၂၀၀ ဦးနှင့်အထက်ရှိ အထက(ခွဲ)ကျောင်းများအား ခွင့်ပြုပေးလျက်ရှိပါတယ်။ သို့သော် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများ၊ သဘာဝဘေးအန္တရာယ်အတားအဆီးများသည့် ဒေသများ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန်ချက်၊ မှာကြားချက်များ၊ မြို့နယ်အထောက်အကူပြုကော်မတီ တင်ပြတောင်းဆိုသောကျောင်းများ၊ မြို့နယ်ခွဲများတွင် လိုအပ်သည့် အခြေခံပညာကျောင်းများစသည့် ဒေသ၏လိုအပ်ချက်အရ လွှတ်တော်ကိုယ်စားလှယ်များ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ ပညာရေးဌာနတာဝန်ရှိသူများ၏ အထောက်အထားများ တင်ပြလာပါက ကျောင်းသားဦးရေသတ်မှတ်ချက်နှင့် မကိုက်ညီသော်လည်း ဖြေလျှော့ပြီး ကျောင်းအဆင့်တိုးမြှင့်ခွင့်ပြုရန်ပါရှိပါတယ်။

အထက (ခွဲ) မဲနယ်တောင်ကျောင်းတွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ကျောင်းသားစာရင်းအရ အထက်တန်းကျောင်းသား ၁၄၉ ဦး၊ တန်းခွဲ ၂ ခု၊ အလယ်တန်းကျောင်းသား ၃၀၅ ဦး၊ တန်းခွဲ ၄ ခု၊ မူလတန်းကျောင်းသား ၉၆ ဦး၊ တန်းခွဲ ၅ ခု၊ စုစုပေါင်းကျောင်းသား ၅၅၀ ဦးနှင့် တန်းခွဲ ၁၁ ခု ရှိပါတယ်။ မဲနယ်တောင်ကျေးရွာ အထက (ခွဲ)သို့ ပတ်ဝန်းကျင်ကျေးရွာမှ အထက်တန်းဆင့်တက်ရောက်နိုင်သော ကျောင်းသားဦးရေ ၉၅ ဦးရှိပါတယ်။ ပင်မကျောင်း အထက - တောင်ပေါ်ကြီးနှင့် ၅ မိုင်ဝေးကွာပါ



D/real(wide) (5



**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက တတိယမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ကျွန်တော်တတိယမေးခွန်းနှင့်ပတ်သက်ပြီး ဆက်လက်တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ခုနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ မဲနယ်တောင်ကျေးရွာသည် ပင်းတယမြို့နယ်တွင် ရွာပေါင်း (၁၃၇) ရွာရှိသည့်အနက် မဲနယ်တောင်ကျေးရွာသည် သီးခြားပအိုဝ်းလူမျိုးသပ်သပ်နေထိုင်သော ရွာတစ်ရွာဖြစ်ပါတယ်။ အဲဒီရွာမှာဆိုလျှင် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ (၅၅၄)ဦးရှိပါတယ်။ နောက် ၁၉၈၉ ခုနှစ်မှာ (၁၂၀×၃၀×၁၂) ပေ ကျောင်းဆောင်တစ်ဆောင်၊ ၂၀၁၃ ခုနှစ်မှာ (၉၀×၃၀×၁၂) ပေ ကျောင်းဆောင်နှစ်ဆောင်၊ ၂၀၁၅ ခုနှစ်မှာ (၉၀×၃၀×၁၂) ပေ ကျောင်းဆောင်တစ်ဆောင် အသီးသီး ဆောက်လုပ်ခဲ့ပါတယ်။ ကျောင်းသားများသည် တစ်နှစ်ထက်တစ်နှစ် များပြားလာပြီး ကျောင်းဆောင် လိုအပ်နေသည့်အတွက် (၉၀×၃၀×၁၂)ပေ ကျောင်းဆောင်ဆောက်လုပ်ရန်လည်း လိုအပ်လာပါတယ်။

မဲနယ်တောင်ကျေးရွာအုပ်စုမှာဆိုလျှင် အခြေခံပညာအထက်တန်းကျောင်းခွဲသာရှိသည့်အတွက် အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးဖို့လည်း လိုအပ်တာကို တွေ့ရပါတယ်။ ဒါကြောင့် တိုးမြှင့်ဖို့ ဆောက်လုပ်ခွင့်နှင့်ပတ်သက်ပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၈ ရက်တွင် ရှမ်းပြည်နယ် ပြည်နယ်မှူးထံသို့ အထောက်အထားစာရွက်စာတမ်းများနှင့် တင်ပြထားသော်လည်း မည်သို့မျှ အကြောင်းပြန်ကြားလာခြင်း မရှိသည့်အတွက်

တယ်။ ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၅၇၀၀ ကျော်မှာရှိသည့် တောင်ပေါ်ဒေသဖြစ်၍ ပင်မကျောင်းနှင့် သွားလာရေးခက်ခဲမှု ရှိပါတယ်။

ပင်းတယမြို့နယ်၊ မဲနယ်တောင်ကျေးရွာအုပ်စု၊ မဲနယ်တောင် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အား ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ် နိုင်ရေးအတွက် အမှုတွဲ ရရှိပြီးဖြစ်၍ အခြေခံပညာ ဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက် တင်ပြသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ စာသင်ဆောင်များ၏အခြေအနေမှာ-

(က) နှင်းဆီဆောင် (၁၂၀×၃၀×၁၁) ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် စာသင်ခန်း ၄ ခန်း။

(ခ) ချယ်ရီဆောင် (၇၁×၁၈×၁၁) ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် စာသင်ခန်း ၄ ခန်း။

(ဂ) သစ္စာဆောင် (၉၀×၃၀×၁၂) ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် စာသင်ခန်း ၃ ခန်း။

(ဃ) ဇီဇဝါဆောင် (၉၀×၃၀×၁၂) ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် စာသင်ခန်း ၃ ခန်း။

(င) KGဆောင် (၂၇×၁၈×၁၁) ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် စာသင်ခန်း ၁ ခန်း။

စုစုပေါင်း စာသင်ဆောင် ၅ ဆောင်မှာ စာသင်ခန်း ၁၅ ခန်းရှိ ပါတယ်။ စုစုပေါင်း ကျောင်းသားဦးရေ ၅၅၀ ဦး၊ တန်းခွဲများနှင့် စာသင်ဆောင် အသုံးပြုမှုအရ စာသင်ဆောင် တစ်ဆောင် လိုအပ်မည် ဖြစ်ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းလျာထားချက် အတည်ပြုပြီးဖြစ်ပါ၍ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေလုံး ငွေရင်းရန်ပုံငွေမှ (၉၀×၃၀×၁၂) ပေ



D/real(wide) (5



နေသော ဝန်ထမ်းများအချို့ အခက်အခဲများစွာကို ကြုံတွေ့နေရ ပါတယ်။ ဒါကြောင့် တိုင်းပြည်တာဝန်၊ နိုင်ငံတော်တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများအား နေရေး၊ ထိုင်ရေး အဆင်ပြေစေရန် လိုအပ်သော ဝန်ထမ်းအိမ်ရာ အဆောက်အဦ ဆောက်လုပ် ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် တည်ဆောက် ပေးနိုင်ခြင်းမရှိပါက အဘယ်ကြောင့် တည်ဆောက် မပေးနိုင် သေးပါကြောင်းသိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်း အပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို ကျွန်တော်အနေနဲ့ နမ့်ခမ်း မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန ၁ ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ ၅ ခုအား ဖွင့်လှစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ် တွင် ကျေးလက်ကျန်းမာရေးဌာန ၁ ခုနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲ ၅ ခုကို ဖွင့်လှစ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၁-၁၀-၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် ၃၆/၂၅၇/အဖရ (၂၁/၂၀၁၅)ဖြင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်တွင် အသစ်တိုးချဲ့ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ အဆိုပါ ကျေးလက်ကျန်းမာရေးဌာနများဖြစ်သည့် နမ့်ခမ်းမြို့နယ် စယ်နေ ကျန်းမာရေးဌာန၊ တွန့်ဟုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊ လော့နော် ကျန်းမာရေးဌာနခွဲ၊ မန်လုံကျေးလက်ကျန်းမာရေးဌာနခွဲ၊ ပန်ခါးကျေးလက် ကျန်းမာရေးဌာနခွဲ အသီးသီးတို့ဖြစ်တယ်။ ယခုအထိ ဖွင့်လှစ် တည်ဆောက်နိုင်ခဲ့ခြင်းမရှိသေးပါ။

အကယ်၍ ဖော်ပြပါ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အသီးသီးကို တည်ဆောက်

ဖွင့်လှစ်ပေးနိုင်ပါက အနီးအနားရှိ ပတ်ဝန်းကျင်ကျေးရွာလူထု ၈၀၀၀ ကျော် အား ဆေးဝါးကုသမှုခံယူနိုင်မှာဖြစ်ပြီး အကျိုးကျေးဇူးများစွာ ရရှိ နိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အသီးသီးကို မည်သည့်အချိန်ကာလတွင် တည်ဆောက်ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် အကယ်၍ တည်ဆောက်ပေးနိုင်ခြင်းမရှိပါက အဘယ်ကြောင့် မတည်ဆောက်နိုင်သေးပါကြောင်း သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်း (၂)ခုကို ကျွန်တော်အနေနဲ့ ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းများ၏ အိမ်ရာအဆောက်အဦ တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံအား ၁၉၀၂ ခုနှစ်တွင် စတင် ဖွင့်လှစ်ခဲ့ပြီး ဆေးရုံတွင် အဆောက်အဦ ၁၆ လုံးနှင့် ဝန်ထမ်းအိမ်ရာ ၂၂ ခန်းရှိပါတယ်။ လက်ရှိခုတင် ၁၀၀ ဆံ့ဆေးရုံဝန်ထမ်း ခွင့်ပြု ၂၀၁ ဦးဖြစ်ပြီး ခန့်ထား ၈၉ ဦးနှင့် လစ်လပ် ၁၁၂ ဦးရှိပါတယ်။ ခန့်ထားသည့် ဝန်ထမ်း ၈၉ ဦးအတွက် ဝန်ထမ်းအိမ်ရာ မလုံလောက်သည့်အတွက်ကြောင့် ၂၀၁၇ - ၂၀၁၈



D/real(wide) (5



သွပ်မိုးအုတ်ညှပ် စာသင်ဆောင်တစ်ဆောင်ရရှိရေးအတွက် ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ဝင်းက မေးခွန်း (၁ နှင့် ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဝင်း၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ သုခနှစ်ဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဖြစ်ပါတယ်။

ပထမမေးခွန်းကို ကျွန်တော်အနေနဲ့ နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ အဆောက်အဦ တိုးချဲ့ဆောက်လုပ် ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းဆေးရုံကြီးသည် ယခင်က ခုတင် ၅၀ ဆံ့ ဆေးရုံဖြစ်ခဲ့သော်လည်း ယခုအခါတွင် ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ် စံကိုက်ဖွဲ့စည်းပုံသို့ တိုးမြှင့် ဖွဲ့စည်းခွင့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ယခုတိုးချဲ့ ဝန်ထမ်းအင်အား ၈၂ ဦးကျော်အထိ ခန့်ထားသတ်မှတ်ခဲ့ပါတယ်။

ယခင်က ရှိခဲ့သော ဝန်ထမ်းအိမ်ရာအချို့မှာ ဟောင်းနွမ်းယိုယွင်းပျက်စီးလျက်ရှိပြီး အဆောက်အဦမှာ ဝန်ထမ်းအင်အားနှင့် မမျှဘဲ အတော်များများလိုအပ်လျက်ရှိပါတယ်။တာဝန်ထမ်းဆောင်

ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၂)ဖြစ်သည့် နမ့်ခမ်းမြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန ၁ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၅ ခုအား ဖွင့်လှစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်ကာလတွင် တည်ဆောက်မည်ဖြစ်ပါကြောင်းနှင့် အကယ်၍ မတည်ဆောက်နိုင်ပါက အဘယ်ကြောင့် မတည်ဆောက်နိုင်သေးပါကြောင်း သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ နမ့်ခမ်းမြို့နယ် စယ်ရီ (ခ) စယ်နေကျေးလက်ကျန်းမာရေးဌာနအားပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်၏ ၁၄-၁-၂၀၁၆ရက်စွဲပါ စာအမှတ်၊ ပကရ/စမက/ဖွဲ့ - ၆၉/၂၀၁၆/၂၅ ဖြင့်လည်းကောင်း၊ ကော့နောင် (ခ) လော့နော်၊ မူလုံ (ခ) မန်လုံ၊ နာမ့်ဆရီး (ခ) နာမ့်စတီး၊ ပန်ခါး၊ တွန့်ဟုန်းစသည့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၅ ခုအား ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်၏ ၃၀-၁၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ပကရ/စမက/ဖွဲ့ - ၆၆/၂၀၁၅/၄၂၉ ဖြင့် လည်းကောင်း အသီးသီး တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဆိုလိုတာကတော့ ၁၀ ကြိမ်ရရှိပြီးဖြစ်ပါတယ်။ အဆောက်အဦတည်ဆောက်ရေး ရန်ပုံငွေရရှိရေးအတွက် အသေးစိတ် တွက်ချက်မှု အမှုတွဲများကို သက်ဆိုင်ရာမြို့နယ်သို့တောင်းခံပြီး အနီးဆုံးဘဏ္ဍာရေးနှစ်တွင် ရရှိနိုင်ရေးအတွက် ဆက်လက်တင်ပြဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။





သို့ဖြစ်ပါ၍ ကျွန်တော်တို့ တုံတာ အထကကျောင်းနှင့် မိုင်းပျဉ်း၊ မိုင်းဟူးအောင်၊ မိုင်းမန်း အထက (ခွဲ)များ အဆင့်မြှင့်တိုးပေးထားသည့်ကျောင်းများဟာဆိုလျှင် လက်ရှိအနေအရ သိပ္ပံဘာသာများသာ သင်ကြားရာတွင် လက်တွေ့စမ်းသပ်ခန်းများ မရှိသေးသည်ကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ အဆင့်မြှင့်ပေးထားသည့် အထက၊ အထက (ခွဲ) ကျောင်း ၄ ကျောင်းတို့အား မရှိမဖြစ် လိုအပ်လျက်ရှိသည့် သိပ္ပံဆောင်များ ဆောက်လုပ်ခွင့်ပြုမည့် အစီအစဉ် ရှိ/မရှိ စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့အား မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ ၄ ကျောင်းအတွက် လိုအပ်လျက်ရှိသည့် သိပ္ပံဆောင်ဆောက်လုပ်ခွင့်ရရှိရေးအတွက် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းလျာထားချက်တွင် အန္တရာယ်ကျောင်းဆောင်၊ ကျောင်းသားဦးရေအရ လိုအပ်သည့်ကျောင်းဆောင်၊ ဥပဓိရုပ်မကောင်းသည့်ကျောင်းဆောင်များကို A Plan တွင် ဦးစားပေးအစီအစဉ်အရ

ဦးစားပေးတင်ပြထားပါတယ်။ Plan B တွင် ဝန်ထမ်းအိမ်ရာနှင့် သိပ္ပံဆောင်၊ Plan C တွင် KG ဆောင်များအား ဦးစားပေးအစီအစဉ်အရ အခြေခံပညာဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွက် Plan B တွင် မိုင်းပျဉ်းမြို့နယ်၏ အထက - တုံတာ၊ အထက (ခွဲ) မိုင်းပုအွန်၊ အထက (ခွဲ) မိုင်းပျဉ်းနှင့် အထက (ခွဲ) မိုင်းမန်းကျောင်း ၄ ကျောင်း သိပ္ပံဆောင်များအတွက် သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်များ ဆောက်လုပ်ရန် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားပြီးဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ခွင့်ပြုလာပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအေးမောင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ နှစ်ဖြာသောသုခဖြင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအုပ်စုမှ ဟိုပန်ကျေးရွာအုပ်စုနှင့် လော့နော်ကျေးရွာအုပ်စု၊ ကျေးရွာအုပ်စုချင်းဆက် ကျောက်ချောလမ်းအဖြစ်ခင်းပေးရေးကိစ္စပဲဖြစ်ပါတယ်။





**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝရှေ့ထား နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)က ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ အခုကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ် အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲများမှ လိုအပ်လျက်ရှိသည့် သိပ္ပံဆောင်ဆောက်လုပ်ခွင့်ရရှိရေးအတွက် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်အတွင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စာသင်ကျောင်းများဟာဆိုလျှင် နှစ်စဉ်နှင့်အမျှ ကျောင်းသူ၊ ကျောင်းသားများတိုးတက်များပြားလာခဲ့ပြီး အခြေခံအထက်တန်းအဆင့် တက်ရောက်သင်ကြားသည့် ကျောင်းသူ၊ ကျောင်းသားများလည်း များပြားတိုးတက်လာသည်ဖြစ်၍ မိုင်းပျဉ်းမြို့နယ် အခြေခံအထက်တန်းကျောင်းတစ်ကျောင်းသာရှိသောကြောင့် ထိုကျောင်းသူ၊ ကျောင်းသားများကို လက်ခံသင်ကြားပေးနိုင်မည့် အခြေအနေမရှိတော့သဖြင့် တုံတာမြို့ အလယ်တန်းကျောင်းအား အထကသို့လည်းကောင်း၊ မိုင်းပျဉ်းမြို့၊ မိုင်းဟူးအောင်အုပ်စု၊ မိုင်းမန်းအုပ်စု အလယ်တန်းကျောင်းတို့အား အထက (ခွဲ) အဆင့်မြှင့် သတ်မှတ်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ သို့ပါ၍ အထကနှင့် အထက (ခွဲ)များ အဆင့်တိုးမြှင့်ခဲ့ပါသော်လည်း ပညာသင်ကြားရာတွင် ဘက်စုံပညာတိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် ဘာသာရပ်အသီးသီး လက်တွေ့၊ စာတွေ့ သင်ကြားခွင့်ရရှိရန်လည်း လိုအပ်လိမ့်မည်ဟု ယုံကြည်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဝီးကျေးရွာအုပ်စုမှ ဟိုပန်ကျေးရွာအုပ်စုနှင့် လော့နော်ကျေးရွာအုပ်စုတို့သည် ၁၃ မိုင်ရှိသည့် မြေသားလမ်းဖြစ်ပါတယ်။ ၎င်းမြေသားလမ်းသည် နွေရာသီ၌သာ အသုံးပြုနိုင်သောလမ်းဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်နှင့် မိုးမိတ်မြို့နယ်တို့ ဆက်သွယ်ထားသော လမ်းမကြီးလည်းဖြစ်ပါတယ်။ ထို့အပြင် မိုင်းဝီးကျေးရွာ၊ ခမ်းနန်ကျေးရွာ၊ ဟိုပန်ကျေးရွာ၊ နမ့်ပလော့ကျေးရွာ၊ ပန်ဟန်လေးကျေးရွာ၊ ဘိန်းကိုင်ကျေးရွာနှင့် လော့နော်ကျေးရွာအုပ်စုများမှာ အဓိကအားကိုးအားထားရသော လမ်းမကြီးဖြစ်ပါတယ်။ ၎င်းကျေးရွာအုပ်စု ၃ အုပ်စုတွင် အိမ်ထောင်စုပေါင်း ၁၀၄၅ စု၊ လူဦးရေပေါင်း ၇၀၈၅ ဦး မှီတင်း နေထိုင်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုကျေးရွာအုပ်စုများတွင် နေထိုင်သည့် ပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသူများဖြစ်ပါတယ်။ လက်ဖက်စိုက်ပျိုးခြင်း၊ ပြောင်းဖူးစိုက်ပျိုးခြင်းနှင့် လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ပါတယ်။ မိမိထုတ်ကုန်များကို နမ့်ခမ်းမြို့သို့ သယ်ယူပို့ဆောင်ရာ၌ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် အချိန်မီမရောက်ရှိနိုင်ခြင်း၊ သယ်ယူစရိတ်ကြီးမား မှုဖြစ်ရသည့်အပြင် ကုန်ဈေးနှုန်းကြီးမားမှုဒဏ်ကိုလည်း ခံစားနေကြရတယ်။ ၎င်းအပြင် ထိုကျေးရွာအုပ်စုများတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများသည် ၎င်းလမ်းကိုမှီခိုသွားကြသည့် ပြည်သူ /ပြည်သားများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နမ့်ခမ်းမြို့သို့ သွားရာတွင်လည်းကောင်း၊ လမ်းပျက်စီးမှုကြောင့် နေ့စဉ်နှင့်အမျှ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။



D/real(wide) (5



ဆောင်ရွက်ပေးရန် မေးခွန်းနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစိစစ်ပြီး အနီးကပ်ဆုံး ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (ရှမ်းပြည်နယ်အစိုးရရန်ပုံငွေ)ဖြင့် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းထွန်းညဏ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်ဖြစ်ပါတယ်။ ကျွန်တော်မေးမည့် ကြယ်ပွင့်ပြ မေးခွန်းကတော့ ရှမ်းပြည်နယ်ရှိ ခရိုင်မြို့များတွင် မူးယစ်ဆေးဝါးဖြတ် စခန်းများ ပြန်လည်ထူထောင်ရေး စခန်းများထားရှိပေး ရန် အစီအစဉ် ရှိ/မရှိဆိုသည့် မေးခွန်းနှင့်ပတ်သက်ပါတယ်။

ကျွန်တော်တို့ အခုရှမ်းပြည်နယ်မှာဆိုလျှင် မြန်မာနိုင်ငံထဲတွင်ရှိသည့် ပြည်နယ်နှင့်တိုင်း ၁၄ ခုထဲမှာဆိုလျှင် မူးယစ်ဆေးဝါးအဆိုးဝါးဆုံး ပြည်နယ်တစ်ခုလို့ သိရှိရပါတယ်။ လက်ရှိကျင့်သုံးနေသည့် ဥပဒေအရဆိုလျှင် ၁၉၉၃ ဥပဒေအမှတ် (၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ

ဆိုလျှင် လူငယ်၊ လူလတ်၊ မူးယစ်ဆေးဝါးစွဲသောလူပေါင်းများစွာ အကျဉ်းထောင်ထဲသို့ ကျရောက်နေရပါတယ်။ အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာရှိသည့် မူဆယ်ခရိုင်၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်မှာဆိုလျှင် ရဲအချုပ်ခန်းနှင့် တရားအမှုရင်ဆိုင်နေရသည့်သူများ အကျဉ်းထောင်ထဲတွင် ရောက်ရှိနေသည့်သူများ၏ ၈၀%ကျော်ဆိုလျှင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်သူများ ဖြစ်နေတာကို လေ့လာတွေ့ရှိရပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ လူငယ်၊ လူလတ်များဟာဆိုလျှင် ပုဒ်မ ၁၅နှင့် ပုဒ်မ ၁၆ (ဂ) အများဆုံးပတ်သက်ကျူးလွန်နေတာကို တရားရုံးမှတ်တမ်းများအရ လေ့လာတွေ့ရှိရပါတယ်။ အဆိုပါပြစ်မှုများအတွက် လူငယ်၊ လူလတ်များစွာလည်းပဲ အကျဉ်းထောင်ထဲတွင် ကျရောက်ရသလို နိုင်ငံတော်ဘက်ကကြည့်မည်ဆိုလျှင် စရိတ်စကများစွာ၊ တိုင်းပြည်၏ လုပ်အားနှုန်းများစွာ ဆုံးရှုံးနေရတာကို လေ့လာတွေ့ရှိရပါတယ်။

လက်ရှိအစိုးရကာလတွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေတာကိုတော့ အားရစရာတွေ့မြင်ရပါတယ်။ သို့သော်မူးယစ်ဆေးဝါးစွဲသော လူငယ်၊ လူလတ်များစွာအား အထူးစီမံချက်တစ်ရပ်ဖြင့် အစိုးရကနေပြီး ဆေးဖြတ်စခန်းများ၊ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ် ဆောင်ရွက်မည်ဆိုလျှင် ကျွန်တော်တို့ ပြည်နယ်အတွက် များစွာအကျိုးရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ကျွန်တော်အနည်းငယ်ရှင်းပြလိုတာကတော့ ၁၉၉၃ ဥပဒေအမှတ် (၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရဆိုလျှင် ပုဒ်မ ၁၅ ဆိုလျှင် ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဌာနက သတ်မှတ်ထားသည့်ဌာန သို့မဟုတ်





သို့ဖြစ်ပါသောကြောင့် တောင်ပေါ်နယ်စပ်ဒေသနေ မိဘပြည်သူများ၏ သွားလာရေး၊ ကုန်သွယ်ရေးနှင့် ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စေရန် ကျောက်ချောလမ်းခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ မရှိပါက အဘယ့်ကြောင့်ခင်းပေးနိုင်ခြင်းမရှိကြောင်း သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် မေးမြန်းလာသည့် နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအုပ်စုမှ ဟိုပန်ကျေးရွာအုပ်စုနှင့် လော့နော်ကျေးရွာအုပ်စုအား ကျေးရွာချင်းဆက် ကျောက်ချောလမ်းအဖြစ်ခင်းပေးရန် အစီအစဉ် ရှိ/မရှိဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် မေးမြန်းသည့် မိုင်းဝီးကျေးရွာအုပ်စု၊ ဟိုပန်ကျေးရွာအုပ်စုနှင့် လော့နော်ကျေးရွာအုပ်စု အားကျေးရွာချင်းဆက် ကျောက်ချောလမ်းကို အဆင့်မြှင့်တင်

ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသော ဆေးကုဂေဟာတွင် မှတ်ပုံတင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဆေးဝါးကုသရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ထောင်ဒဏ် အနည်းဆုံး ၃ နှစ်မှ အများဆုံး ၅ နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်တယ်။ အဲဒီဥပဒေပြဋ္ဌာန်းချက်ကို လေ့လာမည်ဆိုလျှင် မူးယစ်ဆေးဝါးစွဲသည့် လူငယ်တစ်ယောက်မှာဆိုလျှင် အစိုးရအသိအမှတ်ပြုပြီး မှတ်ပုံတင်မည်ဆိုလျှင် ဒီဥပဒေပုဒ်မနှင့် အရေးယူခြင်းကနေ ကင်းလွတ်ခွင့်ရှိသည့်အနေအထားဖြစ်ပါတယ်။ ပြန်ပြီးမှ ပြန်လည်ထူထောင်ဖို့လည်း အစိုးရက စီမံချက်ဆွဲပြီး ဆောင်ရွက်ရမည့်အနေအထားဖြစ်ပါတယ်။ ၁၆ (ဂ)တွင် သုံးစွဲဖို့ လက်ဝယ်ထားရှိခြင်းကို ဆိုလိုပါတယ်။ အဲ့ထဲမှာ တစ်ဆင့်ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းတို့ပါပါတယ်။ အကျိုးအမြတ်တော့မပါပါဘူး။ ဆိုလိုချင်တာကတော့ ပြည်နယ်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး အထူး စီမံချက်တစ်ရပ် ရေးဆွဲပြီးတော့မှ မှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဆေးဖြတ်စခန်းများ တည်ထောင်ခြင်းလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးစခန်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုလျှင် ကျွန်တော်တို့ ပြည်နယ်အတွက် များစွာအကျိုးရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအနေနဲ့ ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို လေးစားစွာဖြင့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။





ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် Major Drug Treatment Center ၁ ခုမှာ လားရှိုးမြို့မှာဖြစ်ပြီး Minor Drug Treatment Center ၁၁ ခုမှာ မိုးမိတ်၊ ကျောက်မဲ၊မူဆယ်၊နမ့်ခမ်း၊မုံးကိုး၊ ကွတ်ခိုင်၊ ပန်ဆိုင်၊ လောက်ကိုင်၊ ကွမ်းလုံ၊ နမ့်ဆန်နှင့် မိုင်းတုံတို့ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ချက်မရှိနိုင်သေးသော မြို့နယ်များမှာ မိုးမိတ်၊ နမ့်ခမ်း၊ နမ့်ဆန်၊ မန်တုံတို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ Major Drug Treatment Center ၁ ခုမှာ ကျိုင်းတုံမြို့ဖြစ်ပြီး Minor Drug Treatment Center ၅ ခုမှာ မိုင်းဆတ်၊ မိုင်းယန်း၊ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းယောင်းတို့ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မှုမရှိနိုင်သေးသော မြို့နယ်များမှာ မိုင်းယန်း၊ မိုင်းဖြတ်နှင့် မိုင်းယောင်းတို့ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများ ကုသရေးစင်တာ တိုးချဲ့ဖွင့်လှစ်ရန်မှာ မြေပြင်အနေအထားများဖြစ်သော လူဦးရေ၊ အလုပ်အကိုင်၊ မူးယစ်ဆေးဝါးသုံးစွဲသူအရေအတွက်၊ သုံးစွဲသည့် မူးယစ်ဆေးဝါး/ ပစ္စည်းအမျိုးအစား၊ သုံးစွဲပုံနည်းလမ်းစသည်အပေါ် မူတည်ပါတယ်။ နိုင်ငံတော်မှ တရားဝင်သတ်မှတ်ထားသော မြို့နယ်များ အားလုံးတွင် လုပ်ငန်း ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါတယ်။

လူမှုဝန်ထမ်းလုပ်ငန်းကြီး ၁၀ ရပ်တွင် မူးယစ်ဆေးဝါးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးသည့် လုပ်ငန်းကြီး တစ်ရပ်လည်းပါဝင်ပါတယ်။ ယင်းလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မူးယစ်ဆေးဖြတ်ပြီးသူများအား မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းရှင်းပြီး လူ့အဖွဲ့အစည်းတွင် စိတ်သစ်လူသစ်ဖြင့် ပြန်လည်ဝင်ဆန့်နေထိုင်ရန်အတွက် လူမှုရေးအရ ပြန်လည်ထူထောင်ပေးနေခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်ရုံး၊ လားရှိုးမြို့လက်အောက်ရှိ မူးယစ်ဆေးဝါးဖြတ်ပြီး

သူများ ပြန်လည်ထူထောင်ရေးစခန်းတွင် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းကို ၂၃-၅-၂၀၁၆ ခုနှစ်တွင် သင်တန်းသား ၁၀ ဦးဖြင့် သင်တန်းကာလ ၃၅ ရက်ကြာ ဖွင့်လှစ်ခဲ့ပါတယ်။ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းကို သင်တန်းသားဦးရေ ၁၈ ဦးဖြင့် ၂၃-၅-၂၀၁၆ မှ ၂၆-၆-၂၀၁၆ ရက်နေ့အထိ သင်တန်းဖွင့်လှစ်ပေးခဲ့ပါတယ်။

အလားတူစွာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့လက်အောက်ရှိ ကျိုင်းတုံပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသားဦးရေ ၃၅ ဦးဖြင့် သင်တန်းကာလ ၁၇-၁၀-၂၀၁၆ မှ ၂၀-၁၁-၂၀၁၆ ရက်နေ့အထိ ၃၅ ရက်ကြာ ဖွင့်လှစ်ခဲ့သော သင်တန်းကို ကျိုင်းတုံမြို့၊ ဝမ်မိုင်ရွာတွင် ကျင်းပပြုလုပ်ခဲ့ပြီး အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဇေလမှ တက်ရောက်အားပေးခဲ့ပါတယ်။ ထပ်မံ၍ တာချီလိတ်ပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသားဦးရေ ၁၀ ဦးဖြင့် ၂၃-၅-၂၀၁၆ မှ ၂၆-၆-၂၀၁၆ ရက်နေ့အထိ ၃၅ ရက်ကြာ ဖွင့်လှစ်ခဲ့ပါတယ်။ လားဟူတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ဦးယောသပ်၏ ဆန္ဒပြုချက်အရ တာချီလိတ်မြို့၊ မိုင်းကိုးကျေးရွာ အုပ်စု၊ ရန်ကုန်ရွာတွင် ၁၄-၁၂-၂၀၁၆ မှ ၁၇-၁-၂၀၁၇ ရက်နေ့အထိ သင်တန်းသား ၅၀ ဦးရေဖြင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းကို ဖွင့်လှစ်ခဲ့ပါတယ်။ သို့ဖြစ်၍ ရှမ်းပြည်နယ်အတွင်း ခရိုင်/မြို့နယ်များတွင် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

တစ်ဆက်တည်း ရပ်ရွာအခြေပြု မူးယစ်ဆေးဝါးဖြတ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် ဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ရသည်ဖြစ်၍ သက်ဆိုင်ရာပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ဆောင်ရွက်မှုရှိပါက တစ်ပါတည်းဆေးဖြတ်၍





**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်၏ ရှမ်းပြည်နယ်ရှိ ခရိုင်မြို့များတွင် မူးယစ်ဆေးဝါး ဖြတ်စခန်းများနှင့် ပြန်လည်ထူထောင်ရေးစခန်းများထားပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဖြေကြားရာမှာ ဦးစီးဌာန ၂ ခု၏ ဖြေကြားချက်များကို တစ်ပေါင်း တည်း ဖြေကြားသွားမှာဖြစ် ပါတယ်။

ရှမ်းပြည်နယ်တွင် နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ထား သော မူးယစ်ထုံထိုင်းရူးသွပ်စေသည့် ဆေးဝါးများသုံးစွဲသူများကို ကုသဆေးဖြတ်ပေးသည့် ဌာနကြီး Major Drug Treatment Center (Major DTC) ၄ ခုနှင့် ဌာနငယ် Minor Drug Treatment Center (Minor DTC) ၂၀ ခု၊ စုစုပေါင်း ၂၄ ခုရှိပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်းတွင်) Major Drug Treatment Center ၂ ခုမှာ တောင်ကြီးမြို့နှင့် လွိုင်လင်မြို့တို့ဖြစ်ပြီး Minor Drug Treatment Center တို့မှာ ကလော၊ နမ့်စန်၊ ကွန်ဟိန်း၊ မိုင်းရှူးတို့ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ချက်မရှိနိုင်သေးသော မြို့နယ်များမှာ ကလော၊ မိုင်းရှူးနှင့် နမ့်စန်တို့ဖြစ်ပါတယ်။

လူမှုဝန်ထမ်းဦးစီး ဌာနအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို သတ်မှတ်ပါ စီမံချက်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ လုပ်ငန်း ၂ ခုစလုံး သည် ရပ်ရွာအခြေပြုဖြစ်သဖြင့် အချိန်ကာလ ၅ ပတ်၊ ၂ ပတ် သည် ဆေးဖြတ်ခြင်း၊ ၃ ပတ်သည် ပြန်လည် ထူထောင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ဆောင်ရွက်လိုသည့် ရပ်ရွာအခြေပြု စီမံချက်များကို သက်ဆိုင်ရာဦးစီးဌာနနှင့် ညှိနှိုင်းပြီး စီမံချက်ပါ အတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြေကြားလို ပါတယ်။ တစ်ဆက်တည်း ကျောက်မဲမြို့တွင်လည်း ယခုအချိန် မူးယစ်ဆေးဝါး ဆောင်ရွက်နေသော SARA - INGO နှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ အားကစားနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွား မည့် အစီအစဉ်ရှိကြောင်း ဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအောင်ထွဏ်းက ပထမမေးခွန်းမေးမြန်းဖို့ဖြစ် ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး သို့ ကြွရောက်လာကြသည့် လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာ သောသုခနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ရှေးဦးပဏာမ နှုတ်ခွန်းဆက်သဂါရဝပြု ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါ တယ်။ ကျွန်တော်အနေနဲ့



D/real(wide) (5



လတ်လတ်ဆတ်ဆတ်ဖြင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန် အတွက်လည်းကောင်း၊ တောင်ပေါ်တိုင်းရင်းသားများ ငါးကို တစ်ပိုင်တစ်နိုင်မွေးမြူခြင်းဖြင့် မိသားစုစားသုံးရန်အတွက်လည်း ကောင်း၊ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရရှိရေးအတွက်လည်း ကောင်း ရည်ရွယ်၍ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

ကျွမ်းကျင်ပညာရှင်များ၏ လေ့လာချက်အရ ၎င်းမန်လွယ် ချောင်း၏ ငါးမွေးမြူရန် သင့်လျော်သည့် စံနှုန်းဖြစ်သည့် ထုံးဓာတ် ပါဝင်မှု၊ PH စံနှုန်းများ သင့်တင့်မျှတသည့် ရာသီဥတု တစ်နေ့လုံး နေရောင်ခြည်ရရှိမှု၊ တစ်နှစ်ပတ်လုံးရေရရှိမှုစသည့် သတ်မှတ်ချက် များ ပြည့်စုံပါတယ်။

သို့သော် ၃၈ နာရီသာထားနိုင်သည့် ငါးသားဖောက်ကန် သာရှိပြီး ငါးမျိုးထည့်ရန် ငါးမွေးကန်မရှိသေးပါ။ လုပ်ငန်းပြီးစီးသည့် ၂၈-၃-၂၀၁၅ ရက်နေ့မှ ၂ နှစ်ကြာမြင့်သည့် ယနေ့ထိတိုင်အောင် အဆိုပါ ငါးလုပ်ငန်းစခန်း၌ ငါးသားဖောက်သည့်လုပ်ငန်း လုံးဝ ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ဝန်ထမ်းဟူ၍ တစ်ဦးတစ်ယောက်မျှ ခန့်ထားခြင်းမရှိသေးပါ။ ခြံစည်းရိုးကာရံထားခြင်းမရှိသဖြင့် လွှတ်ကျောင်း တိရစ္ဆာန်များ ကျွဲ၊ နွားများ ဝင်ထွက်နားခိုသည့် နေရာ ဖြစ်နေပါတယ်။ ယခုအခါ ၎င်းငါးလုပ်ငန်းစခန်းသည် ချုံနွယ် ပိတ်ပေါင်းဖြင့် ထူထပ်စွာပေါက်ရောက်လျက်ရှိပြီး ထိန်းသိမ်းမည့် သူမရှိ၍ ယိုယွင်းပျက်စီးလျက်ရှိနေပါတယ်။ ပါဝါပွိုင့်ဖြင့် တင်ပြ ထားသည့်ဓာတ်ပုံများကတော့ လွန်ခဲ့သည့် ၂ နှစ်ကတည်းက ရိုက်ထားသည့်ဓာတ်ပုံများဖြစ်ပါတယ်။ အခုနေမှာတော့ ကျွန်တော် တင်ပြသလို ချုံနွယ်ပိတ်ပေါင်းဖြင့် ထူထပ်စွာပေါက်ရောက်နေသည့် အနေအထားပဲဖြစ်ပါတယ်။

နိုင်ငံတော်၏ ဘဏ္ဍာလည်း အလဟဿဖြစ်သည့်အပြင် ရည်ရွယ်ချက်လည်း အထမမြောက်သည်ကို တွေ့ရှိရပါတယ်။

ဒါကြောင့်ဖော်ပြပါ နမ့်ဆန်မြို့ ငါးလုပ်ငန်းစခန်းအား ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ဆက်လက်ထိန်းသိမ်း ဆောင်ရွက်နိုင်သည်ကို သိရှိလိုပါတယ်။ ဆောင်ရွက်ရန် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်မည်ကို သိရှိလိုပါတယ်။ မရှိပါက အဘယ့်ကြောင့် မဆောင်ရွက်နိုင်သည်ကို သိရှိလိုပါ၍ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မေးမြန်းလာသည့် နမ့်ဆန်မြို့နယ်၊ မန်လွယ်ကျေးရွာအုပ်စု၊ မန်လွယ်ချောင်းနှစ်ခုဆုံရာတွင် တည်ရှိသည့် ငါးလုပ်ငန်းစခန်းသည် ထိန်းသိမ်းမည့်သူမရှိသဖြင့် ပျက်စီးယိုယွင်းလျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်နိုင်သည်ကို သိရှိလိုပါသည်။ ဆောင်ရွက်ရန် အစီအစဉ် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်မည်ကိုသိရှိလိုပါသည်။ မရှိပါက အဘယ်ကြောင့် မဆောင်ရွက်နိုင်သည်ကို သိရှိလိုပါသည်လို့ မေးမြန်းထားမှုပတ်သက်ပြီး နမ့်ဆန်မြို့နယ်၊





နမ့်ဆန်မြို့နယ်၊ မန်လွယ်ကျေးရွာအုပ်စု၊ မန်လွယ်ချောင်းနှစ်ခုဆုံရာတွင် တည်ရှိသည့် ငါးလုပ်ငန်းစခန်းသည် ထိန်းသိမ်းမည့်သူမရှိသဖြင့် ပျက်စီးယိုယွင်းလျက်ရှိရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်သည့် မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့၌ လွန်ခဲ့သည့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ငွေကျပ်သိန်း ၁၃၀ တန် ငါးလုပ်ငန်းစခန်းတစ်ခုကို လားရှိုးခရိုင် ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူတည်ဆောက် လျက်ရှိရာ ၂၈-၃-၂၀၁၅ ရက်နေ့ တွင် ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါငါးလုပ်ငန်းစခန်းသည် နမ့်ဆန်မြို့နယ်၊ မန်လွယ်ကျေးရွာ အုပ်စု၊ မန်လွယ်ချောင်းနှစ်ခုဆုံရာတွင် တည်ရှိပြီး ဧက ၁. ၇၂ ဧက ပေါ်တွင် ဓာတ်ခွဲခန်းတစ်ခု ၃၇ပေ×၂၆ပေ×၁၁ပေ ဂါလန် ၂၀၀၀ဆံ့ ကွန်ကရစ်ရေကန် ၁ စင်၊ မိတ်လိုက်ဥချကန် ၅ပေ×၁၁ပေ၊ ဥလှယ်ကန် ၁၆ပေ×၁၁ပေ တည်ဆောက်ပြီးဖြစ် ပါတယ်။ ပါဝါပွိုင့်ဖြင့် ကျွန်တော်တင်ပြထားတာဖြစ်ပါတယ်။ အခုမြင်တွေ့ရသည် ပုံကတော့ ဂါလန် ၂၀၀၀ ဆံ့ ကွန်ကရစ် ရေစင်ဖြစ်ပါတယ်။ ဒါကတော့ ဓာတ်ခွဲခန်း ၃၇ပေ×၂၆ပေ×၁၁ပေ တည်ဆောက်ပြီးစီးမှု အခြေအနေဖြစ်ပါ တယ်။ ဒါကတော့ မိတ်လိုက်ဥချကန် ၅ပေ×၁၁ပေ ကန်ကြီးဖြစ်ပါတယ်။ ဒါကတော့ ၁၆ပေ×၁၁ပေ ဥလှယ်ကန်ဖြစ်ပါတယ်။

အဆိုပါငါးလုပ်ငန်းစခန်းကို ပထမအကြိမ် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ၏ အစီအစဉ်ဖြင့် ပြည်နယ်အစိုးရကို တင်ပြတောင်းခံပြီး ဆောက်လုပ်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ဝေးလံခေါင်သီတဲ့ တောင်ပေါ်ဒေသနေ ကျေးလက်လူထုများ ငါးကို

မန်လွယ်ကျေးရွာအုပ်စုတွင်ရှိသည့် ငါးလုပ်ငန်းစခန်းသည် ဒေသဦးစီးအဖွဲ့မှ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြတောင်းဆိုချက်အရ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၃၀ ဖြင့် ငါးလုပ်ငန်းစခန်းကို လားရှိုးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး ၂၈-၃-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပါတယ်။ သို့ရာတွင် လက်ရှိအခြေအနေအရ အမှန်တကယ် ငါးသားဖောက်ရန်အတွက် များစွာလိုအပ်ချက်များရှိနေဆဲဖြစ်ပါတယ်။

(က) မိတ်လိုက်ကန်၊ ဥဖောက်ကန်များ ရေစင်များရှိသော်လည်း ရေတင်ရန် လျှပ်စစ်မီးနှင့် ပန့်၊ မော်တာ၊ ရေပိုက်လိုင်းများ လိုအပ်လျက်ရှိပါတယ်။

(ခ) ပေါက်လာသည့် ငါးသားပေါက်များ ငါးသန်အထိ ပြုစုရန် မြေသားပြုစုကန်များ လိုအပ်ပါတယ်။

(ဂ) မျိုးငါးများကို အခြားသားဖောက်စခန်းများမှ ဖြည့်တင်းပေးနိုင်သော်လည်း မျိုးငါးများကို ထိန်းသိမ်းရန် မျိုးငါးကန် လိုအပ်ပါတယ်။

(ဃ) ဝန်ထမ်းများအတွက် နေထိုင်ရန် နေအိမ်နှင့် ရုံးများ လိုအပ်ပါတယ်။

(င) ခြံစည်းရိုးကာရံရန် လိုအပ်ပါတယ်။

(စ) လုံခြုံရေးအတွက် အာမခံချက်များ လိုအပ်ပါတယ်။

ပြည်နယ်အစိုးရမှရန်ပုံငွေတတ်နိုင်သဖြင့် Running Condition ဖြစ်ဖို့အတွက် ရန်ပုံငွေထုတ်ပေးနိုင်ပါကလည်း ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ မူလကရသည့်ဝင်ငွေနှင့် ထွက်ငွေ မျှတစွာ ဆောင်ရွက်နိုင်ရန် မဖြစ်နိုင်ပါ။ အရှုံးပေါ်ခြင်း၊ ဝင်ငွေထက်



D/real(wide) (6



သယ်ယူစရိတ်ဖြင့် နေ့ချင်းရောက်မှာယူနိုင်ပြီးစခန်းတွင် ကိုယ်တိုင်သားဖေါက်ခြင်းဖြင့် ကုန်ကျသက်သာစေရုံမက သားဖောက်ပြုစုချိန်သက်သာမှာဖြစ်ပါတယ်။ လိုအပ်ပါကလည်း ခရိုင်ငါးဦးစီးဌာနမှ မွေးမြူရေးနည်းပညာများ လာရောက်ပညာပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ငါးသားပေါက်စခန်းတွင် သားပေါက်လုပ်ငန်းဆောင်ရွက်ရန် အခြေခံအဆောက်အဦ အနည်းငယ်ရှိပြီးဖြစ်သော်လည်း သားပေါက်စခန်းတစ်ခုအဖြစ် လည်ပတ်ရန် အဓိကလိုအပ်ချက်များဖြစ်သည့် ငါးသားပေါက် ထုတ်လုပ်မှုစရိတ်နှင့် ဝင်ငွေမျှတစွာ ထုတ်လုပ်နိုင်ရန် ငါးသားပေါက် Demand များစွာ လုံလောက်စွာမရရှိနိုင်သေးမီနှင့် ဝန်ထမ်းများ၏ နေထိုင်သွားလာမှုနှင့် လုံခြုံရေးအာမခံချက်မရရှိသေးမီ ကာလအတွင်း သားပေါက်လုပ်ငန်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်မရှိသေးပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအောင်ထွဏ်းက ဒုတိယ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ကျွန်တော်ရဲ့ ဒုတိယမေးခွန်းကတော့ နမ့်ဆန်မြို့ဓာတ်အား ခွဲရုံမှ ပို့လွှံနေသည့် လျှပ်စစ်ဓာတ်အားများကို မိုးဂဲလ်ရပ်ကွက်နှင့် ကျေးရွာများသို့ ခွဲဝေပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ လျှပ်စစ်ဓာတ်အား သုံးစွဲသူ အိမ်ခြေ ၅၀၀၀ နှင့်ညီမျှသော ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ ပြင်ဆင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်၍ ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်အနေနဲ့ နမ့်ဆန်မြို့နယ်၏ လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်ပြီး အပိုင်း ၂ ပိုင်းခွဲပြီး တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ပထမပိုင်းအနေနဲ့ နမ့်ဆန်မြို့နယ်သည် လွန်ခဲ့သည့် ၂၀၁၀ ခုနှစ် မှစ၍ 66KV ဓာတ်အားလိုင်းကို မန်စံ - သီပေါလိုင်းမှ မဟာ ဓာတ်အားသွယ်တန်းရရှိခဲ့ပြီး 66KV 5 MVA မဂ္ဂါဝပ်ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။

လက်ရှိ 66KV 5 MVA မဂ္ဂါဝပ်ဓာတ်အားခွဲရုံမှ မြို့ပေါ် ၆ ရပ်ကွက်နှင့် ကျေးရွာ ၁၄ ရွာကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ လက်ရှိတွင်လည်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် နောက်ထပ်ကျေးရွာ ၇ ရွာနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ လွှဲပြောင်းခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာတစ်ရွာကို လျှပ်စစ်ဓာတ်အားသွယ်တန်းဆောင်ရွက်ပေး လျက်ရှိပါတယ်။

အဆိုပါကျေးရွာများအားလုံးအတွက် သုံးစွဲလျက်ရှိသော ဓာတ်အားများမှာ 1 MVA သာဖြစ်သဖြင့် 4 မဂ္ဂါဝပ် လျှပ်စစ် ဓာတ်အား ပိုလျှံလျက်ရှိပါတယ်။ သို့ပါ၍ ပိုလျှံနေသော လျှပ်စစ် ဓာတ်အားများအား အောက်ပါကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ခွဲဝေပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်-

၁။ နမ့်ဆန်မြို့နယ် ၄၀၀ ဗို့ HDBC ဓာတ်အားလိုင်း (၁. ၅)မိုင်အား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အတွက် 95 MM IC Insulated ဖြင့် အစားထိုး လဲလှယ်ခြင်း ၁. ၅ မိုင်။

၂။ ဒေသရုံးမှ မိုးဂဲလ်ရပ်ကွက်ထိ 11KV ACSR 95 MM 0.6 မိုင် တိုးချဲ့တည်ဆောက်ခြင်း ၀. ၆ မိုင်



D/real(wide) (6



အသုံးစရိတ်များ များပြားခြင်း၊ ထုတ်လုပ်သည့် ငါးသားပေါက် တစ်ကောင်၏ ထုတ်လုပ် မှုစရိတ် များပြားပြီး ငါးမွေးမြူမည့် တောင်သူလုံလောက်စွာ ရှိ/မရှိ၊ မြေ၊ ရေ လုံလောက်မှု ရှိ/မရှိ၊ ဖြစ်ထွန်းနိုင်ခွင့် ရှိ/မရှိ ဦးစွာ လက်တွေ့ ဆောင်ရွက်ဖြစ်ထွန်းပြီး Demand လုံလောက်မှုရှိမှသာ သားပေါက် လုပ်ငန်း ထုတ်လုပ်ခြင်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

လိုအပ်သည့်ဝန်ထမ်းများ ခန့်အပ်ရန်အတွက်လည်း ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် နမ့်ဆန်စခန်း ပါဝင်ခြင်းမရှိသဖြင့် အခြားပြည်နယ်နှင့် တိုင်းရှိ ကျွမ်းကျင်ဝန်ထမ်း များထဲမှ ထုတ်နှုတ်ပြီး တွဲဖက်တာဝန်ထမ်းဆောင်စေရမည်ဖြစ်ရာ အခြားပြည်နယ်နှင့် တိုင်း ငါးလုပ်ငန်းစခန်းများတွင်လည်း ဝန်ထမ်း ခွဲထုတ်ပေးရန် အခက်အခဲရှိပါတယ်။

အဆိုပါငါးလုပ်ငန်းစခန်းအား ဒေသဦးစီးအနေဖြင့် အမှန် တကယ်လုပ်ငန်း လည်ပတ်လိုပါက ရှမ်းပြည်နယ်တောင်ပိုင်း၊ အင်းလေးဒေသတွင် ဒေသခံများကိုယ်တိုင် ငါးသားဖောက်များ ထုတ်လုပ်သည့် ငါးသားဖောက်စခန်း (Backyard Hatchery )ကဲ့သို့ ဆောင်ရွက်နိုင်ပြီး ငါးလုပ်ငန်းဦးစီးဌာနမှလည်း နည်းပညာနှင့် သင်တန်းများ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ထိုကဲ့သို့ ဆောင်ရွက် ခြင်းဖြင့် ဒေသခံများကိုယ်တိုင် ငါးဆေးထိုးသားဖောက်ခြင်း ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် စခန်းတွင် လုပ်ငန်းများလည်း လည်ပတ်ပြီး ထိန်းသိမ်းမှုအတွက်လည်း စုပေါင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

လက်ရှိအခြေအနေတွင် ဒေသခံတိုင်းရင်းသားများအနေ ဖြင့် တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးစမ်းသပ်လုပ်ကိုင်လိုပါက လားရှိုး ခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မန္တလေးရေနံ့သာ ငါးသားဖောက် စခန်းမှ လိုအပ်သည့် ငါးသားပေါက်များအား သင့်တော်သည့်

အဆိုပါခွင့်ပြုဝန်ထမ်းအင်အားသည် လွန်ခဲ့သည့် ၂၀၁၀ ခုနှစ်ကတည်းက ခွင့်ပြုထားသော ဝန်ထမ်းအင်အားများသာဖြစ်ပါတယ်။

လက်ရှိတွင် လုပ်ငန်းများပြီးစီးပါက ဓာတ်အားသုံးစွဲသူ အိမ်ခြေ ၅၀၀၀ ခန့်ရှိလာမည်ဖြစ်သဖြင့် ဓာတ်အားသုံးစွဲသူ အိမ်ခြေနှင့် ဝန်ထမ်းဦးရေမျှတမှုမရှိသောကြောင့် လုပ်ငန်းများ လစ်ဟာလျက်ရှိသဖြင့် ဝန်ထမ်းဖွဲ့စည်းပုံအသစ် တိုးချဲ့ပြင်ဆင်ရန် လိုအပ်လျက်ရှိပါတယ်။ သို့ပါ၍ ဓာတ်အားသုံးစွဲသူ အိမ်ခြေ ၅၀၀၀ နှင့် ညီမျှသော ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ ပြင်ဆင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ရှိပါက မည်သည့်ကာလတွင် တိုးချဲ့ ပြင်ဆင်ပေးနိုင်မည်ကို သိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့် မရှိနိုင်သည်ကို သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းပဲဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့ ဓာတ်အားခွဲရုံမှ ပို့လွှတ်နေသော လျှပ်စစ်ဓာတ်အားများကို မိုးဂဲလ်ရပ်ကွက်နှင့် ကျေးရွာများသို့ ခွဲဝေ





၃။ မိုးဂဲလ်ရပ်ကွက်၌ 11/0.4 KV 200 KVA ထရန်စဖော်မာ (၁)လုံး ထပ်မံတည်ဆောက်ခြင်း ဓာတ်အားခွဲရုံ ၁ ရုံ

၄။ ကျောက်ဖြူအုပ်စု၊ ကျောက်ခေါင်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက်
(က) 11 KV ဓာတ်အားလိုင်း ၁. ၂ မိုင်
(ခ) 0.4 KV ABC ၀. ၅ မိုင်
(ဂ) 11/0.4 KV 100 KVA ခွဲရုံ ၁ ရုံ

၅။ မြိုင်ကျေးရွာဓာတ်အားရရှိရေးအတွက်
(က) 11 KV ဓာတ်အားလိုင်း ၀. ၉ မိုင်
(ခ) 0.4 KV ABC ၀. ၆ မိုင်
(ဂ) 11/0.4 KV 100 KVA ခွဲရုံ ၁ ရုံ

၆။ မန်ကန်ကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေးအတွက်
(က) 11 KV ဓာတ်အားလိုင်း ၂. ၈ မိုင်
(ခ) 0.4 KV ABC ၁. ၃ မိုင်
(ဂ) 11/0.4 KV 100 KVA ခွဲရုံ ၁ ရုံ

၇။ ဟိုက်တမ်ကျေးရွာဓာတ်အားရရှိရေးအတွက်
(က) 11 KV ဓာတ်အားလိုင်း ၂. ၅ မိုင်
(ခ) 0.4 KV ABC ၁. ၂ မိုင်
(ဂ) 11/0.4 KV 100 KVA ခွဲရုံ ၁ ရုံ

၈။ လပိုင်းကျေးရွာဓာတ်အားရရှိရေးအတွက်
(က) 11 KV ဓာတ်အားလိုင်း ၂. ၃ မိုင်
(ခ) 0.4 KV ABC ၀. ၉ မိုင်
(ဂ) 11/0.4 KV 100 KVA ခွဲရုံ ၁ ရုံ

တည်ဆောက်ခြင်းတို့ပဲဖြစ်ပါတယ်။

ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ အိမ်ခြေ ၅၀၀၀ နှင့် ညီမျှသော ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ရှိပါက မည်သည့်ကာလတွင် တိုးချဲ့ပြင်ဆင်ပေးနိုင်မည်ကို သိရှိလိုပါသည်။ မရှိပါက အဘယ်ကြောင့်မရှိနိုင်သည်ကို သိရှိလိုပါသည်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

နမ့်ဆန်မြို့တွင် 66/11 KV 5 MVA ဓာတ်အားခွဲရုံမှ မြို့ပေါ် ၆ ရပ်ကွက်နှင့် ကျေးရွာ ၁၄ ရွာ ဓာတ်အားပေးလျက်ရှိရာ ဓာတ်အားသုံးစွဲသူ ဦးရေသည် ၂၅၄၉ ဦးရှိပြီး စုစုပေါင်း ဝန်အား 1.2 မဂ္ဂါဝပ် အသုံးပြုလျက်ရှိပါတယ်။ မိုးဂဲလ်ရပ်ကွက်အား လက်ရှိ မန်ခိုက်ရပ်ကွက်ရှိ ၃၁၅ KVA ထရန်စဖော်မာမှ ၄၀၀ ဗို့ ဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် 11 KVA ဓာတ်အားလိုင်း ဝ.၆ မိုင် 11/0.4 KV 200 KVA ထရန်စဖော်မာ ၁ လုံး တိုးချဲ့တည်ဆောက်ရန် ၂၀၁၇ - ၂၀၁၈ ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် လျာထားပြီးဖြစ်ပါတယ်။

နမ့်ဆန်မြို့နယ်ရှိ ကျန်ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ပြည်နယ်အစိုးရဘတ်ဂျက်ခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဘဏ္ဍာရေး နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ နမ့်ဆန်မြို့ တွင် လက်ရှိမီတာသုံးသူ ဦးရေ ၂၅၄၉ ဦးရှိပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိ သော ကျေးရွာမီးလင်းရေးလုပ်ငန်းများ ပြီးစီးပါက မီးသုံးစွဲသူ ဦးရေ ၂၅၀၀ ခန့် ထပ်မံတိုးတက်လာမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူ ဦးရေ ၅၀၀၀ နှင့်ညီမျှသော ဖွဲ့စည်းပုံ ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးနိုင်ရန်အတွက် အထွေထွေမန်နေဂျာ (စီမံ)





ဒါကြောင့် အဲဒီလျှပ်စစ်ဓာတ်အားများ သွယ်တန်း ပေးနိုင်ခြင်း အစီအစဉ်ရှိပါက မည်သည့်ကာလတွင် သွယ်တန်း ပေးနိုင်မည်ကို သိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့် သွယ်တန်း ပေးနိုင်ခြင်း မရှိသည်ကို သိရှိလို၍ လူထုကိုယ်စားမေးမြန်းရခြင်းဖြစ် ပါတယ်။

ဒုတိယပိုင်းအနေနဲ့ သိရှိလိုတာကတော့ ကျွန်တော်တို့ နမ့်ဆန်မြို့နယ်သည် ၂၀၁၀ ခုနှစ်မှစ၍ 66 KV ဓာတ်အားလိုင်း မန်စံ - သီပေါလိုင်းမှ ရယူပြီး 66 KV 5 MVA ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။

လက်ရှိ 66 KV 5 MVA ဓာတ်အားခွဲရုံမှ (၁) မြို့လယ်ဖီဒါ (၂) မန်ခိုက်ဖီဒါ (၃) ဘုရားကြီးဖီဒါများဖြင့် မြို့ပေါ် ၆ ရပ်ကွက်နှင့် ကျေးရွာ ၁၄ ရွာအား ဓာတ်အားစနစ်မှ ဓာတ်အားသုံးစွဲသူ စုစုပေါင်း ၂၅၃၅ အိမ်ခြေ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ Budget ဖြင့် နောက်ထပ်ကျေးရွာ ၇ ရွာအပြင် ဟိုချောင်းကျေးရွာအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ လွှဲပြောင်းရန်ပုံငွေကျပ်သိန်း ၁၀၀၀၊ မိဘပြည်သူ ထည့်ဝင်ငွေ ကျပ်သိန်း ၃၀၀ ဖြင့် ကိုယ့်အားကိုယ်ကိုး ဓာတ်အားလိုင်း တည်ဆောက်ဆဲဖြစ်ရာ နောက်ထပ်ဓာတ်အားသုံးစွဲသူ အိမ်ခြေ ၂၀၀၀ ထပ်တိုးရန်ရှိပါတယ်။

နမ့်ဆန်မြို့နယ် လျှပ်စစ်မှူးရုံး၏ ဝန်ထမ်းဖွဲ့စည်းပုံအရ ခွင့်ပြုဝန်ထမ်းအင်အားမှာ-

| | | |
|---|---|---|
| (က) | လက်ထောက်ကြီးကြပ်ရေးမှူး (မြို့နယ်) | ၁ ဦး |
| (ခ) | ဒု - လက်ထောက်ကြီးကြပ်ရေးမှူး (မီတာ) | ၁ ဦး |
| (ဂ) | လျှပ်စစ်ကျွမ်းကျင် (၄) | ၃ ဦး |
| (ဃ) | လျှပ်စစ်ကျွမ်းကျင် (၅) | ၂ ဦး |

စုစုပေါင်း (၇) ဦးသာ ခွင့်ပြုထားရှိပါတယ်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ နေပြည်တော်မှ တောင်းခံလာမှုအား ပြန်လည်ပေးပို့ထားပြီးဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအန်းဂျေလိုက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလိုဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၏ မြောက်ဘက် ပြည်ထောင်စုလမ်းမကြီးနှင့် မီးရထားလမ်းကြားရှိ ယာမြေဧက ၂၀၀ ခန့်နှင့်ပတ်သက်၍ ပြီးခဲ့သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးမြန်းခဲ့ပြီးဖြစ်သော်လည်း ကျွန်တော် ဒုတိယအကြိမ် ထပ်မံမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၏ မြောက်ဘက် ပြည်ထောင်စုလမ်းမကြီးနှင့် မီးရထားလမ်းကြားရှိ ယာမြေဧက ၂၀၀ ခန့်သည် အမှတ် ၄၂၂ ခြေလျင်တပ်ရင်းမှ ၁၉၉၂ ခုနှစ်တွင် သိမ်းဆည်းထားခဲ့သော ယာမြေဖြစ်ပါတယ်။

၂၀၀၃ - ၂၀၀၄ ခုနှစ်တွင် မိုးဗြဲကျေးရွာအုပ်ချုပ်ရေးမှူးမှ လက်ငုတ်တောင်သူများနှင့် သဘောတူညီမှု၊ ညှိနှိုင်းဆောင်ရွက်မှု မရှိဘဲ အာဏာကိုအသုံးပြုပြီး တပ်နှင့် နားလည်မှုရယူကာ



D/real(wide) (6



ခမရ (၄၂၂) တပ်တို့၏ တည်ရှိရာ မိုးဗြဲ - ဖယ်ခုံ သွားရာလမ်းပြည်ထောင်စုလမ်းမကြီး၏ အနောက်ဘက် ရထားလမ်းကြားရှိ မြေယာကိစ္စအား မူလစိုက်ပျိုးလုပ်ကိုင်သော တောင်သူများနှင့် တိုက်ရိုက်တွေ့ဆုံပြီး မူလတောင်သူများ လုပ်ကိုင် ခွင့်၊ ပိုင်ဆိုင်ခွင့်ရအောင် ဖော်ဆောင်စစ်ဆေးပေးရန် သိလိုပါသည် ဆိုသည့် မေးခွန်းနှင့် ပတ်သက်ပြီး အဆိုပါ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာ၏ မြောက်ဘက်ရထားလမ်းနှင့် ကားလမ်းတွင်ရှိသည့် မေးမြန်းသော မြေနေရာမှာ အစီရင်ခံစာအပိုင်း ၆၊ မူလ အမှတ်စဉ် ၃၈၅၊ ဧရိယာ ၁၅၄ ဧက၊ အစီရင်ခံစာအပိုင်း ၈ ၊ မူလ အမှတ်စဉ် ၁၅၁၊ ဧရိယာ ၁၅၀၀ ဧကနှင့် အစီရင်ခံစာအပိုင်း ၁၄၊ မူလ အမှတ်စဉ် ၄၂ ဧရိယာ ၂၀၀ တို့တွင် ပါဝင်ပြီး ဦးရန်အောင်ပါ ၅၃ ဦး၊ ဦးအောင်မျိုးခန့်ပါ ၃ ဦး၊ ဦးလွင်ငွေပါ ၃ ဦးတို့က တင်ပြ တိုင်ကြားခဲ့သည့် မြေနေရာဖြစ်ပါတယ်။

မြေနေရာတွင် ကွင်းအမှတ် ၈၀၊ တောင်သူပေါင်း ၇၇ ဦး၊ ဦးပိုင်ပေါင်း ၈၀ ဦး၊ ဧရိယာ ၆၀. ၉၀ ဧကရှိ ယာမြေနှင့် ကွင်းပြင်၊ ဦးပိုင် ၄၃၊ တောင်သူ ၄၃၊ ဧရိယာ ၈၁. ၄၄ ဧကနှင့် သစ်တောကြိုးဝိုင်းမြေအတွင်း တောင်သူ ၃၀ ဦး၊ ဦးပိုင် ၃၀၊ ဧရိယာ ၅၀ ဧက နှင့် စုစုပေါင်းဧရိယာ ၁၉၂. ၃၄ ဧကခန့်ရှိပါတယ်။

အဆိုပါမြေနေရာတွင် တောင်သူအသီးသီးက လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးအဖွဲ့၊ ကယန်းဒေသဖွံ့ဖြိုးတိုးတက် ရေးအဖွဲ့ (KNG)၊ ပြည်သူ့စစ်အဖွဲ့၊ ပြည်ခိုင်ဖြိုးပါတီ၊ နှစ်စဉ် လုပ်ကိုင်နေသည့် တောင်သူများရှိသည့်နေရာဖြစ်ပါတယ်။

အဆိုပါမြေနေရာကို ပြီးခဲ့သည့် ၂၈-၅-၂၀၁၅ တွင်လည်း တိုင်ကြားမှုအရ မြေတိုင်းရန်အတွက် ကွင်းဆင်းဆောင်ရွက်သည့်အခါတွင် လက်ရှိလုပ်နေသည့် တောင်သူများကလည်း ကွင်းဆင်းတိုင်းတာဖို့ လက်ခံခြင်းမရှိသည့်အပြင် အဲ့မှာလုပ်နေသည့်

တောင်သူများလည်း နှစ်ကြာစွာလုပ်နေတယ်လို့သိရပါတယ်။ ဒါကြောင့် တည်ငြိမ်သောလုပ်ကွက်ဖြစ်သည့်အတွက် မူလလက်ငုတ်နှင့် လက်ရှိ လက်ငုတ် အငြင်းပွားမှုဖြစ်ပေါ်နေသည့်နေရာဖြစ်တာကြောင့် သက်ဆိုင်ရာတောင်သူများက အချင်းချင်း ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်ရမည့်မြေနေရာဖြစ်သည်လို့ ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်း ခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

## ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝိုဟိန်း၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယ ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်းဖြစ်ပါတယ်ရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်ပြသည့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ အစီရင်ခံစာကို



D/real(wide) (6



ငှင်းယာမြေ ကို အကွက်ဖော်၍ ဒေသခံပြည်သူစစ်အဖွဲ့အစည်းများနှင့် အချို့သော ဌာနဆိုင်ရာများအား လွှဲပြောင်းခဲ့ပြီး ထပ်မံ သိမ်းဆည်းခဲ့ပါတယ်။

လက်ရှိလက်ငုတ် ၁၀ နှစ်ခန့် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးလုပ်ကိုင်နေသည်ဆိုသည်မှာ လုံးဝမှန်ကန်မှုမရှိဘဲ ၂၀၁၃ ခုနှစ် မှ အာဏာကိုအသုံးချသော ခရိုနီများနှင့် မိုးဗြဲဌာနေပြည်သူ့စစ်များသာ မူလတောင်သူ၏ယာမြေများကိုအလွဲသုံးစားပြုလုပ်ပြီးရယူပိုင်ဆိုင်လုပ်ကိုင်သော လက်ရှိတောင်သူများသာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လက်ငုတ်တောင်သူ ၅၃ ဦးက တောင်းဆိုခဲ့ကြသော ယာမြေဧက ၂၀၀ ခန့်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာတာဝန်ရှိ ရှမ်းပြည်နယ်အစိုးရမှ လာရောက်ကွင်းဆင်းစိစစ်ဖြေရှင်းပေးပါရန်နှင့် လာရောက်ကွင်းဆင်းစိစစ်ဖြေရှင်းပေးသည့် အစီအစဉ် ရှိ/မရှိကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လက်ငုတ် တောင်သူများ၏ ကိုယ်စား ကျွန်တော်လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မှမေးမြန်းသည့် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့နယ် မြောက်ဘက် မိုးဗြဲရေကာတာ

လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးသားဖြစ်ပါတယ်။ အခုကျွန်မ အကျဉ်းချုပ်တင်ပြပေးမှာဖြစ်ပါတယ်။

နိဒါန်းအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေအခန်း (၄)၊ ပုဒ်မ ၂၅၊ ၂၆ ပါ ပြည်နယ်စာရင်းချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့် အရ ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအရ အသုံးဆိုင်ရာစာရင်းများ စစ်ဆေးခြင်း၊ အရအသုံးခန့်မှန်းခြေ စာရင်းပါ ရငွေများ ပြည့်ဝစွာရရှိစေရန်ဆောင်ရွက်ခြင်း ရှိ/မရှိနှင့် အသုံးစရိတ်များအား ထိရောက်စွာ သုံးစွဲခြင်းပြု/မပြုတို့ကို စစ်ဆေး ခြင်း၊ ပြည်နယ်အတွင်းတွင်ရှိသည့် ဝန်ကြီးဌာနအလိုက် လုပ်ငန်း ဌာနနှင့် အဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို စစ်ဆေးခြင်း၊ ငွေစာရင်းနှင့် ပစ္စည်းစာရင်းများ စစ်ဆေးခြင်းတို့အပြင် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ တာဝန်ပေးချက်များကို စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်းပြီး ပြည်နယ်လွှတ်တော်သို့ အစီရင်ခံစာတင်ပြခြင်းဖြစ်ပါ တယ်။ မိမိပြည်နယ်အတွင်းတွင်ရှိသည့် စာရင်းစစ်ရုံးအဆင့်ဆင့် ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း လမ်းညွှန်ခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်းနှင့် အခါအားလျော်စွာ စစ်ဆေးခြင်းတို့ကို တင်ပြသည့် အစီရင်ခံစာဖြစ်ပါတယ်။

ဌာနအဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေရငွေ၊ ပြုပြင်ပြီး ခန့်မှန်း ခြေရငွေအပေါ် အမှန်အကောင်အထည်ဖော် ဆောင်ရွက် နိုင်မှု အခြေအနေကို တင်ပြမှာဖြစ်ပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် အတွင်းတွင် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ဌာနအဖွဲ့အစည်းများ၏ အခွန်ရငွေ၊ သာမန်ရငွေနှင့် ငွေလုံးငွေရင်း ရငွေတို့တွင် ခန့်မှန်းခြေ ရငွေအပေါ် အမှန်အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှု အခြေအနေကို ဇယား (၁)ဖြင့်ဖော်ပြပါတယ်။

ဇယား (၁)တွင် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေ



D/real(wide) (6



နောက်ပိုလျှံငွေ ပြန်လည်အပ်နှံမှုအခြေအနေမှာ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ဌာနအဖွဲ့အစည်းအသီးသီး၏ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များမှ ပိုလျှံငွေဖြစ်ပေါ်မှုနှင့် ပြန်လည်အပ်နှံမှု အခြေအနေကို ဇယား (၃)ဖြင့်ဖော်ပြပါတယ်။ သာမန်အသုံးစရိတ်တွင် ပိုလျှံငွေ ကျပ်သန်း ၅၈၂၅. ၁၂၀ ဖြစ်ပြီး ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ မှားယွင်းပြီး ပိုမိုအပ်နှံသည့်အတွက်ကြောင့် အပ်နှံငွေ ကျပ်သန်း ၅၈၇၈. ၄၈၄ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပိုလျှံငွေ ကျပ်သန်း ၂၆၆. ၆၁၀ ဖြစ်ပြီး အပ်နှံငွေတွင် ကျပ်သန်း ၂၆၆. ၅၇၉ ဖြစ်ပါတယ်။

ဖြည့်စွက်ခွင့်ပြုငွေရပြီးနောက် ခွဲဝေပြန်လည်အပ်နှံမှုကို ဇယား (၄) တွင် ဖော်ပြထားပါတယ်။ ဇယား (၄)မှာဆိုလျှင် သာမန် အသုံးစရိတ်ဖြည့်စွက်ခွင့်ပြုငွေကျပ်သန်း ၁၂၂၃. ၂၂၇ မှ ပြန်လည် အပ်နှံငွေကျပ်သန်း ၃၉. ၄၄၅ ဖြစ်သည့်အတွက်ကြောင့် ခွင့်ပြုငွေ ၏ ၃. ၂၂ ရာခိုင်နှုန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ဖြည့်စွက် ခွင့်ပြုငွေကျပ်သန်း ၃၆၅၀. ၇၅၈ မှ ပြန်လည်အပ်နှံငွေကျပ်သန်း ၅၂. ၇၃၆ ဖြစ်သည့်အတွက်ကြောင့် ခွင့်ပြုငွေ၏ ၁. ၄၄ ရာခိုင်နှုန်း ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ စိစစ်တွေ့ရှိချက်အရ နိုင်ငံတော်ကို ပြန်လည်ပေးသွင်းငွေ အခြေအနေကို ဇယား (၅)ဖြင့် ဖော်ပြ ပါတယ်။

ဇယား (၅)တွင် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေး နှစ်အတွက် လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးသည့်နေရာတွင် စာရင်းစစ် ရုံးအဆင့်ဆင့်မှ စစ်ဆေးတွေ့ရှိချက်များအရ သာမန်ရငွေ နှင့် ငွေလုံး ငွေရင်းရငွေမှ လျော့နည်းပေးသွင်းငွေကျပ်သန်း ၃၆. ၄၉၄ ငွေလုံး ငွေရင်းအသုံးစရိတ်နှင့် သာမန်အသုံးစရိတ်မှ ပိုမိုထုတ်ယူခြင်း ကျပ်သန်း ၁၈၂. ၅၁၂၊ စုစုပေါင်း နိုင်ငံတော်ကို

ပြန်လည်ပေးသွင်းရန် ငွေကျပ်သန်း ၂၁၉. ၀၀၆ ဖြစ်ပါတယ်။ အဲဒီပြန်လည်ပေးသွင်းငွေ အနက် ၁၈-၁၁-၂၀၁၆ နေ့တွင် သာမန်ရငွေနှင့် ငွေလုံးငွေရင်း ကျပ်သန်း ၃၆. ၄၉၄၊ ငွေလုံးငွေရင်း ရငွေနှင့် အသုံးစရိတ် ကျပ်သန်း ပေါင်း ၁၈၁. ၂၃၅၊ စုစုပေါင်း ကျပ်သန်း ၂၁၇. ၇၂၉ ပေးသွင်းခဲ့သောကြောင့် ငွေလုံးငွေရင်း အသုံးစရိတ်ပေးသွင်းရန် ကျပ်သန်း ၁. ၂၇၇ ကျန်ရှိကြောင်း တွေ့ရှိရပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဒုတိယနေ့တွင် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ တင်ပြသည့်အစီရင်ခံစာအား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ (စ) အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု နေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီ မိနစ် ၃၀ ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေး အစီအစဉ်ကို နေ့လည် ၁ နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။



D/real(wide) (6



ရငွေ လျာထားချက်နှင့် အမှန်ရငွေကို ဖော်ပြထားပါတယ်။ အဲဒီမှာ မူလခန့်မှန်းခြေရငွေ ကျပ်သန်း ၂၅၃၁. ၈၀၅ ပြုပြင်ပြီး ခန့်မှန်းခြေရငွေ ကျပ်သန်း ၂၉၇၀. ၁၀၁ ဖြစ်ပြီး အမှန်ရငွေ ကျပ်သန်း ၃၆၁၀. ၈၈၄ ဖြစ်ပါတယ်။ ပိုရငွေမှာ ကျပ်သန်း ၆၄၀. ၇၈၃ ဖြစ်ပါ တယ်။ နောက် မူလခန့်မှန်းခြေရငွေမှာ သာမန်ရငွေကတော့ ကျပ်သန်း ၃၆၁၈၄. ၈၆၁၊ ပြုပြင်ပြီးခန့်မှန်းခြေရငွေ ကျပ်သန်း ၄၀၉၇၈. ၀၈၅ ဖြစ်ပြီး အမှန်ရငွေ ကျပ်သန်း ၄၅၁၉၈. ၂၂၄ ဖြစ်ပါတယ်။ ပိုရငွေ ကတော့ ကျပ်သန်း ၄၂၂၀. ၁၃၉ ဖြစ်ပါတယ်။ ပြုပြင်ပြီး ခန့်မှန်းခြေ ရငွေကတော့ မရှိဘဲ ငွေလုံးငွေရင်းအမှန် ရငွေကတော့ကျပ်သန်း ၃. ၆၇၂ ဖြစ်ပါတယ်။ပိုရငွေမှာလည်း ကျပ်သန်း ၃. ၆၇၂ ဖြစ်ပါတယ်။

ဌာနအဖွဲ့အစည်းများ၏ အသုံးစရိတ်ခွင့်ပြုငွေ ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို တင်ပြမှာဖြစ်ပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းတွင် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေရငွေ၊ သာမန်အသုံးစရိတ်နှင့် ငွေလုံး ငွေရင်းအသုံးစရိတ် ခွင့်ပြုငွေအပေါ် အမှန်အကောင်အထည်ဖော် နိုင်မှု အခြေအနေကို ဇယား (၂) ဖြင့်ဖော်ပြထားပါတယ်။

ဇယား (၂)က အမှတ် (၃)အထိဖြစ်ပါတယ်။ အဲ့မှာ သာမန် အသုံးစရိတ်အတွက် ပြုပြင်ပြီး ခွဲဝေချထားငွေ စုစုပေါင်း ကျပ်သန်း ပေါင်း ၈၁၂၆၆. ၉၃၀ ဖြစ်ပြီး သုံးစွဲငွေ ကျပ်သန်း ၇၅၄၄၁. ၈၁၀ ဖြစ်လို့ ပိုလျှံငွေကျပ်သန်း ၅၈၂၅. ၁၂၀ ဖြစ်ပါတယ်။ သုံးစွဲငွေ ကတော့ ကျပ်သန်း ၁၇၀၃၉၆. ၁၂၄ ဖြစ်ပြီး အမှန်သုံးစွဲငွေကတော့ ကျပ်သန်း ၁၇၀၁၂၉. ၅၁၄ ဖြစ်ပါတယ်။ ပိုလျှံငွေကတော့ ကျပ်သန်း ၂၆၆. ၆၁၀ ဖြစ်ပါတယ်။ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပိုလျှံငွေ များပြားစွာဖြစ်ပေါ်သည့် ဌာနအဖွဲ့အစည်းများကို ကောက်နုတ်ပြီး ဖော်ပြပါတယ်။ အဲ့ဒီမှာ သာမန်အသုံးစရိတ်တွင် ၁၀ ဌာနရှိပြီး ငွေလုံးငွေရင်းတွင် ၂ ဌာနရှိပါတယ်။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## စတုတ္ထပုံမှန်အစည်းအဝေး

## (ဒုတိယနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်

[ သောကြာနေ့ ]

## နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လည်ပိုင်း အစီအစဉ်များအား ဆက်လက် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ် ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။



D/real(wide) (6



ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါ တယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

မဘိမ်းမြို့နယ်ရှိ ငါးအိုးကျေးရွာအုပ်စုသည် ယခင်က ကျေးရွာ အနည်းငယ်နှင့် လူဦးရေအနည်းငယ်သာရှိခဲ့သော်လည်း ယခုအခါ တွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်ရန်လိုအပ်သော အိမ်ခြေ ၁၀၀၀ ကျော် လာခြင်း၊ လူဦးရေ ၅၀၀၀ နှင့်အထက်ဖြစ်လာခြင်း၊ စည်ပင်သာယာ၊ ဈေး၊ အားကစားကွင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု ဆေးရုံ ၁ ရုံ ရှိခြင်း၊ ဆက်သွယ်ရေးစနစ်နှင့် လျှပ်စစ်မီးသုံးစွဲနိုင်မှုရှိခြင်း၊ အဓိက ကုန်စည်စီးဆင်းရာ မဟာဗျူဟာလမ်းမကြီးဖြစ်သော မန္တလေး - တကောင်း - ရွှေဘို - ဗန်းမော်လမ်းမကြီးပေါ်တွင်တည်ရှိခြင်း၊ ကချင်ပြည်နယ်၊ ရွှေကူမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့တို့နှင့် အလွန် နီးစပ်ခြင်း၊ ကုန်းလမ်း၊ ရေလမ်းတို့နှင့် ပြည့်စုံပြီး မြို့အဖြစ်သတ်မှတ် ပြီးပါက လူဦးရေတိုးတက်လာမှုအတွက် မြို့အနောက်ဘက်နှင့် မြောက်ဘက်တွင် တိုးချဲ့နိုင်သည့် မြေဧကပေါင်း ၃၀၀၀ ကျော်ရှိခြင်း တို့ကြောင့် မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးမင်းမင်းသိန်း တင်သွင်းသော ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံ လူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထု အကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန် အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်ရီရီဝင်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ကျွန်မအနေနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းဖြစ်ပါတယ်ရှင်။

မနေ့က ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထု အကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန် အဆိုကို အချက် (၃) ချက် အခြေခံကာ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အချက် (၁) အနေနဲ့ မဘိမ်းမြို့နှင့် ငါးအိုးကျေးရွာအုပ်စုအကြား ၅၉ မိုင်ခန့် ကွာဝေးမှုရှိကြောင်းသိရှိရပါတယ်ရှင်။ သို့ပါ၍ ရှမ်းပြည်နယ်အစိုးရ ၏ အုပ်ချုပ်ရေးကဏ္ဍအနေနှင့် အခက်အခဲဖြစ်နိုင်သော ဒေသ တစ်ခုခုမှန်းဆသိရှိနိုင်ပါလျှင် ငါးအိုးကျေးရွာအုပ်စုကို မြို့ပြအဆင့်သို့ တိုးမြှင့်ပေးခဲ့ပါက နယ်မြေအေးချမ်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး စသည်တို့ကို စနစ်တကျ စီမံဆောင်ရွက်နိုင်လိမ့်မည်လို့ ယုံကြည်ပါ တယ်ရှင်။



D/real(wide) (7



**“ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံ ပြည်သူလူထု အကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန် ” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမင်းမင်းသိန်း၏ အဆိုဖြစ်သည့် **“ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူ လူထု အကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြ အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန်”** အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် (၂)ဦး အမည်စာရင်း ပေးထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခိုင်ညီညီကျော်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်း နှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

အချက်(၂)အနေနဲ့ ငါးအိုးကျေးရွာအုပ်စုအတွင်း အောင်သပြေ ဈေးတည်ရှိပြီး ဆိုင်ခန်း ၂၉၇ ခန်း၊ ဆိုင်ခန်း ၂၅၀ ခန်း၊ စုစုပေါင်း ၅၄၇ ခန်းတို့ရှိကြရာ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်၏ စည်ပင်အခွန်ငွေ ကျပ်သိန်း ၃၀၀ ကျော်နှင့် အမြတ်ခွန်ငွေကျပ်သိန်း ၆၀ ကျော် စုစုပေါင်း ကျပ်သိန်း ၃၆၀ ကျော်ခန့်ကောက်ခံရရှိနေကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်ရှင်။ သို့ပါသောကြောင့် အခွန်တာဝန်ထမ်းဆောင်နေသော ဒေသတစ်ခုအဖြစ် မှတ်ချက်ချနိုင်ပါတယ်ရှင်။

အချက် (၃)အနေနဲ့ ငါးအိုးကျေးရွာအုပ်စုအား ရွှေလီမြစ်ကမ်းနံဘေးတွင် တည်ရှိသောကြောင့် မြေဩဇာ အလွန်ကောင်းမွန်သည့် စိုက်ပျိုးမြေများရှိပြီးလျှင် စိုက်ပျိုးရေးဖြစ်ထွန်းလာနိုင်သော ဒေသတစ်ခု ဖြစ်တာကိုလည်း ဆက်လက်တွေ့ရှိနိုင်ပါတယ်ရှင်။ ဒေသခံပြည်သူ များသည် စိုက်ပျိုးရေးလုပ်ငန်းကို ရိုးသားကြိုးစားစွာ လုပ်ကိုင် စားသောက်နေထိုင်နိုင်ကြသော ပြည်သူများဖြစ်တယ်။ စည်ပင်ဖွံ့ဖြိုး တိုးတက်မှု အလားအလာကောင်းများ တွေ့ရှိရပါသောကြောင့် ဦးမင်းမင်းသိန်း၏ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မဘိမ်း မြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထု အကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန် အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးလိုက် ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။



D/real(wide) (7



မြို့/ရွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်မှ မြို့/ရွာ ပြင်ဆင်ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲတည်ဆောက်ပြီး တင်ပြရမှာဖြစ်ပါတယ်။ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ လက်စွဲဥပဒေအရ မြို့အဖြစ်အဆင့်တိုးမြှင့်ပေးမည်ဆိုပါက လူဦးရေအနည်းဆုံး ၅၀၀၀ ဦးဖြစ်ရမှာဖြစ်ပြီး အိမ်ခြေအနည်းဆုံး ၁၀၀၀ ပါရှိရမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ဈေး၊ ဘောလုံးကွင်း၊ ကလေးအပန်းဖြေဥယျာဉ်၊ ကစားကွင်း၊ ၁၆ ခုတင်ဆံ့ဆေးရုံ၊ သာသနာဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ကုန်ထုတ် လုပ်မှုဆိုင်ရာ အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆန်စက်၊ ဆီစက်၊ သစ်ခွဲစက်စသည်ဖြင့် ပါရှိရမှာ ဖြစ်ပါတယ်။

နောက်ကျေးရွာဘုံမြေ၊ ကျေးရွာထင်းစိုက်ခင်း၊ အုပ်ချုပ်ရေးရုံး၊ စာကြည့်တိုက်၊ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ လျှပ်စစ်မီးရရှိမှု၊ ဆက်သွယ်ရေးအိတ်ချိန်းရုံး၊ စာတိုက်စသည်တို့ကိုလည်း ကြည့်ရှုစစ်ဆေးရမှာဖြစ်ပါတယ်။ ၎င်းအပြင် ပဆငလမ်း၊ စည်ပင်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်း၊ သောက်သုံးရေဖြန့်ဝေမှု၊ တိုးတက်လာမည့် လူဦးရေအတွက် မြို့တိုးချဲ့ရေး အစီအမံများလည်း စီမံဆောင်ရွက်ထားရမှာဖြစ်ပါတယ်။

ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ် နှင့် စနစ်တကျနေရာချထားမှုလည်းရှိရမှာဖြစ်ပါတယ်။ တိရစ္ဆာန်များ ထိန်းကျောင်းမှု အခြေအနေ၊ အမှိုက်စွန့်ပစ်ရန် မြေအနေအထား၊ မိလ္လာစွန့်ပစ်ရန်နေရာတို့လည်းရှိရမှာဖြစ်ပြီး သင်္ချိုင်းမြေနေရာ တို့လည်း သတ်မှတ်ထားရမှာဖြစ်ပါတယ်။

မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုအား မြို့အဖြစ်အဆင့်တိုးမြှင့် ဖွဲ့စည်းလိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းတွေ့ရှိရပါတယ်။ ငါးအိုးကျေးရွာအုပ်စုသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ (၅) ရွာ၊ ငါးအိုးကျေးရွာအပါအဝင် နန်းနွဲ့၊ ဥယျာဉ်၊ ပြကျောင်း၊ ရွှေကျောင်းကုန်းကျေးရွာတို့ဖြင့် ဖွဲ့စည်းထားရာ လက်ရှိမြေပြင်တွင်လည်း ၎င်းကျေးရွာ (၅) ရွာရှိပြီး ငါးအိုးကျေးရွာအုပ်စုတွင် အိမ်ခြေ ၁၄၄၁ အိမ်၊ လူဦးရေ စုစုပေါင်း ၈၇၀၂ ဦး ရှိပါတယ်။ ငါးအိုးကျေးရွာအုပ်စုသည် လမ်းပန်းဆက်သွယ်ရေးအရ မော်တော်ကားလမ်းအနေဖြင့် မန္တလေး - သပိတ်ကျင်း - ရွှေကူ - ဗန်းမော် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး မဘိမ်းမြို့နယ်နှင့် ၅၈ မိုင်ကွာဝေးပါတယ်။

အုပ်ချုပ်ရေး၊ လုံခြုံရေးအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတစ်ရုံးနှင့် ငါးအိုးရဲကင်းတစ်ခု ၎င်းအပြင် အမှတ် (၂၁၂) ခြေလျင်တပ်ရင်းရှိသဖြင့် တရားဥပဒေစိုးမိုးမှုနှင့် နယ်မြေအေးချမ်းသာယာမှု ရှိတာကိုတွေ့ရှိရပါတယ်။ ငါးအိုးကျေးရွာအုပ်စုတွင် အခြေခံပညာအထက်တန်းကျောင်း ၁ ကျောင်း၊ စာစစ်ဌာန၊ အခြေခံပညာအလယ်တန်းကျောင်း ၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၇ ကျောင်း၊ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ၁ ရုံ စသည်ဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများလည်း ဖွံ့ဖြိုးတာကိုတွေ့ရှိရပါတယ်။ ငါးအိုးကျေးရွာအုပ်စုတွင် စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ထားသည့်ဈေးတစ်ခုရှိပါတယ်။ ငါးအိုးကျေးရွာအုပ်စုတွင် မီးလင်းရေးအတွက် ရွှေကူမြို့နယ်မှ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းထားပြီး ဆက်သွယ်ရေးအတွက် တာဝါတိုင် ၂ ခု ရှိကြောင်းကို တွေ့ရှိရပါတယ်။

ငါးအိုးကျေးရွာအုပ်စု၏ လက်ရှိအကျယ်အဝန်းသည် ၄၉၈၈၀ ဧကနှင့် ၇၇. ၉၄ စတုရန်းမိုင်ရှိပြီး ပြည်နယ်လွှတ်တော်





## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၂၅(င)အရ သက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်း ဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါ တယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းမှ အဆိုတင်သွင်းထားသည့် မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုအား ကျေးရွာအုပ်စုအဆင့်မှ မြို့အဆင့်သို့တိုးမြှင့်ပေးရေးနှင့်စပ်လျဉ်းသော အဆိုအား ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ အရ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဌ်ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံ တင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

ကိုယ်စားလှယ်မှ တင်ပြထားသည့် မြို့အင်္ဂါရပ်နှင့် နှိုင်းယှဉ်ပြဇယားတွင် ပါရှိသော လူဦးရေသည် ထူထပ်သောကြောင့် နောင်တိုးတက်မည့် လူဦးရေအတွက် မြို့တိုးချဲ့ရေးအစီအမံများကို ငါးအိုးကျေးရွာ၏ အနောက်ဘက်တွင် ဧက ၁၂၀၀ နှုန်း၊ မြောက်ဘက်တွင် ဧက ၂၀၀၀ နှုန်း ဖော်ပြထားသည့် မြေနေရာများသည် မဘိမ်းမြို့နယ်၏ ငါးအိုးသစ်တောကြိုးဝိုင်းအတွင်းတည်ရှိပြီး သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ထားသော မြေနေရာများဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ငါးအိုးကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်မည်ဆိုပါက အဆိုပါမြေနေရာများအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခွင့်ရရှိမှသာ အမှုတွဲတည်ဆောက်ရေးလုပ်ငန်းကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အထက်ပါအချက်များအရ ငါးအိုးကျေးရွာအုပ်စုသည် မြို့အသွင်ဖွံ့ဖြိုးတိုးတက်နေပြီး မြို့အင်္ဂါရပ်နှင့် ညီညွတ်သည်ကို စိစစ် တွေ့ရှိရပြီး မြို့အဖြစ်ဖွဲ့စည်းမည်ဆိုပါကလည်း ငါးအိုးမြို့အဖြစ် တိုးချဲ့ပါက အနီးပတ်ဝန်းကျင်ကျေးရွာအုပ်စုများဖြစ်သည့် ခက်ငုံ၊ ငုံစင်း၊ ချောင်းဝကျေးရွာအုပ်စုများမှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ယခင်ကထက် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ် ပါတယ်။

မြို့အဖြစ် ဖွဲ့စည်း၍ တိုးတက်လာသော ဌာနများ၌ ဒေသခံလူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်မည့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်သောလုပ်ငန်းများ လျင်မြန်လွယ်ကူလာမှာဖြစ်ပါတယ်။ မြို့အဖြစ် ဖွဲ့စည်းခြင်းအားဖြင့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိသောကြောင့် ဒေသဖွံ့ဖြိုးရေးကို တိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။





(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ၎င်းအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါကြောင်း ကြေညာအပ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း၁၂ရက်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၉ ရက်

[ တနင်္လာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးထက်မာန်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းဝေးစတင်ကျင်းပခြင်း

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်





သို့ဖြစ်ရာ ငါးအိုးကျေးရွာအုပ်စု၊ ငါးအိုးမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းလိုပါက မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ ၎င်းတို့၏ သဘောထားမှတ်ချက်များ၊ ဒေသခံများ၏ သဘောထားများနှင့်အတူ မြို့/ရွာပြင်ဆင်ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲ ပြည့်စုံစွာတည်ဆောက်ပြီး ခရိုင်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အဆင့်ဆင့်တင်ပြရန်လိုအပ်ပါတယ်။

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့/ရွာပြင်ဆင်ဖွဲ့စည်းရေး အမှုတွဲ လက်ခံရရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲနှင့်အတူ တင်ပြပြီး ပြည်နယ်အစိုးရမှ ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်၊ အစည်းအဝေးမှတ်တမ်း၊ အမှုတွဲတို့နှင့်အတူ နိုင်ငံတော် သမ္မတရုံးသို့ ဆက်လက်အဆိုပြုတင်ပြပေးသွားမှာဖြစ်ပါတယ်။ သို့ပါ၍ ၎င်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဒီအဆိုနှင့် စပ်လျဉ်းပြီး ဆက်လက်အကောင်အထည်ဖော်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒီအဆိုကို အတည်ပြုသင့်ကြောင်း မှတ်ချက်ပြု ပြောကြားသွားပါတယ်။

ဒါကြောင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်းကအစည်းအဝေးရဲ့ ပထမနေ့မှာ တင်သွင်းတဲ့ အဆိုအား လွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး(တတိယ) နေ့အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး**။ လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ် ရေးကော်မတီရဲ့ တင်ပြချက် အရအစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၁၃၅)ဦးရှိသည့် အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၃)ဦး တက်ရောက်ပါတယ်။အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း ၏ (၈၃. ၇၀%) ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။





အစည်းအဝေးသို့တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စားနမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူးဖြစ်သူကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ -

(၁) ဒေါက်တာလင်းထွဋ်၊ ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက်ခွင့် (၁)ရက်။

(၂) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး)က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့် (၁)ရက်။

(၃) ဦးစံလွင်၊ ဟိုပုံးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက်ခွင့် (၁) ရက်။

(၄) ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင် ဆောင်ရွက်ရန်အတွက်ခွင့် (၁) ရက်။

(၅) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်။

(၆) ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက်ခွင့် (၁)ရက်။

(၇) ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက်ခွင့် (၁) ရက်။

(၈) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက်ခွင့် (၁) ရက်။

(၉) ဦးစိုးညွန့်လွင် (ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးကကိုယ်တိုင် ဆောင်ရွက်ရန်အတွက်ခွင့် (၁) ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ(၁၃)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၉)ဦးအား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များ ကိုခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၅)ဦး၊ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ စုစုပေါင်းခွင့်ပြုထားသူ (၂၂)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်



D/real(wide) (7



## ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယ)နေ့ အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထား၍ တက်ရောက်သော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၉-၁-၂၀၁၇)ရက်နေ့(တတိယနေ့)မှာ

ရယူမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကိုလွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကအတည်ပြုပါသည်။)**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်း နှင့်ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၈)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာတာဝန်ရှိ ပြည်နယ်အဖွဲ့အစည်းက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်လူကမေးခွန်း (၁၊၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။





အသုံးပြုခ ကောက်ခံတိုးလ်ဂိတ် (Toll Gate)များသည် မြို့နယ်တိုင်းတွင်တည်ရှိပါသည်။ တစ်ချို့မြို့နယ်များတွင် တိုးလ်ဂိတ် (Toll Gate)နှစ်ဂိတ်ရှိပါသည်။ ဥပမာ- လားရှိုးမြို့နယ်ဆိုလျှင်ဖြင့် လားရှိုးမြို့မှ သိန္နီမြို့အထွက်တွင် (၁)ဂိတ်၊ လားရှိုးအနောက်ဘက် သီပေါသို့ထွက်သောလမ်းတွင် (၁)ဂိတ်ထားရှိပြီး နောင်ချိုတွင်လည်း အလားတူ ကျောက်မဲမှနောင်ချိုမြို့အဝင်(၁)ဂိတ်၊ နောင်ချိုအထွက် ပန့်ပွေးမှာ(၁)ဂိတ်ထားရှိပါသည်။ ဂိတ်တစ်ခုနှင့်တစ်ခုသည် မြို့ဖြင့်သာခြားထားသည်ကိုတွေ့ရှိရပါသည်။

ထိုနည်းတူ ချင်းရွှေဟော်-လားရှိုးလမ်းပိုင်းတွင်လည်း ကွမ်းလုံ-သိန္နီနယ်တွင် လမ်းတံတား အသုံးပြုခကောက်ခံသောဂိတ်ထားရှိပါသည်။ သိန္နီမြို့နယ်တွင် သိန္နီမြို့မှ ကွမ်းလုံအထွက်လမ်း မြို့နှင့် တစ်မိုင်ခန့်ရှိ ပန်လော့ရွာတွင် တိုးလ်ဂိတ်(Toll Gate)(၁)ခုထားရှိပြီး သိန္နီမြို့နှင့် (၁၈)မိုင်သာဝေးသော နမ့်စလပ်တွင် တိုးလ်ဂိတ်(Toll Gate)(၁)ခု ထပ်မံချထားခဲ့ပါသည်။ သိန္နီမြို့နယ် ကွတ်ခိုင်အထွက်လမ်းတွင်လည်း တိုးလ်ဂိတ်(Toll Gate) (၁)ဂိတ်ထားရှိပါသည်။ ထို့ကြောင့်သိန္နီမြို့နယ် တစ်ခုတည်းတွင် တိုးလ်ဂိတ်(Toll Gate)စုစုပေါင်း(၃)ခုချထားနေသည်ကို တွေ့ရှိရပါသည်။

သိန္နီမြို့နယ် ကွတ်ခိုင်အထွက်လမ်းနှင့် သိန္နီမြို့အရှေ့ဘက် ကွမ်းလုံအထွက်လမ်းတွင် စုစုပေါင်း ဂိတ်(၃)ခု ရှိနေသဖြင့် ပြည်သူလူထုအတွက် ဝန်ထုတ်ဝန်ပိုး ကြီးမားလှပါ၍ ဂိတ်များအားလုံးကို စုစည်းပြီး (၁)ဂိတ် တည်းထားရှိကာ သိန္နီမြို့၏ တောင်ဘက်လားရှိုးမြို့အထွက်ဘက်သို့ ထားရှိပါက အင်မတန်သင့်မြတ်ကောင်းမွန်ပါသဖြင့် အကြံပြုတင်ပြလိုပါသည်။ ထိုကဲ့သို့ ပြုလုပ်လိုက်ခြင်းအားဖြင့် ကုမ္ပဏီမှာလည်း မြေနေရာနှင့် ဝန်ထမ်းခန့်ထားခြင်းမှာလည်း သက်သာလာမည်ဖြစ်ပြီး ပြည်သူလူထုအနေ



D/real(wide) (7

ဖြင့်လည်း လမ်းတံတားအသုံးပြုခများ သက်သာသွားမည်ဖြစ်ပါသည်။ အလားတူ ရှမ်းပြည်(မြောက်ပိုင်း) မှ အခြားမြို့တွင်လည်း တည်ရှိမည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ လမ်းတံတားအသုံးပြုခနှင့် တိုးလ်ဂိတ်(Toll Gate)များ၏ သတ်မှတ်ချက်နှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို မေးမြန်း အပ်ပါတယ်-

(က) လမ်းတံတား ဆောက်လုပ်ရေးကုမ္ပဏီသည် နိုင်ငံတော်အစိုးရနှင့် သဘောတူလက်မှတ်ထိုးထားသော လမ်းတံတားအသုံး ပြုခ ကောက်ခံသော တိုးလ်ဂိတ်(Toll Gate)များ ကို ဂိတ်တစ်ခုနှင့် တစ်ခုကြား မိုင်တိုင်မည်မျှခြားရ သနည်း။

(ခ) မြို့နယ်တစ်ခုတွင် ဂိတ်ဘယ်နှစ်ခု ထားခွင့်ရှိပါသနည်း။

(ဂ) သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းထက် ကျော်လွန်၍ ထားရှိသော ဂိတ်များကို ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည်။ အကယ်၍ ရုပ်သိမ်းပေးပါက မည်သည့် အချိန်ကာလတွင် ရုပ်သိမ်းပေးမည်နည်း။ အစီအစဉ် မရှိပါက အဘယ်ကြောင့်နည်း။

ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို လေးစားစွာ မေးမြန်းအပ်ပါသည်။

မေးခွန်းနံပါတ်(၂)အနေဖြင့် မိုဘိုင်းဖုန်း(Mobile Phone) ဆက်သွယ်ရေး တာဝါတိုင် ရွှေ့ပြောင်းပေးနိုင်ရေးအတွက် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ သိန္နီမြို့နယ် အတွင်းရှိ မိုဘိုင်းဖုန်း(Mobile Phone)ဆက်သွယ်ရေး တာဝါတိုင်



D/real(wide) (7



**ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ ဖြစ်ပါတယ်။

လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးစွာ ကျွန်တော့် အနေဖြင့် ပထမမေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်း နံပါတ်(၁)- **“လမ်းတံတားအသုံးပြုခနှင့် တိုးလ်ဂိတ်(Toll Gate)များ၏ သတ်မှတ်ချက်များ”**နှင့် စပ်လျဉ်းသည့်မေးခွန်းဖြစ်ပါတယ်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မူဆယ်-မန္တလေးကားလမ်းနှင့် ချင်းရွှေဟော်-လားရှိုးကားလမ်းပိုင်းတွင် တည်ရှိသော ORIENTAL HIGH WAY Co.Ltd မှ တည်ဆောက်ထားသည့် လမ်းတံတား အသုံးပြုခ ကောက်ခံသော တိုးလ်ဂိတ်(Toll Gate)များသည် ယခင်က Asia World ကုမ္ပဏီမှ တည်ဆောက်ထားသော ဂိတ်များဖြစ်ပါသည်။ ၎င်းလမ်း တံတားအသုံးပြုခကောက်ခံသော ဂိတ်များသည် Asia World ကုမ္ပဏီမှသော်လည်းကောင်း၊ ORIENTAL HIGH WAY ကုမ္ပဏီ မှသော်လည်းကောင်း အစိုးရနှင့် သဘောတူထားသော စာချုပ် စာတမ်းနှင့် စည်းမျဉ်းစည်းကမ်းများသည် ပြည်သူလူထုကို ပွင့်လင်းမြင်သာစွာ ချပြခြင်းမရှိပေ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူဆယ်-မန္တလေးကားလမ်းမပေါ်တွင် မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲနှင့် နောင်ချိုစသည့်မြို့များသည် လမ်းတံတား

တစ်ချို့နေရာတွင် ကျေးရွာအတွင်း၊ လူနေအိမ်ဝင်းအတွင်းတွင် စိုက်ထူထားနေသည်ကို တွေ့ရှိရပါသည်။ ထိုတာဝါတိုင်များသည် ၂၀၁၀ ရွေးကောက်ပွဲ လွန်ကာလ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အကြား တွင် စိုက်ထူထားသော တိုင်များဖြစ်ပါသည်။ မိုဘိုင်းဖုန်း(Mobile Phone)တာဝါတိုင် စိုက်ထူစဉ် ကာလတွင် အာဏာရအစိုးရမှ အုပ်ချုပ်ရေးဘက်သော် လည်းကောင်း၊ ဖုန်းဆက်သွယ်ရေး ထူထောင်ခွင့်ရှိသော ကုမ္ပဏီသော် လည်းကောင်း၊ နိုင်ငံရေးပါတီမှ အာဏာရလွှတ်တော် ကိုယ်စားလှယ်များသော်လည်းကောင်း မိုဘိုင်းဖုန်း(Mobile Phone)တာဝါတိုင်နှင့် ပတ်သက်သောဘေးထွက်ဆိုးကျိုးများ၊ ပတ်ဝန်းကျင် သက်ရောက်မှုများ၊ လျှပ်စစ်သံလိုက်နှင့် ပတ်သက်သော အသိအညာဆွေးနွေးပေးခြင်းနှင့် ဆက်သွယ်ရေး တာဝါတိုင်နှင့် ပတ်သက်သော စည်းမျဉ်း စည်းကမ်းများကို ပွင့်လင်းမြင်သာမှု ရှိစေရန် ချပြခြင်းအားနည်းပြီး ဒေသခံပြည်သူ လူထု၏ လိုအပ်ချက်များနှင့်မက်လုံးပေးပြီး စည်းရုံး သိမ်းသွင်းကာ လူနေအိမ်ခြံမြေဝင်းအတွင်း၊ ရပ်ရွာအလယ်ခေါင်တွင် ဆက်သွယ်ရေးတာဝါတိုင်စိုက်ထူခဲ့ပါသည်။

ထိုသို့မသိနားမလည်သော ကျေးရွာပြည်သူလူထုများသည် လည်းမကြုံစဖူးသည့် လွယ်ကူသောဆက်သွယ်ရေးစနစ်ကို သုံးစွဲမည် ဟူသော မျှော်လင့်ချက်ဖြင့် တစ်ခွန်း တစ်ပါဒမှ ကန့်ကွက်ခြင်း မရှိခဲ့သလို အချို့နေရာတွင်လည်း ပတ်ဝန်းကျင်၏ ဆန္ဒသဘောထား ကို ရယူခြင်း မပြုခဲ့ပါ။ သို့ဖြစ်ပါ၍ ၄င်းတာဝါတိုင်များ တည်ဆောက် ပြီးသောအချိန်မှစ၍ အသုံးပြုကာလကြာမြင့် လာသည်နှင့်အမျှ မိုဘိုင်းဖုန်း(Mobile Phone) ဆက်သွယ်ရေးတာဝါတိုင်၏ ဘေးထွက်ဆိုးကျိုးများ စတင်ခံစား လာပါတော့သည်။ တာဝါတိုင်မှ အသုံးပြုသော



D/real(wide) (7



တာဝါတိုင်များ၏ စည်းမျဉ်းစည်းကမ်းများကို အောက်ပါ မေးခွန်းများဖြင့် မေးမြန်း အပ်ပါသည်-

(က) တာဝါတိုင်နှင့် လူနေအိမ် မည်မျှဝေးကွာ ရမည်နည်း။

(ခ) စည်းမျဉ်းစည်းကမ်းနှင့် မညီသော ဦးစိုင်းစံမြင့် အိမ်ဝင်းတွင် စိုက်ထူထားသော ooredoo တာဝါတိုင်များကို ရွှေ့ပြောင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ။

ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရကိုလေးစားစွာ မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင် က ကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော် သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့ရင်း ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးခွန်ရဲထွေးဖြစ်ပါတယ်ခင်ဗျား။ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ၏ ပထမမေးခွန်းဖြစ်တဲ့ လမ်းတံတားအသုံးပြုခနှင့် တိုးလ်ဂိတ်(Toll Gate)နှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြ မေးခွန်းကိုဖြေကြားသွားမှာ

ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန (လုပ်ငန်းလုပ်ကိုင်ခွင့် ပြုသူ)နှင့် (B.O.T) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကုမ္ပဏီများ ပဋိညာဉ်စာချုပ်ချုပ်ဆိုရာတွင် လမ်းတံတားအသုံးပြုခ ကောက်ခံရန် ဂိတ်များစနစ်တကျ ထားရှိနိုင်ရေးအတွက် လမ်းအသုံးပြုခ ကောက်ခံရန် ဂိတ်တည်ဆောက်သော နေရာသည် လုပ်ငန်း လုပ်ကိုင်ခွင့်ရသူမှ တာဝန်ယူသောလမ်းအပိုင်း၏ မိုင်အရှည်အရ လမ်းတစ်မိုင်နှုန်းပေါ်အခြေခံ၍ လမ်းအသုံးပြုခ ကောက်ခံ သွားရန်နှင့် ဒေသခံ အာဏာပိုင်အဖွဲ့အစည်းမှ ခွင့်ပြုသော ဂိတ် တည်ဆောက်သော နေရာသည် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူမှ အသိအမှတ်ပြုသော သင့်တော်သည့်နေရာဖြစ်ရပါမည်။

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"သည် ခွင့်ပြုထားသော လမ်းအပိုင်းပေါ်ရှိတံတားများအသုံးပြုခကို ကောက်ခံရာတွင်ပေ (၁၈၀) နှင့်အထက်ရှည်သည့် တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက်ထားသော တံတားများအား လေလံစနစ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်ထားသော တံတားများအတွက် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" နှင့် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"တို့၏ ညှိနှိုင်းသဘောတူညီသည့် နှုန်းထားဖြင့်သာ ကောက်ခံရန်ဖြစ်သည်။ တံတားအသုံးပြုခကို နီးစပ်ရာ လမ်းအသုံးပြုခကောက်ခံသည့် ဂိတ်တွင် တစ်ပေါင်းတည်း ကောက်ခံသွားရန်ဖြစ်သည်။

လမ်း၊တံတားအသုံးပြုခကောက်ခံခွင့်ပြုထားသော လမ်းမကြီးနှင့်ဆက်သွယ်နေသည့် အခြားလမ်းမှ မော်တော်ယာဉ်များအတွက် လမ်း၊ တံတားအသုံးပြုခကောက်ခံရန် လိုအပ်သည့်နေရာများတွင် အဆင့်မီဂိတ်များ တည်ဆောက်ခွင့်ပြုသည်။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"က လိုအပ်၍တင်ပြလာလျှင် ဂိတ် (၁)


D/real(wide) (8



ခြောက်လုံးထိုး၊ လေးလုံးထိုးအင်ဂျင် (Engine)မီးစက် မောင်းနှင် အသုံးပြုခြင်းကြောင့် ပတ်ဝန်းကျင်အသံဆူညံခြင်း၊ စက်သံ၏ တုန်ခါမှုကြောင့် အာရုံကြောအနှောင့်အယှက်ပေးခြင်း၊ မိုးရွာချိန်၊ မိုးခြိမ်းချိန်တွင် လျှပ်စီးဖြစ်ပေါ်ခြင်းကြောင့် မိုးကြိုးလွှဲမှ တစ်ဆင့် မီးပွင့်မီးကျည်ပမာ လျှပ်စီးဖြစ်ပေါ်ခြင်း၊ ကျန်းမာရေး ထိခိုက်မှုရှိခြင်း၊ ကျောင်းနေကလေးသူငယ်များ၏ ပညာရေး အနှောင့်အယှက်ပေးခြင်းနှင့် သံလိုက်လျှပ်စစ်စက်ကွင်းဖြစ်ပေါ်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးအမျိုးမျိုးခံစားနေရပါသည်။ ၎င်းဖြစ်ရပ်များမှာ သိန္နီမြို့နယ်၊ စယ်အူကျေးရွာအုပ်စု၊ မန်မိုင်ရွာရှိ တာဝါတိုင်နှင့် ကွန်ကောက်ကျေးရွာအုပ်စု၊ ပိန်းဟုန်းရွာတာဝါတိုင်များဖြစ်ပါသည်။

၂၀၁၆ခုနှစ်၊ အောက်တိုဘာလ(၁၃)ရက်နေ့တွင် ကွန်ကောက်ကျေးရွာအုပ်စု၊ ပိန်းဟုန်းရွာအတွင်းရှိ ဦးစိုင်းစံမြင့် နေအိမ်ဝင်းအတွင်း စိုက်ထူထားသော ooredoo တာဝါတိုင်သည် လျှပ်စစ်မီးပျက်၍ မိုဘိုင်းဖုန်း(Mobile Phone)တာဝါတိုင်အတွက် အသုံးပြုရန် ခြောက်လုံးထိုးအင်ဂျင် မီးစက်နိုးပြီး အသုံးပြုရာတွင် တာဝါတိုင်နှင့် ပေ(၃၀)ခန့် ကွာသော အုတ်တံတိုင်းသည် မြေကြီး၏ တုန်ခါမှုကြောင့် အရှည်ပေ (၅၀)ခန့် ပြိုကျပျက်စီးခဲ့ပါသည်။ ၎င်းအနီးရှိ နေအိမ်တွင် နေထိုင်သော ဦးစိုင်းလှဖေသည်လည်း တာဝါတိုင်တပ်ဆင်ပြီးနောက်ပိုင်းတွင် လျှပ်စစ်သံလိုက်စက်ကွင်း အတွင်း သက်ရောက်မှုရှိကြောင်းယူဆကာ ကျန်းမာရေးထိခိုက်မှု ရှိနေသည်မှာ ယနေ့တိုင်ပါ။ ဘေးပတ်ဝန်းကျင်ရှိ လူနေအိမ် အဆောက်အဦသည်လည်း စက်၏ တုန်ခါမှုကြောင့် စိုးရိမ်နေရ ပါသည်။

ထိုတာဝါတိုင်များကို လူနေအိမ်နှင့် လှမ်းသော နေရာများတွင် ရွှေ့ပြောင်းပေးပါရန် ပြည်သူလူထုမှ အကြိမ်ကြိမ် တောင်းဆိုနေပါသည်။ ထို့ကြောင့် မိုဘိုင်း(Mobile )ဆက်သွယ်ရေး

ဂိတ်ထက်ပို၍တည်ဆောက်ခွင့်ပြုမည်။ လမ်း၊တံတား အသုံးပြုခကို လမ်းပိုင်းအလိုက် မိုင်အရှည်နှင့်လမ်း အသုံးပြုခ (၁)မိုင်နှုန်းမြှောက်၍ရသည့်ကျသင့်ငွေ စုစုပေါင်းကို ဂိတ်မှ ငွေလက်ခံဖြတ်ပိုင်းပေး၍တစ်ပေါင်းတည်းကောက်ခံရမည် ဟူသောအချက်များ ပဋိညာဉ်စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားပါသည်။

ထို့ပြင် ၁၂-၃-၂၀၀၈ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကုန်သွယ်မှု မူဝါဒကောင်စီ အစည်းအဝေး အမှတ်စဉ်(၁၁/၂၀၀၈)မှတ်တမ်းအရ Toll Gate များကို မိုင်အကွာ အဝေးအရ တည်ဆောက်စေခြင်းမပြုဘဲ လုပ်ကိုင်ခွင့်ပြုထားသည့်လမ်းအနေအထား၊ လမ်းအပိုင်းအလိုက်သာ တည်ဆောက် စေရန်၊ Toll Gate များအကြားတွင် အခြားလမ်း၊ တံတားအသုံးပြုခကောက်ခံသည့် Gate များထားရှိခြင်းမပြုရန် ညွှန်ကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ လမ်းတံတားအသုံးပြုခကောက်ခံသော တိုလ်းဂိတ် (Toll Gate) များကို ဂိတ်တစ်ခုနှင့်တစ်ခုကြား မိုင်တိုင်မည်မျှခြားရမည် ဟူသော သတ်မှတ်ချက်နှင့် မြို့နယ်တစ်ခုတွင် ဂိတ်မည်မျှထားရှိရ မည်ဟူသော သတ်မှတ်ချက်များ မရှိပါကြောင်းနှင့် သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းထက်ကျော်လွန်၍ ထားရှိသော ဂိတ်များမရှိပါသဖြင့် ရုပ်သိမ်းရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် မိုဘိုင်း(Mobile) ဆက်သွယ်ရေး တာဝါတိုင်များ၏ စည်းမျဉ်းစည်းကမ်းများအရ တာဝါတိုင်နှင့် လူနေအိမ်မည်မျှ ကွာဝေးရမည်နည်းနှင့် သိန္နီမြို့နယ်၊ ကွန်ကောက်ကျေးရွာအုပ်စု၊ ပိန်းဟုန်းရွာ အတွင်းရှိ စည်းမျဉ်းစည်းကမ်းနှင့် မညီသော ဦးစိုင်းစံမြင့် အိမ်ဝင်းတွင်စိုက်ထူထားသော(Ooredoo) တာဝါတိုင်များကို ရွှေ့ပြောင်းပေးနိုင်ရန်အစီအစဉ် ရှိ/မရှိ သိရှိလို





လျက်ရှိပါသည်။ ထို့အပြင် တာဝါတိုင်တည်ဆောက်ရာတွင် ဘေးပတ်လည်အကွာအဝေး (Protection Aera)ကို (၁၂. ၅) မီတာအကွာအဝေးအဖြစ် သတ်မှတ်ပေးထားပါသည်။

တာဝါတိုင်တည်ဆောက်မည့် မြေဧရိယာ (၅၀×၅၀)ပေကို Digicel Myanmar Tower ကုမ္ပဏီသည် ၆-၅-၂၀၁၅ရက်စွဲပါ (၁၅)နှစ် သက်တမ်းရှိ မြေငှားရမ်းခြင်း သဘောတူစာချုပ်ဖြင့် ဦးစိုင်းစံမြင့် ထံမှ တစ်လလျှင် ငွေကျပ်(၂)သိန်းနှုန်းဖြင့် ငှားရမ်းထားရှိခြင်း ဖြစ်ပြီး တာဝါတိုင်အား (၄၀)ပေ ပတ်လည်သံဇကာဖြင့် ခြံစည်းရိုးကာရံထားကြောင်း တွေ့ရှိရပါသည်။ တာဝါတိုင်ခြံစည်းရိုးမှ မြောက်ဘက်ရှိ ပြည်ထောင်စု ကားလမ်းကြီးနှင့် (၁၄၅)ပေ၊ တာဝါတိုင်ခြံစည်းရိုးမှ အရှေ့ဘက်ရှိ ဦးစိုင်းဆန်မွန်း နေအိမ် ခြံစည်းရိုးနှင့် (၂၅)ပေ၊ တာဝါတိုင် ခြံစည်းရိုးမှ အနောက်ဘက်ရှိ ဦးစိုင်းရွှေလူ၏နေအိမ်ခြံစည်းရိုးနှင့် (၂၇)ပေ ကွာဝေးသဖြင့် ဆက်သွယ်ရေးဌာနမှ သက်မှတ်ထားသော ( Protection Aera )ကို (၁၂. ၅)မီတာ /(၄၁. ၂၅)ပေခန့်၏ အပြင်သို့ ကျရောက်နေပါ သဖြင့် သတ်မှတ်ချက် ဧရိယာအရ လွတ်ကင်းကြောင်း စိစစ်တွေ့ရှိရပါသည်။

တာဝါတိုင်နှင့် ရေဒီယိုစခန်းများသည် ဆက်သွယ်ရေး ကွန်ရက်၏ လွှမ်းခြုံမှုနှင့် ရေဒီယိုလှိုင်းများ၏ အရည်အသွေးကို သေချာမှုရှိစေရန်၊ ကောင်းမွန်သော ချိတ်ဆက်မှုဖြင့် တည်ရှိနေစေရန် စနစ်တကျနေရာချရသော ဆက်သွယ်ရေး၏ မရှိမဖြစ် အစိတ်အပိုင်း တစ်ခုဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်း ဆက်သွယ်ရေး ကွန်ရက်လုံခြုံမှုတိုးမြှင့်လာစေရန်နှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများကို နယ်မြေသစ်များဆီသို့ တိုးမြှင့်ပေးအပ်ရန် မိုဘိုင်း (Mobile)ရေဒီယိုစခန်းများကို စံချိန်စံညွှန်းနှင့် အညီ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သိန္နီမြို့နယ်၊ ကွန်ကောက်ကျေးရွာအုပ်စု၊ ပိန်းဟုန်းရွာအတွင်းရှိ ဦးစိုင်းစံမြင့်၏ နေအိမ်ဝင်းအတွင်းရှိ Ooredoo တိုင်သည် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လိုင်စင်ချထားပေးသော ကုမ္ပဏီနှင့် မြေရှင်တို့ နှစ်ဦးမှ ဥပဒေနှင့်အညီချုပ်ဆိုထားသော သဘောတူစာချုပ်များအရ ဆောင်ရွက်သော လုပ်ငန်းဖြစ်ပါသဖြင့် ဆက်သွယ်ရေးတာဝါတိုင် ပြောင်းရွှေ့ရန်အစီအစဉ် မရှိသေးကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ်၊ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဂါဝရပြုဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နမ့်စန်မြို့၊ အမှတ်(၄)ရပ်ကွက်၊မင်းလမ်းနံဘေးမှာ တည်ရှိတဲ့ Micro Wave Station အဆောက်အဦဟာ ၁၉၉၉-၂၀၀၀ခန့်က ခန့်ညားစွာ တည်ဆောက်ပြီးစီးခဲ့ပြီး နမ့်စန်မြို့နယ် အတွင်း Micro Wave System ဖြင့် ကြိုးမဲ့တယ်လီဖုန်းများ ဆက်သွယ်ရေးအတွက် အထူးအားထားခဲ့ရပါတယ်။


D/real(wide) (8



ပါသည်ဟူသော မေးခွန်းနှင့်ပတ်သက်၍ သိန္နီမြို့နယ်၊ ကွန်ကောက်ကျေးရွာအုပ်စု၊ ပိန်းဟုန်းကျေးရွာအတွင်းရှိ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် ပြည်ထောင်စုလမ်းမကြီးဘေး၊ ဦးစိုင်းစံမြင့်၏ နေအိမ်ခြံဝင်းတွင် Digicel Myanmar Tower ကုမ္ပဏီသည် ဆက်သွယ်ရေးတာဝါတိုင်ကို တည်ဆောက်ထား ရှိပြီး MPT၊ Ooredoo နှင့် Telenor အော်ပရေတာ (၃)မျိုးတပ်ဆင် အသုံးပြုလျက်ရှိပါသည်။ အဆိုပါတာဝါတိုင် ဆောက်လုပ်မည့် နေရာနှင့်ပတ်သက်၍ သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့၏ လုံခြုံရေးစိတ်ချရကြောင်းထောက်ခံချက်၊ အိမ်ရှင် ဦးစိုင်းစံမြင့်နှင့် ဘေးပတ်ဝန်းကျင် ဦးစိုင်းရွှေလူတို့၏ ကန့်ကွက်ရန် မရှိကြောင်း သဘောထားလက်မှတ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ထောက်ခံချက်များအရ တာဝါတိုင်ဘေးပတ်လည် အကွာအဝေး (Protection Aera )ကို (၁၂. ၅)မီတာ (၄၁. ၂၅)ပေခန့် အကွာအဝေးဖြင့် စတင်လုပ်ဆောင်ခဲ့ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ၂-၁၁-၂၀၁၆ရက်စွဲပါ စာအမှတ်၊ ၁၂၇၇၇/၇၃၂၅/အစရ(ရှမ်း) ဖြင့် ဆက်သွယ်ရေးတည်ဆောက်ခြင်းလုပ်ငန်း စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီး ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝါတိုင်များတည်ဆောက်ရန် ခွင့်ပြုချက်လိုင်စင်ရယူထားသော ကုမ္ပဏီအနေဖြင့် ငှားရမ်းဆောင်ရွက်မည့် မြေနေရာနှင့်ပတ်သက်၍ တာဝါတိုင်တည်ဆောက်ခြင်း ခွင့်ပြုချက်တောင်းခံရာတွင် သတ်မှတ်ပေးထားသော စည်းကမ်းချက် အတိုင်းတည်ဆောက်အသုံးပြုရန် စိစစ်ဆောင်ရွက်စေလျက်ရှိသကဲ့သို့ မြေပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ မြေပိုင်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာနဆိုင်ရာ အဖွဲ့အစည်း များ၏ ပိုင်ဆိုင်မှုအထောက်အထားများ၊ ပတ်ဝန်းကျင်နေအိမ်များ၏ ထောက်ခံချက်သဘောထားများအား တောင်းခံ၍ စိစစ်ခွင့်ပြု

**ကန့်သတ်**

**၁၆၅**

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလမှာ ဆူနာမီလျှောင်လှုပ်ခတ်မှုကနေ လျှောင်ကြောဆက်စပ်မှုရှိတဲ့ နမ့်စန်မြို့နယ်ဟာ လျှောင်ရိုက်ခတ်မှု ဒဏ်ကြောင့် အစိုးရရုံး၊ ကျောင်း၊ ဌာနများ အချို့ပျက်စီးဆုံးရှုံးခဲ့ ရသလို အဆိုပါ Micro Wave အဆောက်အဦဟာလည်း ကြီးမား သော အက်ကွဲမှုများ၊ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဥပမိရုပ် ယိုယွင်းပျက်စီး၊ ထီးထီးကြီးတည်ရှိနေခဲ့တာ ကြာမြင့်ခဲ့ပြီးဖြစ် ပါတယ်။ အဆိုပါ Micro Wave System အဆောက်အဦကြီးဟာ အဆိုပါ လျှောင်ဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း အကြီးစားပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း တို့အတွက် သက်ဆိုင်ရာမြို့နယ်ဆက်သွယ်ရေးဌာန ကတင်ပြခဲ့သော်လည်း ယနေ့အထိ မည်သည့်ပြင်ဆင်ရန် (သို့မဟုတ်) ဖျက်သိမ်းရန် ညွှန်ကြားချက်များ မသိရှိရသေးကြောင်း။ အဆိုပါ Micro Wave အဆောက်အဦကြီး ပြန်လည်ပြုပြင်လိုပါက အကြီးစားပြင်ဆင် မှုပြုလုပ်နိုင်သော်လည်း နှစ်ကာလကြာပြီဖြစ်၍ အန္တရာယ်ရှိ အဆောက်အဦအဖြစ် တည်ရှိလာနိုင်သဖြင့် သက်ဆိုင်ရာမှ ပြုပြင် ထိန်းသိမ်းရန်(သို့မဟုတ်) ပယ်ဖျက်ရန် လိုအပ်သော ကြပ်မတ် စစ်ဆေး ခြင်းများ ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါသဖြင့် ပြုပြင်မွမ်းမံ၊ ထိန်းသိမ်းရန်(သို့မဟုတ်) အဆောက်အဦဖျက်သိမ်းခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအား လွှတ်တော် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့သို့ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။



D/real(wide) (8

**ကန့်သတ်**



(စက်တင်ဘာလ၊ အောက်တိုဘာ၊ နိုဝင်ဘာ)လ များတွင် (၄၉ပေ× ၃၃ပေ×၁၅ပေ) RC (၁)ထပ် အဆောက်အဦ အသစ် ထပ်မံ ဆောက်လုပ်ပြီးစီးခဲ့ပြီး ၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ ပထမအပတ်တွင် Micro Wave စခန်း အဆောက်အဦ အဟောင်းမှစက်ပစ္စည်း များအား အဆောက်အဦအသစ်သို့ ပြောင်းရွှေ့တပ်ဆင်ခဲ့ပြီး အဆောက်အဦဟောင်းအား ဆက်လက်အသုံးပြုထားခြင်း မရှိပါကြောင်းနှင့် အဆောက်အဦဟောင်းအား ဖျက်သိမ်းခွင့် ရရှိနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်သို့ ၁၆-၁၂-၂၀၁၆ရက်စွဲပါစာအမှတ်၊ စမက/လင-လွှတ်တော်/၁၆-၁၇/၈၃၃ဖြင့် တင်ပြထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းခမ်းအောင်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်အမှူးထားသည့် အစိုးရအဖွဲ့ဝန်ကြီးများ အားလုံးကိုလေးစားပါကြောင်း ဂါဝရပြုအပ်ပါတယ်ခင်ဗျား။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)လွှတ်တော် ကိုယ်စားလှယ်ကျွန်တော်စိုင်းခမ်းအောင်မှ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းလိုပါတယ်ခင်ဗျား။

မေးခွန်းမှာ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုအား ကျေးရွာအဆင့်မှ မြို့အဖြစ်တိုးမြှင့်သတ်မှတ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရ၏ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့်

မည်သည့်အတွက်ကြောင့် မြို့အဆင့်သတ်မှတ်နိုင်ခြင်း မရှိရသည့် အကြောင်း သိရှိလိုပါသည်။

နမ့်လန်ကျေးရွာအုပ်စုသည် သီပေါမြို့မှ (၃၉)မိုင်ခန့်အကွာ သီပေါ၊ ပန်ကေတု၊ လွယ်လင်လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ နမ့်လန်ကျေးရွာအုပ်စုသည် ရပ်ကွက် (၁၁)ရပ်ကွက်၊ ကျေးရွာ(၅)ရွာ ဖြင့်ဖွဲ့စည်းထားသည့် ကျေးရွာအုပ်စုကြီးတစ်ခုဖြစ်ပါသည်။ နမ့်လန် ကျေးရွာအုပ်စုတွင် အိမ်ခြေပေါင်း (၂၇၈၇)အိမ်၊ အိမ်ထောင်စုပေါင်း (၂၈၄၄)စု၊ လူဦးရေပေါင်း (၁၄၈၁၄)ဦး နေထိုင်လျက်ရှိသည့် ကျေးရွာ အုပ်စုကြီးတစ်ခုဖြစ်ပါသည်။ နမ့်လန်ကျေးရွာအုပ်စုတွင် တပ်ရင်း (၃)ရင်း၊ တပ်နယ်ဆေးရုံတစ်ရုံတည်ရှိပါသည်။ ယင်းအပြင် မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်အဆင့်ရှိသည့် စခန်းမှူးအုပ်ချုပ်သော (ခ)အဆင့် ရဲစခန်း(၁)ခု၊ (၂၅)ခုတင်ဆန့် ဆေးရုံ(၁)ရုံ၊ အခြေခံပညာ အထက် တန်းကျောင်း(၁)ကျောင်းနှင့် စာစစ်ဌာန(၁)ခု၊ အခြေခံပညာ အလယ်တန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာ အလယ်တန်း ကျောင်းခွဲ (၁)ကျောင်း၊ အခြေခံပညာ မူလတန်း လွန်ကျောင်း (၁)ကျောင်း၊ အခြေခံပညာ မူလတန်း ကျောင်း(၆)ကျောင်း ရှိပါ သည်။ ဆက်သွယ်ရေးကဏ္ဍတွင် စာတိုက်နှင့် ကြေးနန်းရုံး(၁)ခု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်း အိတ်ချိန်း (၁)ခုနှင့် MPT မှ မိုဘိုင်းဖုန်း ဆက်သွယ်ရေးစခန်း(၁)ခု၊ အော်ရီဒူးနှင့် တယ်လီနော ကုမ္ပဏီ တို့၏ဆက်သွယ်ရေး တာဝါတိုင် များရှိပါသည်။ ယင်းအပြင် ဘာသာရေးဆိုင်ရာ အဆောက်အဦများအဖြစ် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း(၅)ကျောင်း၊ မဟာမြတ်မုနိဘုရားကြီး၊ မြို့နံ့စေတီ၊ ရွှေစေတီစသည်များ၊ ဟိန္ဒူ ဘုရားရှိခိုးကျောင်း (၁) ကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုး ကျောင်း(၁)ကျောင်း၊ အစ္စလာမ် ဘာသာဝင်တို့ ၏ ဝတ်ပြုရာဗလီကျောင်း (၁)ကျောင်းရှိပါသည်။





**ဦးခွန်ရဲထွေး ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့ရင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးဖြစ်ပါတယ်ခင်ဗျား။ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၏ မေးခွန်း ဖြစ်တဲ့ နမ့်စန်မြို့နယ်၊အမှတ်(၄) ရပ်ကွက်၊ မင်းလမ်းနံဘေးရှိ Micro Wave Station ဆက်သွယ်ရေး အဆောက်အဦအား ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ခြင်း (သို့မဟုတ်) အဆောက်အဦဖျက်သိမ်းခြင်း များ ဆောင်ရွက်ရန် အစီအစဉ်ရှိ/ မရှိသိရှိလိုပါသည်ဟူသောမေးခွန်း နှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။

လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်ရှိ Micro Wave စခန်းသည် (မိတ္ထီလာ- တောင်ကြီး-ကျိုင်းတုံ)ဆက်ကြောင်းပေါ်ရှိ Micro Wave စခန်းတစ်ခုဖြစ်ပြီး (၁၉၉၇-၁၉၉၈)ဘဏ္ဍာရေးနှစ်တွင် စတင် ဆောက်လုပ်ခဲ့ပြီး ၁၉၉၉ခုနှစ်၊ ဧပြီလတွင် စတင်ဖွင့်လှစ်အသုံးပြု ခဲ့ပါသည်။ ၂၆-၁၂-၂၀၀၄ရက်နေ့ (၀၈၀၅)အချိန် ဂျပန်နိုင်ငံ၊ ဆူနီမီလျင် ဖြစ်စဉ်ဖြစ်ပွား ပြီးနောက် အဆိုပါ Micro Wave စခန်း(၄၉ပေ×၃၃ပေ×၂၄ပေ) RC (၂)ထပ် အဆောက်အဦ၏ နံရံများ၊ ပြူတင်းပေါက်များ၊ ကြမ်းခင်းများ အက်ကွဲပျက်စီးခဲ့ပြီး အန္တရာယ်ရှိ အဆောက်အဦအဖြစ် ကျရောက်ခဲ့ပါသည်။ အဆိုပါနမ့်စန် Micro Wave စခန်း၏ ချို့ယွင်းမှု အခြေအနေ များအား ဓါတ်ပုံမှတ်တမ်း များဖြင့် ရန်ကုန် (ရုံးချုပ်)သို့ တင်ပြခဲ့ရာ ရုံးချုပ်မှ ၂၀၀၅ခုနှစ်၊

ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများတွင် စည်ပင် သာယာရေးဈေး (၁)ဈေးနှင့် ကွဲ၊ နွားဈေး(၁)ခု၊ နေအိမ်ဈေး ဆိုင်ကြီးများ၊ ပွဲရုံလုပ်ငန်းများ၊ ဆန်စက်၊ ဆီစက်လုပ်ငန်းများ၊ ခေါက်ဆွဲစက်လုပ်ငန်းများ များစွာရှိပါသည်။ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွင် နမ့်လန်မှ မန္တလေးသို့လည်းကောင်း၊ နမ့်လန်မှ မူဆယ်သို့လည်းကောင်း ပြေးဆွဲနေသည့် မော်တော်ယာဥ်လိုင်းများရှိပြီး၊ နမ့်လန်မှ သီပေါ၊ ကျောက်မဲ၊ လားရှိုးမြို့များသို့ နေ့ချင်းပြန် ပြေးဆွဲလျက်ရှိသည့် ယာဉ်လိုင်းများလည်းရှိနေပါသည်။လျှပ်စစ်မီးရရှိရေးအတွက် ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် သီပေါမြို့ရှိ ဓါတ်အားခွဲရုံမှ နမ့်လန်သို့ ကျပ်သိန်းပေါင်း (၁၄၀၀၀)ကျော် အကုန်ကျခံပြီး သွယ်တန်း၍ နမ့်လန်တွင် 33/11 KV 3 MVA ဓါတ်အားခွဲရုံတစ်ရုံတည်ဆောက်ပြီး (၆-၂-၂၀၀၉) နေ့မှစ၍ လျှပ်စစ်မီးကို အင်အားအပြည့် (၂၄)နာရီအသုံးပြုနိုင်ခဲ့ပြီးဖြစ်ပါသည်။ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွင်လည်း နမ့်လန်ကျေးရွာအုပ်စု အနီးရှိ နားမခေါ်၊ စယ်ခန်၊ မန်ခိုင်း၊ ဆီထောက်၊ မိုင်းခေး၊ နားလေ၊ ဟိုခို၊ မန်လီ၊ ပန်ဟုန်း၊ ကွန်ခါး၊ မိုင်းတုံ၊ မန်ပတ်၊ နမ့်မော်ဆွေ၊ မန်ကျောင်း(လီ)၊ ကုံးယုံး၊ နားလေ(လီ)၊ ကောင်းခံ၊ ဟိုခဲ၊ ကုန်းဆာ၊ ကုန်းစုံ၊ မန်မွန်း၊ မန်ကျောင်းစသည့် ကျေးရွာအုပ်စု (၂၁)အုပ်စုရှိ ရွာများအပြင် မိုင်းကိုင်မြို့နယ်၊ ရပ်စောက်မြို့နယ် အတွင်းရှိ ကျေးရွာများမှလည်း နေ့စဉ်လာရောက် ရောင်းဝယ်ဖောက်ကား လျက်ရှိပါသည်။ နမ့်လန်ဒေသ၏ အဓိကထွက်ကုန်များမှာ ပြောင်း၊ မြေပဲ၊ နှမ်း၊ ဆန်စပါးများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နမ့်လန်ကျေးရွာအုပ်စုသည် ဖော်ပြပါ အခြေအနေအရပ်ရပ်များကြောင့် ကျေးရွာအုပ်စုအဆင့်မကဘဲမြို့အခြေအနေတွင် ရှိနေပါသည်။ မြို့အဖြစ်တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက်လည်း ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်



D/real(wide) (8



လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်မေးမြန်းလာသည့် မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုအား နမ့်လန်မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းနိုင်ရေးအတွက် နမ့်လန်ကျေးရွာအုပ်စုရှိ ကျေးရွာ (၁၆)ရွာအနက် ကျေးရွာ(၁၄) ရွာအား မြို့အဖြစ်တိုးမြှင့်ဖွဲ့စည်းရန် ဒေသခံပြည်သူများ၏ ဆန္ဒသဘောထားများရယူ၍ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ သဘောတူညီချက်များရယူကာ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ပြင်ဆင်ဖွဲ့စည်းခြင်း လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များနှင့်အညီ အမှုတွဲတည်ဆောက်ပြီး (၂၈-၁၂-၂၀၁၅)ရက်စွဲပါစာအမှတ်၊ ၁/၁-၂(၄၇၇)/ဦး၁(အထဥ)ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ အမှုတွဲများပေးပို့တင်ပြဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ထိုသို့အမှုတွဲများ တည်ဆောက်ပြီး နမ့်လန်ကျေးရွာအုပ်စုအား နမ့်လန်မြို့အဖြစ်တိုးမြှင့်ဖွဲ့စည်းရာတွင် မူလနမ့်လန်ကျေးရွာအုပ်စုမှ ယာမြေ (၅၇၄. ၅၅)ဧက၊ တောရိုင်းမြေ(၁၁၁. ၃၅) ဧကတို့အား မြို့မြေအဖြစ်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများမှ မြေအမျိုးအစားအလိုက် အခြားနည်းအသုံးပြုခွင့်ခွင့်ပြုမိန့်ရရှိရေး လိုအပ်လျက်ရှိပါတယ်။ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၆၂)၊ ပေါက်ချယ်ကွင်း၊ ဦးပိုင်အမှတ်(၃၂+၃၃)၊ ဧရိယာ (၃၀. ၀၀)ဧက၊ ကွင်းပြင် ကွင်းပေါင်း(၁၃)ကွင်း၊ ဧရိယာ (၅၄၄. ၅၄)ဧက၊ စုစုပေါင်း (၅၇၄. ၅၅)ဧကရှိ ယာမြေများကိုနမ့်လန်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းရာတွင် မြို့မြေအဖြစ် အသုံးပြုခွင့်

ရရှိရေးအတွက် မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့်ကို သီပေါမြို့နယ် နှင့် ကျောက်မဲခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီး ဌာနတို့မှ စိစစ်ပြီး ကျောက်မဲခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၆-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၉၀၈/ မအ-၄ဖြင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီး ဌာန၊ တောင်ကြီးမြို့သို့ ပြန်လည်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

တောရိုင်းမြေဧရိယာ (၁၁၁. ၃၅)ဧကနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ ၂၀၁၂ခုနှစ်တွင် အတည်ပြုပြဌာန်းထားရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၄(ဃ)အရ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်း အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားနိုင်ရေး တောရိုင်းမြေမှ အခြားနည်းအသုံးပြုခွင့် အမှုတွဲ တည်ဆောက်တင်ပြနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်၍ နမ့်လန်ကျေးရွာအုပ်စုအား နမ့်လန်မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းရာတွင် ပါဝင်သည့် ယာမြေ(၅၇၄. ၅၅)ဧကအား မြို့မြေအဖြစ်အသုံးပြုခွင့် ရရှိရေးအတွက် မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်၊ ခွင့်ပြုမိန့် ရရှိရန်အခြေအနေနှင့် တောရိုင်းမြေ (၁၁၁. ၃၅)ဧကတို့အား မြို့မြေအဖြစ်အသုံးပြုခွင့်ရရှိရေး လိုအပ်လျက် ရှိသော မြေအမျိုးအစားအလိုက် ခွင့်ပြုမိန့်များရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရရှိပါက မြို့အဖြစ်တိုးမြှင့် သတ်မှတ်ပေးနိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။





တောင်ကြီးမြို့၏ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့စွဲပါ စာအမှတ် ၁/၁-၂(၄၇၇)ဦး ၁(အထ၃)ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့တင်ပြ ခဲ့ပြီးဖြစ်ပါသည်။ ယင်းအပြင်သီပေါ မြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှလည်း လူနေထိုင်ရန် အတွက် လယ်ယာမြေအခြား နည်းအသုံးပြုခွင့်နှင့်တောင်ရိုင်းမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားနိုင်ရန် လိုအပ်သော မြေစာရင်းပုံစံ (၁၀၅)ရေးဆွဲခွင့် လျှောက်ထားလွှာကိုလည်း ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တောင်ကြီးမြို့သို့ လိပ်မူပြီး ၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်နေ့စွဲဖြင့် ပေးပို့ထားပြီးကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုအား ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရ၏ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မည်သည့် အတွက်ကြောင့် မြို့အဆင့်တိုးမြှင့်သတ်မှတ်နိုင်ခြင်း မရှိရသည့် အကြောင်းကို သိရှိလိုပါသည်။ နမ့်လန်ကျေးရွာအုပ်စု အား ကျေးရွာ အဆင့်မှ မြို့အဆင့်သို့တိုးမြှင့်သတ်မှတ်နိုင်ရေး အတွက် ရှမ်းပြည်နယ် အစိုးရမှလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ် ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကျန်းမာ ရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်း (၁နှင့် ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။** အားလုံးပဲမင်္ဂလာပါရှင်။ ယနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကျွန်မ ဒေါ်နန်းစမ်းစမ်းအေး၊ မဲဆန္ဒနယ်အမှတ်(၁)၊ သီပေါမြို့နယ်မှ စည်ပင်သာယာရေးဌာန၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြစ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်သော ကာလသတ်မှတ်ချက်၊ ခွင့်ပြုချက် နှင့်ပတ်သက်၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၀၅အရ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်ရာတွင် စည်ပင်သာယာရေးဌာန၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြစ်သည့် (၃)လတစ်ကြိမ် လပတ်စနစ်ဖြင့် ငွေကြေးခွဲဝေချထား သုံးစွဲနေသည်ကို သိရှိရပါသည်။ စည်ပင်သာယာရေးဌာနမှ လုပ်ငန်းဆောင်ရွက်မှုနည်းပါးမှု၊ နှေးကွေးမှုအပေါ် ပြည်သူများမေးခွန်းထုတ်လာသည့်အတွက် စည်ပင်သာယာရေးဌာနအလုပ်အမှုဆောင်အား မေးမြန်းကြည့်ရာ မူလဘတ်ဂျက်ရေးဆွဲစဉ်တွင် နှစ်အလိုက်ရေးဆွဲအတည်ပြုပြီးဖြစ်သော်လည်း (၃)လပတ်အလိုက် ငွေထုတ်ခွင့်ပြုချက်ဖြင့်သာ သုံးစွဲခွင့်ရှိခြင်းဖြစ်ပြီး (၃)လပတ်အတိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများမှအပ အခြားလုပ်ငန်းများဆောင်ရွက်၍ မရကြောင်း၊ လုပ်ငန်းသုံးပစ္စည်း ကျောက်၊ အုတ်၊ သစ်များကြိုတင်ဝယ်ယူစုဆောင်းရန် ရန်ပုံငွေ ခွင့်ပြုမှုမရှိပါကြောင်း၊ (၃)လပတ်အလိုက်သာပြီးစီးမည့် လျာထား လုပ်ငန်းသာ လုပ်ရပါကြောင်း သိရှိရပါသည်။





ပစ္စည်းများ)ကို အသုံးပြုခွင့်ရပါသည်။ဘတ်ဂျက် လျာထားချက် မပါရှိသေးသော မြို့နယ်၏ကျန်အခြား ဖွံ့ဖြိုးရေးအပိုင်းအတွက် ပြည်သူလူထုမှ မိမိတို့ရပ်ကွက်၊ ကျေးရွာအတွက်ရေပေးရေး လုပ်ငန်း၊ လမ်းတံတား တည်ဆောက်ရေး လုပ်ငန်းများကို ကိုယ်ထူ ကိုယ်ထ (ငွေကြေး ပူးပေါင်း သော) ပုံစံဖြင့် လုပ်ဆောင်လိုသည်ကို သိရှိရပါသည်။ ဌာနမှ ငွေကြေးအရမကူညီနိုင်သော်လည်း ဌာန၏ နည်းပညာပိုင်းနှင့် စက်ပစ္စည်းအကူအညီ၊ ယန္တရားအကူအညီများ ပေါင်းစပ် ကူညီပေးနိုင်ရန် ပြည်သူလူထုမှ မေးမြန်းတောင်းခံလာ ပါသည်။

လက်ရှိတွင် ထိုသို့ကူညီပေးမည်ဆိုပါက ဌာနအနေဖြင့် အထက်သို့ ခွင့်ပြုမိန့်တောင်းခံနေရပါသည်။ ခွင့်ပြုမိန့်ရရှိရန် (၂)လ ခန့် စောင့်ဆိုင်းရပြီးမှသာ လိုအပ်သောအကူအညီပေါင်းစပ်မှုများ လုပ်ဆောင်ပေးနိုင်သည့်အတွက် အချိန်များ ကြန့်ကြာခြင်း၊ ဆောက်လုပ်ရေးလုပ်ဆောင်ရန် ခက်ခဲသည့်အချိန်အတွင်း ခွင့်ပြုမိန့်ကျခြင်း (ဥပမာ-မိုးရာသီအတွင်း) စသည့်အခက်အခဲများ တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ထိုဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူလူထုဘက်မှ လိုအပ်သော ငွေကြေးများဖြင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါက ဌာနဘက်မှ သက်ဆိုင်ရာ စက်ယန္တရားများ ပူးပေါင်းလုပ်ဆောင်နိုင်ခွင့်ကို အထက်အမိန့်စောင့်ဆိုင်းရန် မလိုဘဲ ပြည်သူလူထုအင်အားနှင့် ပူးပေါင်းလုပ်ဆောင်ခွင့် ရှိ/မရှိနှင့် ရှိပါက သက်ဆိုင်ရာ ဌာနသို့ ထိုသို့လုပ်ဆောင်နိုင်သည့် ညွှန်ကြားချက်ပေးပို့နိုင်ရန် ပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစွဲဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါ စေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါ၀ရပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

စည်ပင်သာယာရေးဌာန၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြစ်သည့် ရန်ပုံငွေသုံးစွဲခွင့်ကို (၃)လပတ်စနစ်မဟုတ်ဘဲ (၆)လပတ်စနစ်ဖြင့် ရန်ပုံငွေအသုံးပြုခွင့် ပြင်ဆင်ချမှတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ်မရှိပါက မည်သည့်အကြောင်းပြချက်ကြောင့် မရှိသည်ကိုနှင့် မည်သို့သော စနစ်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည်ကို သိရှိလိုပါသည်မေးခွန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း တင်ပြလိုပါသည်-

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော အခြားဌာနများနည်းတူ စည်ပင်သာယာရေးဌာနအား ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်မှစ၍ ရငွေရရှိမှုအပေါ် မူတည်ပြီး အသုံးစရိတ်ငွေထုတ်ကန့်သတ်ချက်များကို (၃)လပတ်လျှင် (၁)ကြိမ် ထုတ်ယူသုံးစွဲစေခဲ့ပါသည်။ ခွင့်ပြုရန်ပုံငွေအပေါ် ငွေထုတ် ကန့်သတ်ချက်ကို (၃)လပတ်လျှင် (၁)ကြိမ်ကန့်သတ် ထုတ်ပေးခြင်းဖြင့် သုံးစွဲရန် မလိုအပ်သေးသော အသုံးစရိတ်များကို ထုတ်ယူခြင်းမှ ကာကွယ်ခြင်း၊ အလွဲသုံးစားမှုများ မဖြစ်ပေါ် စေရန် ထိန်းချုပ်နိုင် ခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများကို ထိန်းချုပ်ပေးနိုင်ခြင်းစသည့် အားသာချက်များရရှိနိုင်ပါသည်။ သို့သော် စည်ပင်သာယာရေးဌာန၏



D/real(wide) (8



ယခင်စည်ပင်သာယာရေးသုံးစွဲမှုမှာ (၁)နှစ်စာ ရန်ပုံငွေ သုံးစွဲမှုချပေးသည့်အတွက် ဘတ်ဂျက်ပါလုပ်ငန်းများကို ကြိုတင် ပြင်ဆင်ပစ္စည်းဝယ်ယူဆောင်ရွက်နိုင်ပြီး ရာသီဥတု အခြေအနေ၊ လုပ်ငန်းလိုအပ်ချက်အပေါ် ချက်ချင်းဆောင်ရွက်ပေးနိုင်သောကြောင့် လုပ်ငန်းများတွင်ကျယ်ပြီး အချိန်နှင့်တစ်ပြေးညီလုပ်ဆောင်နိုင်သည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ရန်ပုံငွေ ထုတ်ယူသုံးစွဲမှု (၃)လပတ်စနစ်ကန့်သတ်ချက်ကို ဖြေလျှော့ပြီး (၆)လတစ်ကြိမ်ခွင့်ပြုပေးနိုင်ပါက လုပ်ငန်းများမြန်ဆန်ထိရောက်စွာ လုပ်ဆောင်လာနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရန်ပုံငွေသုံးစွဲခွင့်ကို (၃)လပတ်စနစ်မဟုတ်ဘဲ(၆)လပတ်စနစ်ဖြင့် ရန်ပုံငွေအသုံးပြုခွင့် ပြင်ဆင်ချမှတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါသည်။အစီအစဉ်မရှိပါက မည်သည့်အကြောင်းပြချက်ကြောင့် မရှိသည်ကိုနှင့်မည်သို့သောစနစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုပါသည်။ ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)ကို မေးမြန်း သွားမှာဖြစ်ပါတယ်ရှင်။

ပြည်သူလူထုနှင့် အစိုးရဌာနများ ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခွင့်နှင့်ပတ်သက်၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ၁၀၅အရ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြို့နယ် အတွင်းရှိ စည်ပင်သာယာရေးဌာနများအနေဖြင့် ရန်ပုံငွေ လျာထားမှုအပေါ် ဘတ်ဂျက်များ ရေးဆွဲပြီး ပြည်သူလူထု၏ လိုအပ်ချက်အတိုင်း လမ်းတံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ကြရပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ဘတ်ဂျက်လျာထားချက်အတွင်း ပါဝင်သော စီမံကိန်းများအတွက် ဌာန၏ငွေကြေးထောက်အပံ့၊ နည်းပညာပိုင်းနှင့်စက်ပစ္စည်း အကူအညီ၊ ယန္တရားအကူအညီ (ဥပမာ- ကတ္တရာစေး၊ လမ်းကြိတ်စက် စသည့်

အရေးတကြီး ဆောင်ရွက်ရသည့်လုပ်ငန်းများ၊ အချိန်ကာလနှင့် တစ်ပြေးညီဆောင်ရွက်ရသည့်လုပ်ငန်းများ၊ ပြည်သူလူထု၏ တောင်းဆိုမှုနှင့် ဆောင်ရွက်ရသည့်လုပ်ငန်းများအတွက် အသုံးစရိတ်များ ထပ်မံလိုအပ်ပါက (၃)လပတ်များအတွင်း အသုံးစရိတ်ငွေထုတ်ကန့်သတ်ချက်များ ထပ်တိုးတင်ပြတောင်းခံနိုင်ပါသည်။ စည်ပင်သာယာရေးဌာန၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းဖြစ်သည့် ရန်ပုံငွေသုံးစွဲ ခွင့်ကို (၃)လပတ်စနစ်မဟုတ်ဘဲ (၆)လပတ်စနစ်ဖြင့် ရန်ပုံငွေအသုံးပြုခွင့် ပြင်ဆင်ချမှတ်ပေးရန်ကိစ္စနှင့် ပတ်သက်၍ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီး ဌာနများသို့ သဘောထားမှတ်ချက်များ တောင်းခံခဲ့ရာ အောက်ပါအတိုင်းပြန်ကြားလာပါသည်-

(က) ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ စည်ပင်သာယာရေးဌာနများတွင် (၆)လပတ်အတွင်း သုံးစွဲရန်မလိုအပ်သေးသော အသုံးစရိတ်များ ထုတ်ယူခြင်းမပြုရန်၊ မသမာမှု အလွဲသုံးစားမှုများ မပေါ်ပေါက်ရန် ဌာနတွင်းထိန်းချုပ် ကွပ်ကဲမှုများ ပြုလုပ်ပါက ဘဏ္ဍာရေးနှစ်၏ ကျန်(၆)လအတွက် (၆)လပတ် (၁)ကြိမ်အနေဖြင့် ငွေထုတ် ကန့်သတ်ချက်များဖြင့် ဖွင့်လှစ်ဆောင်ရွက်ခွင့် အပေါ် ကန့်ကွက်ရန် မရှိကြောင်း၊

(ခ) ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ စည်ပင်သာယာရေးဌာန၏ငွေထုတ် ကန့်သတ်ချက် ဖွင့်လှစ်ခြင်းအား ရငွေရာခိုင်နှုန်း ပြည့်မီမှု အခြေအနေကို ထည့်သွင်းစဉ်းစား၍ (၃) လပတ်လျှင် (၁)ကြိမ် ငွေထုတ် ကန့်သတ်ချက် ဖွင့်လှစ်သင့်ကြောင်း၊



D/real(wide) (8



**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ဟာ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ယခု ကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ ကျွန်တော်တို့ မိုင်းပျဉ်းမြို့နယ်၊ တုံတာတိုက်နယ်ဆေးရုံမှာ မရှိသေးသည့် ခြံစည်းရိုးကို အုတ်ခြံစည်းရိုးအဖြစ် ဆောက်လုပ်ခွင့်ပေးဖို့ အစီအစဉ် ရှိ/မရှိ စပ်လျဉ်း၍ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပျဉ်းမြို့နယ်မှာ တုံတာတိုက်နယ်ဆေးရုံဟာ ဆိုလျှင် လွန်ခဲ့သည့်နှစ်ပေါင်း(၃၀) ကျော်ကတည်းက တည်ဆောက်ပေးခဲ့ပြီး တုံတာမြို့ပြည်သူလူထု (၃၃၀၀)ကျော်ရှိသည့်အပြင် ဆက်စပ်သည့်ကျေးရွာအုပ်စုများ၊ ပြည်သူလူထုများအတွက် ကျန်းမာရေး လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိနေရပါတယ်။ ဒါပေမဲ့လည်း ဆေးရုံတည်ဆောက်သည့်အချိန်ကာလမှာ ခြံစည်းရိုးမရှိခဲ့ပါဘူး။ ဒါကြောင့် သက်ဆိုင်ရာ တုံတာပြည်သူလူထုက ကိုယ်ထူကိုယ်ထ စနစ်ဖြင့် နှစ်စဉ်နှင့်အမျှ လိုအပ်သည့် ခြံစည်းရိုးကို မိမိဒေသထွက်ဝါးများဖြင့် ကာရံတည်ဆောက်ပေးခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါတယ်။ သို့သော်လည်းပဲ ယခုအချိန်အခါမှာ ဒီဒေသထွက်ဝါးများ ဟာဆိုလျှင် ရှားပါးလာတာဖြစ်သည်နှင့်အညီ လက်လှမ်းမမီသည့် ဒေသမှာ ရှိသည့်အတွက်ကြောင့် နှစ်စဉ်လိုအပ်သည့် ခြံစည်းရိုးကာရံဖို့ အခက်အခဲများ ရှိလာသည်ဖြစ်သည့်အတွက်ကြောင့် လက်ရှိ

ကျွန်တော်တို့ တုံတာမြို့နယ်အတွက် လုံခြုံရေးကိစ္စ၊ အခြားကိစ္စ၊ ဝိစ္စများအတွက် ပိုပြီးတော့ ရေရှည်ခံမည့် ခြံစည်းရိုး၊ ပိုမိုပြီးတော့ လုံခြုံ စိတ်ချရသည့်ခြံစည်းရိုးအဖြစ် အုတ်ခြံစည်းရိုးများ တည်ဆောက်ခွင့် ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းပြီး လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့အား မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ မိုင်းပျဉ်းမြို့၊ တုံတာမြို့တိုက်နယ်ဆေးရုံအား အုတ်ခြံစည်းရိုးကာရံခြင်းအတွက် ဆောက်လုပ်ခွင့်ပြုမည့် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်၊ တုံတာဆေးရုံ၏ ဝင်းအကျယ်မှာပေ (၃၀၀၀)ခန့်ရှိပြီး ၄င်းဝင်းအကျယ်အဝန်း အတိုင်းအတာကို မိုင်းပျဉ်းမြို့နယ်ကုသရေးဦးစီးဌာနမှတစ်ဆင့် အုတ်တံတိုင်းကာရံခြင်းတင်ပြလာသည့်အတွက် ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အင်ဂျင်နီယာရဲ့ အသေးစိတ် တွက်ချက်မှုဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၁ရက်၊ ရက်စွဲပါ စာအမှတ်၊ ၉၇၈/ ကုသ (အဆ၃)/၂၀၁၆ဖြင့် ကုသရေးဦးစီးဌာန(နေပြည်တော်)သို့





သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့၏ သဘောထားများအား စုစည်းပြီး ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဘတ်ဂျက်လျာထားချက်တွင်မပါဝင်သော မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စည်ပင်သာယာရေးဌာနများမှ သက်ဆိုင်ရာ စက်ယန္တရားများပူးပေါင်း လုပ်ဆောင်နိုင်ခွင့်ကို အထက်အမိန့်စောင့်ဆိုင်းရန်မလိုဘဲ ပြည်သူလူထုအင်အားဖြင့် ပူးပေါင်း လုပ်ဆောင်ခွင့် ရှိ/မရှိနှင့် ရှိပါက သက်ဆိုင်ရာဌာနသို့ ထိုသို့ လုပ်ဆောင်နိုင်သည့် ညွှန်ကြားချက်ပေးပို့နိုင်ရန် မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းတင်ပြလိုပါသည်-

ဘတ်ဂျက်လျာထားချက်တွင် မပါဝင်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများမှ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး ပြည်သူလူထုမှ ကိုယ့်အားကိုယ်အားလုပ်ငန်းများဆောင်ရွက်ရာတွင် လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လည်းကောင်း၊ စည်ပင်သာယာရေးဌာနများမှ သက်ဆိုင်ရာယာဉ်၊ စက်၊ ယန္တရားများအားပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် လိုကြောင်း ပြည်သူလူထုမှ စည်ပင်သာယာရေးဌာနများသို့ တင်ပြလာပါက သက်ဆိုင်ရာယာဉ်၊ စက်၊ယန္တရားများပူးပေါင်းဆောင်ရွက်ခြင်းကိုအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ထိုသို့ ပူးပေါင်းပါဝင်ဆောင် ရွက်ထားရှိမှု အခြေအနေများအား အထက်ဌာနသို့ တင်ပြ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။

တိုက်နယ်ဆေးရုံ ၀၄၀၂ ငွေစာရင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေတင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ခွင့်ပြုလာပါကဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းဖွေးဟွမ်ဦးက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဝန်ကြီး များအားလုံးမင်္ဂလာပါ။ ကျွန်မကတော့ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းဖွေးဟွမ်ဦးဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုသည့်အကြောင်းအရာကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် အတွင်းရှိ CDMA 450 နှင့် GSM ဖုန်းလိုင်းများ တပ်ဆင်ထားမှု အခြေအနေနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်သည် ဆက်သွယ်ရေးအနေအထားအရ CDMA 450 ဖုန်းလိုင်းတစ်လိုင်းတည်းကိုသာ ဆက်သွယ်အသုံးပြုနေရပါသည်။ ယခုအချိန်တွင် ယင်း CDMA 450 ဖုန်းလိုင်းမှာလဲ အသုံးပြု၍ မရဘဲ ဆက်သွယ်မှုပြတ်တောက်သည်မှာ နှစ်လနီးပါးခန့်ရှိပြီဖြစ်သည်။



D/real(wide) (9



လင်းခေးခရိုင်၊ မောက်မယ်မြို့ရှိ CDMA 450 BTS စခန်းသည် ၂၀၁၆ခုနှစ် အောက်တိုဘာလ ၄ရက်နေ့ (၅)နာရီအချိန်မှ စတင်၍ ဆက်သွယ်မှုများ ပြတ်တောက်ခဲ့ပြီး သွားရောက်စစ်ဆေးခဲ့ရာ CDMA BTS ၏ Operation လုပ်ဆောင်သော ကတ် (Card) များ ချို့ယွင်း သဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ Spare Card မှာယူ၍ ၂၀၁၆ခုနှစ် အောက်တိုဘာလ ၁၇ရက်နေ့တွင် အစားထိုး ပြုပြင်ခဲ့သော်လည်း အဆင်မပြေသဖြင့် ရုံးချုပ်သို့ အကြိမ်ကြိမ်ပြန်လည်ပို့ဆောင်၍ ကောင်းမွန် စေရေးဆောင်ရွက်ခဲ့ပါသည်။ CDMA 450 စက်ပစ္စည်းများ၏ Spare Card များမှာ ပြင်ပမှ ထပ်မံမှာ ယူ၍ မရရှိနိုင်တဲ့အတွက်ကြောင့် အခြားစက်မှရရှိသော Operation Card များဖြင့် အစားထိုး ပြုပြင်ပေးခဲ့သဖြင့် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့မှာ မောက်မယ် CDMA 450 စနစ်မူလအတိုင်း ပြန်လည်ကောင်းမွန်ပြီးဖြစ်ပါသည်။

မောက်မယ်မြို့ရှိ GSM မိုဘိုင်းစခန်းအား ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ဖွင့်လှစ်ရန် မူလကရည်မှန်းထားရှိခဲ့သော်လည်း အဆိုပါစခန်းတွင် တပ်ဆင်ရန်လိုအပ်သော ရေဒီယိုစက်ပစ္စည်းများမှာ ပြည်ပသို့ မှာယူရခြင်းဖြစ်ပြီး အချိန်မီရောက်ရှိခြင်းမရှိသေးပါသဖြင့် လျာထားသည့်ကာလမှာ ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ပါဘူး။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နည်းပညာဌာနကြီးအနေဖြင့် မောက်မယ်မြို့နယ် GSM တာဝါတိုင်အား ၂၀၁၇ခုနှစ် ဧပြီလအတွင်းမှာ ဖွင့်လှစ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းကမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို နှစ်သစ်မှာကျန်းမာ၊ချမ်းသာပါစေကြောင်း မေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။

ကျွန်တော်ဒီကနေ့ မေးမြန်းသွားမည့် မေးခွန်း ကတော့ ရေထွက်နှင့်ပတ်သက်သောမေးခွန်းဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်မှာ မြနန္ဒာရေကန်နှင့်ရေဖြူရေကန် (၂)ကန်ရှိပါတယ်။ ရေဖြူရေကန်မှထွက်သည့်ရေဟာ ချောင်းရိုးတစ်လျှောက်စီးပြီးတော့ မြနန္ဒာရေကန်မှာစုစည်းပါတယ်။

ဒါပေမဲ့ ၁၉၇၅ခုနှစ် ပုဂံမြေငလျင်လှုပ်သည့်အချိန်မှာ အဆိုပါရေကန် ရေထွက်ဟာ ရေထွက်ခြင်းမရှိတော့ဘဲ ရပ်တန့်သွားခဲ့ပါသည်။ ရပ်တန့်သွားခဲ့သည်မှာ ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ အထိဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၆ခုနှစ် ငလျင် ပြန်လှုပ်သည့်အခါမှာ ဆင်ဖြူကန်ရေထွက်ဟာ ရေပြန်လည်ထွက်ရှိခဲ့ပါတယ်။ အဲတာကြောင့် ဆင်ဖြူကန်ရေထွက်ကြီးဟာ ငလျင်လှုပ်လို့ ဖြစ်တာလား။ ငလျင်လှုပ်လို့တစ်ခါထွက်တယ်။ ငလျင်လှုပ်လို့ တစ်ခါရေမထွက်တာကို သုတေသနပြုသင့်ပါတယ်။ သုတေသနပြု လုပ်နိုင်ဖို့ဆိုတာလည်း အစိုးရကကူညီပေးမှုဖြစ် ပါတယ်။ ဒါကြောင့် အစိုးရကကူညီပေး ရေး၊ ငွေရေး၊ ကြေးရေး လိုအပ်ပါတယ်။ ဒါကြောင့် ဒီဟာနှင့်ပတ်သက်ပြီးတော့ မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့ရှိ ဆင်ဖြူကန် ရေထွက်သည် ငလျင်လှုပ်သည်ဖြစ်စေ၊ မလှုပ်သည်ဖြစ်စေ ရေအမြဲ



D/real(wide) (9



မိမိအနေဖြင့် GSM ဖုန်းလိုင်းများ တပ်ဆင်အသုံးပြုနိုင်ရေး အတွက် (၈-၈-၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်၌ ကြယ်ပွင့်မပြမေးခွန်းအဖြစ် မေးမြန်းခဲ့ပါသည်။ မိမိ၏ ကြယ်ပွင့်မပြ မေးခွန်းအပေါ် စာအမှတ်-၅/၁၂-၁/လွှတ်တော်(ရှမ်း) ရက်စွဲ ၂၀၁၆ စက်တင်ဘာလ ၁ရက်နေ့စွဲပါ ပြန်ကြားစာအရ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း GSM ဖုန်းလိုင်းများကို ဖွင့်လှစ်သုံးစွဲနိုင်ရန် အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားမှုကို လက်ခံရရှိ ခဲ့ပါသည်။

သို့ဖြစ်ပါ၍ လက်ရှိအခြေအနေများအရ ပြင်ပဧရိယာနှင့် ဆက်သွယ်မှုပြတ်တောက် ခက်ခဲနေသော မောက်မယ်မြို့နယ် အတွင်းရှိ CDMA 450 ဖုန်းလိုင်းနှင့်GSM ဖုန်းလိုင်းများ၏ တပ်ဆင် ဆောက်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုပါကြောင်း နှင့် မည်သည့် ရက်၊ လ၊ နှစ်တွင် စတင်အသုံးပြုနိုင်မည်ကို သိရှိလို ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ။ ကျွန်တော်တို့ မောက်မယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) က ဒေါ်နန်းဖွေးဟွမ်ဦး၏ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်း ရှိ CDMA 450 နှင့် GSM ဖုန်းလိုင်းများ တပ်ဆင် ထားရှိမှု အခြေအနေကို သိရှိလိုပါကြောင်း နှင့် မည်သည့် ရက်၊ လ၊ နှစ်တွင် စတင်အသုံးပြုနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ထွက်ရန်မှာ နည်းပညာနှင့်သက်ဆိုင်နေ၍ မြန်န္ဒာရေကန်နှင့် ဆက်စပ်သစ်တောများ ထာဝရစိမ်းလန်းစိုပြည်ပြီး၊ ဆင်ဖြူကန်နှင့် မြန်န္ဒာရေကန်တွင် ထာဝစဉ်ရေအမြဲရှိရေးအတွက် သုတေသနပြုရန် နည်းပညာပိုင်းနှင့် သစ်တောများစိမ်းလန်းစိုပြည်ရေး၊ ရေအစဉ် ထာဝရရှိရေးတို့အား ငွေကြေးအကူအညီပံ့ပိုးပေးပါရန် အစီအစဉ် ရှိ/မရှိကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာမေးခွန်းအား သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးကိုယ်စား ကျွန်တော် ဒေါက်တာ မျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ရွာငံ မြို့နယ်တွင် ရေးယခင်ကကန်(၉)ကန်ရှိခဲ့ပါကြောင်း၊ အဆိုပါ ကန်(၉) ကန်မှာ ဆင်ဖြူချောင်း၏ ချောင်းရိုးတစ်လျှောက် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် နယ်မြေတွင်တည်ရှိပါကြောင်း၊ ခေတ်အဆက်ဆက် တာဘောင်များပြုလုပ်ရာမှ ရေကန်(၉)ကန် အဖြစ် တည်ရှိလာပါကြောင်း၊ ဆင်ဖြူချောင်းသည် မိုးတွင်း၌ ရေစီးဆင်းမှု နည်းပါးပြီး ဆောင်းကာလ၌ ရေများပြန်လည်ထွက် လာကာ နွေအခါ၌ တဖြည်းဖြည်း ပြန်လည် ခမ်းခြောက်သွား ပါကြောင်း၊ ဆင်ဖြူကန်သည် ရွာငံမြို့၊ မြို့မရပ်ကွက်အတွင်း



D/real(wide) (9



ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ကိုယ်စားဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းအတွင်း အတည် ပြုပြီးဖြစ်သော အဆိုများ၏ လုပ်ငန်းဖော်ဆောင်မှုကို သိရှိလိုခြင်း ကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းသွားမှာဖြစ် ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော်သက်တမ်းကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အသီးသီးတို့၏ အတည်ပြုပြီးသော အဆိုများနှင့် ပတ်သက်ပြီးတော့ သိရှိလိုသည့် အချက်ကတော့

(က) လုပ်ငန်းဖော်ဆောင်မှုပြီးစီးမှု၊ မပြီးစီးမှု အခြေအနေ အကြောင်းရင်း။

(ခ) လုပ်ငန်းဖော်ဆောင်မှုတွင် အခက်အခဲနှင့် နှောင့်နှေးမှုများရှိပါက မည်သည့် အကြောင်း အရင်းကြောင့်နည်း။

(ဂ) မပြီးဆုံးသေးသော(သို့မဟုတ်) မစတင်ရသေးသော လုပ်ငန်းဖော်ဆောင်မှုအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ဖော်ဆောင်ထားကြောင်း။

စသည့်အချက်အလက်များကို သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းအောင်ကျော်ဦးမေးမြန်းလာသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အသီးသီးတို့၏ အတည်ပြုပြီးသော အဆိုနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အသီးသီးတို့၏ အတည်ပြုပြီးသော သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်





ကျရောက်လျက်ရှိပြီး မြနန္ဒာကန် (၁)နှင့် ကန်(၂)တို့မှာစည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပါဝင်ပါကြောင်း၊ ဆင်ဖြူကန်နှင့် မြနန္ဒာကန်အပါအဝင်ဆက်စပ်လျက်ရှိသည့် ကန်(၉)ကန်တစ်ဝိုက် တောင်သူများ၏ စိုက်ပျိုးမြေ (၁၀၆)ဧကရှိပါကြောင်း၊ အချို့မြေနေရာများတွင် မိုးမခတောင်စေတီတိုက်မှ သာသနာနယ်မြေအဖြစ် ထိန်းသိမ်းထား ခြင်းတို့ကြောင့် သဘာဝတောကျန် အနေဖြင့် (၇၅)ဧကခန့်သာ ရှိပါကြောင်း၊ အဆိုပါကန်(၂)ကန်အား ကျေးရွာအခြေပြု မြို့မိမြို့ဖများဖြင့် အစောင့်အရှောက်ခံနေရာအဖြစ် သဘောတူညီမှုရယူပြီး အများဆန္ဒနှင့်အညီ ထိန်းသိမ်း စောင့်ရှောက်နိုင်ပါကြောင်း၊ စည်ပင်သာယာရေးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ အကူအညီ ရယူ၍ ဒေသန္တရအမိန့်များထုတ်ပြန်ကာကွယ်နိုင်ပါကြောင်း၊ ဆင်ဖြူကန်နှင့် မြနန္ဒာကန်တို့၏ စိမ်းလန်းစိုပြည်ရေးအတွက် လိုအပ်မည့် သစ်တောသစ်ပင်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ရန်ပုံငွေဖြင့် ပျိုးထောင်ထားသည့် ပျိုးပင်များအား ၂၀၁၇ခုနှစ်၊ မိုးရာသီအတွင်း သစ်တောဦးစီးဌာနမှ အခမဲ့ပံ့ပိုးပေးနိုင်ပါကြောင်း၊ ဆင်ဖြူကန်ရေထွက်သည် ငလျင်လှုပ်သည်ဖြစ်စေ၊ မလှုပ်သည်ဖြစ်စေ၊ ရေအမြဲ ထွက်ရန်နှင့် ဆင်ဖြူကန်၊ မြနန္ဒာရေကန်များတွင် ထာဝစဉ်ရေ အမြဲရရှိရေးအတွက် သုတေသနပြုရန် နည်းပညာပိုင်း အနေဖြင့် တောင်ကြီးတက္ကသိုလ်မှ ဘူမိဗေဒ၊ ပထဝီဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် မိုးဇလဌာနမှပညာရှင်တို့၏ အကူအညီရယူဆောင်ရွက်နိုင်ပါကြောင်း၊ အဆိုပါ ရေကန်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်လိုသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့တင်ပြ၍ အသေးစိတ်တွက်ချက်မှု စာရင်း၊ BQ များ နှင့်တကွ ရန်ပုံငွေရရှိရေး တင်ပြဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ၊ သယံဇာတနှင့်သဘာဝ

လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမှတင်သွင်းသော **"ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့်စစ်ရေး တင်းမာမှုများ အနာဂတ်တွင်ဆက်လက်မဖြစ်ပွားရေး ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းသော"** အဆိုနှင့် ပတ်သက်ပြီး ၄င်းအဆိုအား ယခင်ကဖြေကြားခဲ့စဉ်တွင် ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန်အကြံပြု တင်ပြခဲ့ရာ ၁၅-၇-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် အတည်ပြု ခဲ့ပါသည်။

အဆိုပါအတည်ပြုချက်အား ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးက ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းလာမှု နှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေါ်အောင်ဆန်းစုကြည် ဦးစီးသောအမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနမှချမှတ်ပေးထားသော မူများနှင့်အညီ လိုက်ပါဆောင်ရွက် နိုင်ခဲ့ပါတယ်။ ၂၉-၁၂-၂၀၁၆ ရက်နေ့တွင် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌဦးသိန်းဇော် ဦးဆောင်သောအဖွဲ့နှင့်အတူ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များဖြစ်တဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်အောင်တို့ (၃)ဦးသည် "ဝ"အထူးဒေသ(၂) ပန်ဆန်းနှင့် အထူး ဒေသ(၄) မိုင်းလားမြို့များသို့ သွားရောက်ခဲ့ပြီး ထိုဒေသများမှအဖွဲ့အစည်း များ၏ တင်းမာမှုများကို လျှော့ချ နိုင်ရန်ညှိနှိုင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။





အနေဖြင့် ရက်(၁၀၀)သစ္စာ စီမံချက်အား ၁-၅-၂၀၁၆ ရက်နေ့မှ ၈-၈-၂၀၁၆ရက်နေ့အထိ နိုင်ငံတစ်ဝှမ်း ဆောင်ရွက်ခဲ့ပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် သာမန်ရွှေ့ပြောင်း နေထိုင်သူ များနှင့် ယာယီရွှေ့ပြောင်းနေထိုင်သူများဟူ၍ ခွဲခြားစာရင်း ကောက်ယူပြီးနောက် မှန်ကန်မှု ရှိ/မရှိ မူလနေထိုင်ခဲ့သော မြို့နယ် သို့ ပေးပို့စိစစ်ပြီး မှန်ကန်မှုရှိသူများကိုသာ ကာယကံရှင်များ၏ လျှောက်ထားချက်နှင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ မည်သည့်အခြေအနေဖြင့် နေထိုင်ကြောင်း ထောက်ခံချက်တို့အရ သတ်မှတ်ထားသော အိမ်ထောင်စုလူဦးရေ စာရင်းနှင့် ကိုင်ဆောင်သည့် မှတ်ပုံတင် တစ်မျိုးမျိုးကို ဆောင်ရွက် ပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် သာမန်ရွှေ့ပြောင်း နေထိုင်သူများအနက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ရှိသူဖြစ်ပြီး လက်ရှိဒေသတွင် (၆)လနေထိုင်ပြီးဖြစ်သည့် တိုင်းရင်းသားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင် သည့် မှတ်ပုံတင်ကတ်ပြား ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ မူလ ဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း မရှိသော်လည်း နေထိုင်ခဲ့ ကြောင်းမှန်ကန်သူများအနက် လက်ရှိဒေသတွင် (၆)လနေထိုင်ခဲ့ သည့် တိုင်းရင်းသားများအား အိမ်ထောင်စုလူဦးရေစာရင်း(ယာယီ) ထုတ်ပေးမည်ဖြစ်ပြီး (၃)နှစ်အထက်နေထိုင်ပြီးမှသာ အိမ်ထောင်စု လူဦးရေစာရင်း(ယာယီ)မှ အိမ်ထောင်စုလူဦးရေစာရင်းသို့ လဲလှယ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သည့် မှတ်ပုံတင်ကတ်ပြား ဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။ ဖော်ပြပါ မှန်ကန်သူများမှအပ ကျန်သာမန်ရွှေ့ပြောင်းနေထိုင်သူများနှင့် ယာယီရွှေ့ပြောင်းနေထိုင်သူများအား စာရင်း မှတ်တမ်းပြုစုထား ရှိပါသည်။

နိုင်ငံတော်အတွင်းနေထိုင်လျက်ရှိသော မွေးရာပါ နိုင်ငံသားများနှင့် ဥပဒေအရ နိုင်ငံသားများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်နိုင်ငံသားကတ် တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး အတွက် မြို့နယ်၊ ခရိုင်၊ ပြည်နယ် ဦးစီးမှူးရုံးများတွင်လည်းကောင်း၊ ၁-၇-၂၀၁၁ရက်နေ့မှစ၍ ကျေးရွာများအရောက်ကွင်းဆင်း၍ မိုးပွင့်စီမံချက်များဖြင့်လည်းကောင်း၊ အခြေခံပညာကျောင်းများအား ကွင်းဆင်း စီမံချက်များဖြင့်လည်းကောင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့်ကိုင်ဆောင်သင့်သည့် နိုင်ငံသားကတ်တစ်မျိုးမျိုးစိစစ်ထုတ်ပေးခြင်းအား ဆောင်ရွက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ရှမ်းပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပြီးစီးမှုမှာ-

(က)အသက်(၁၀)နှစ်ပြည့် နိုင်-၃(က) ၇၂၇၉၈ ဦး
(ခ)အသက်(၁၀)နှစ်ပြည့် နိုင်-၃မိတ္တူ ၂၁၀ ဦး
(ဂ)အသက်(၁၈)နှစ်ပြည့် နိုင်-၆(က) ၂၅၉၂၁ ဦး
(ဃ)အသက်(၁၀)နှစ်ပြည့် နိုင်-၆(က)မိတ္တူ ၂၀၈၈၅ ဦး
(င)အသက်(၁၀)နှစ်ပြည့် နိုင်-၃(က)မှ ၁၉၀၀၁ ဦး
အသက်(၁၈)နှစ်ပြည့် နိုင်-၆(က)လဲလှယ်
**စုစုပေါင်း ၁၃၈၈၁၅ဦး**

တို့အား ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါလုပ်ငန်းစဉ်များသည် ပြီးဆုံးနိုင်ခြင်းမရှိဘဲ စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

၎င်းအပြင် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူတင်သွင်းသော **“ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်၊ ကွတ်ခိုင်ဒေသမှာ**





၎င်းအပြင် ကိုယ်စားလှယ်ကြီးများအားလုံး သိရှိပြီးသည့်အတိုင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် ပတ်သက်၍ လက်နက်ကိုင် သောင်းကျန်းသူများ ဖြစ်ကြသည့် KIA, TNLA, MNDAA, AA စသည့်အဖွဲ့(၄)ဖွဲ့ အနက်မှ TNLA, MNDAA နှင့် AA အဖွဲ့(၃)ဖွဲ့တို့ကို ၎င်းတို့၏ ဆန္ဒအရ တွေ့ဆုံဆွေးနွေးရန် အတွက် ၂၉-၁၂-၂၀၁၆ရက်နေ့တွင် ပန်ဆန်းမြို့၌ စောင့်ဆိုင်းခဲ့သော်လည်း ၎င်းအဖွဲ့များမှ လာရောက်တွေ့ဆုံဆွေးနွေးရန် ပျက်ကွက်ခဲ့ပါသည်။ မိမိတို့အစိုးရအဖွဲ့မှ ၎င်းအဖွဲ့များနှင့်ပတ်သက် ၍ တစ်ဦးတစ်ဖွဲ့ချင်းသော်လည်းကောင်း၊ စုပေါင်းအဖွဲ့လိုက်သော်လည်းကောင်း တွေ့ဆုံဆွေးနွေးညှိနှိုင်းနိုင်ကြောင်း ပြန်ကြားထားပြီးဖြစ်ပါတယ်။ မိမိတို့ အစိုးရအဖွဲ့ အနေဖြင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ပြီး ငြိမ်းချမ်းရေး၏ လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်ညှိနှိုင်းမှုများ လုပ်ဆောင်၍ **NCA** လက်မှတ်ရေးထိုးနိုင်သည်အထိ ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမှ တင်သွင်းသော **“ ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စု စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင်ပေးရန် တိုက်တွန်းကြောင်း”** အဆိုနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရသစ်အဖွဲ့မှ စတင်တာဝန်ယူ ဆောင်ရွက်သည့် နေ့မှစ၍ ရက်ပေါင်း(၁၀၀)အတွင်း ဦးစားပေး ဆောင်ရွက်ရမည့် ကိစ္စရပ်များအနေဖြင့် ဝန်ကြီးဌာနအလိုက် သတ်မှတ်ဆောင်ရွက်ခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနအနေဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရန် ဦးစားပေးလုပ်ငန်း

**ဖြစ်ပွားနေတဲ့ KIA ,TNLA , MNDAA, AA လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အပြစ်မဲ့ပြည်သူလူထု ပေါ် ဆောင်ရွက်ကြတဲ့ ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြောင်း”** အရေးကြီးအဆိုနှင့်ပတ်သက်ပြီး ၎င်းအကြမ်းဖက်အဖွဲ့အစည်းအဖြစ် အမည်နာမတစ်ခု သတ်မှတ်ချက်အား လွှတ်တော်တွင် အဆို တင်သွင်းခဲ့ပြီး ၎င်းအဆိုအား အတည်ပြုနိုင်ခဲ့ပါသောကြောင့် လုပ်ငန်းဖော်ပြရန်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

၎င်းအပြင် ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်တင်သွင်းသည့် **“ ကလော မြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုဟဲဟိုးကျေးရွာအား ကျေးရွာ အဆင့်မှ မြို့အဆင့်သို့တိုးမြှင့်သတ်မှတ် ပေးပါရန်”** အဆိုနှင့် ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအန်းဂျေလိုတင်သွင်းသော **“ဖယ်ခုံ မြို့နယ်၊ မိုးပြဲကျေးရွာတွင် အိမ်ခြေနှင့်လူဦးရေများပြားလာပြီဖြစ်သည့် အတွက် ကျေးရွာ အဆင့်မှ မြို့အဆင်သို့ တိုးမြှင့်ပေးပါရန်”** ဖြစ်သောအဆိုများနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားရမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးတွင် ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မှ ကလော မြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ်သို့လည်းကောင်း၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအန်းဂျေလိုမှ ဖယ်ခုံ မြို့နယ်၊ မိုးပြဲကျေးရွာသည် လက်ရှိအခြေအနေတွင် အိမ်ခြေနှင့်လူဦးရေ များပြားလာပြီ ဖြစ်သည့် အတွက် ကျေးရွာ အဆင့်မှ မြို့အဆင်သို့ လည်းကောင်း တိုးမြှင့်ပေး ပါရန် အဆိုအားလွှတ်တော် ဆန္ဒခံယူ၍



D/real(wide) (9



စုပေါင်း၍ ဝါးရုံပင် ကျေးရွာအုပ်စု အဖြစ် လည်းကောင်းထားရှိရန် ကလော မြို့နယ် စီမံခန့်ခွဲမှု ကော်မတီမှ ဟဲဟိုးဒေသခံပြည်သူများနှင့် ညှိနှိုင်း သဘောတူညီမှု ရယူပြီး ဖြစ်သည့်အပြင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ၏ ၂-၁၂-၂၀၁၆ ရက်နေ့တွင် ကျင်းပသည့်အစည်းအဝေး အမှတ်စဉ် (၂၅/၂၀၁၆) ဆုံးဖြတ်ချက် အပိုဒ်-၅(စ)အရ သဘော တူညီချက် ရရှိပြီး ဖြစ်၍ မူလကလောမြို့နယ်မြေပုံ၊ ပြုပြင်ဖွဲ့စည်းပြီး ကလောမြို့နယ်မြေပုံ၊ မူလဟဲဟိုးကျေးရွာအုပ်စုမြေပုံ၊ ပြုပြင်ဖွဲ့စည်းပြီး ဟဲဟိုးမြို့မြေပုံ၊ ပြုပြင်ဖွဲ့စည်းပြီး စကားအင်းကျေးရွာနှင့် ဝါးရုံပင် ကျေးရွာအုပ်စု မြေပုံတို့အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ဆက်လက်တင်ပြရန်အတွက် စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

ဟဲဟိုးမြို့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရာတွင်ပါဝင်မည့် မြေအသုံးချမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

| | | |
|---|---|---|
| (က) | လယ်မြေ | ၂၉. ၈၅၀ ဧက |
| (ခ) | လမ်းမြေ | ၃၈. ၉၅၄ ဧက |
| (ဂ) | ရွာမြေ | ၉၃၁. ၇၀၉ ဧက |
| | **စုစုပေါင်း** | **၁၀၀၀. ၅၁၃ ဧက** |

ဖြစ်ပါတယ်။

၂၀၁၆ခုနှစ် ကျေးရွာမြေဌာနရန် ပြုလုပ်ပေးရာတွင် ပါဝင်သော ယာမြေ ၇၈. ၂၈ဧကအား ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ပုဒ်မ ၃၀(က) အရ အခြားနည်းအသုံးပြုခွင့် ပေးခဲ့ပြီး ဖြစ်ပါ၍ ရွာမြေတွင် ပါဝင်ပြီးဖြစ်ပါတယ်။

ဟဲဟိုးမြို့နယ်နိမိတ်အတွင်း မြေအမျိုးအစား အလိုက် မြေအသုံးချမှု အခြေအနေအားစိစစ်၍ ကလောမြို့နယ်မူလ/ ပြုပြင်ပြီးမြေပုံ၊ ဟဲဟိုးကျေးရွာအုပ်စုမူလ/ ပြုပြင်ပြီးမြေပုံ၊ စကားအင်းကျေးရွာအုပ်စုနှင့် ဝါးရုံပင်ကျေးရွာအုပ်စု ပြုပြင်ပြီး မြေပုံတို့ကို ရေးဆွဲ

ဆောင်ရွက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာနှင့်အတူ တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသို့ တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ လယ်မြေ (၂၉. ၈၅၀)ဧကအား ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၃-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂၅၈/၅/လယ/၂၀၁၆ဖြင့် ထောက်ခံ တင်ပြ ထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စုမှ မိုးဗြဲမြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ မူလမိုးဗြဲကျေးရွာကို (၁၀၂၈. ၆၁) ဧကဖြင့် မိုးဗြဲမြို့ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်လိုသော်လည်း လွှတ်တော် ကိုယ်စားလှယ်မှ အနီးရှိကျေးရွာများဖြစ်သည့် လွယ်ယင်းမင်္ဂလာရွာ၊ ဟက်ကွီရွာ၊ လယ်ကျွဲရွာ၊ စက်တော်ရာရွာ၊ ပင်သာရွာ၊ သာယာကုန်းရွာ၊ စုပေါင်းရွာနှင့် မိုးဗြဲရေကာတာ တစ်စိတ်တစ်ပိုင်းတို့အား မိုးဗြဲမြို့အတွင်း ထည့်သွင်းဖွဲ့စည်းလိုသဖြင့် စုစုပေါင်း (၂၀၁၀)ဧကဖြင့် ဖွဲ့စည်းသင့်/မသင့် ဒေသခံပြည်သူ များနှင့် ညှိနှိုင်းဆွေးနွေးမှု မပြီးပြတ် သေး၍ အမှုတွဲစတင်ဖွင့်လှစ် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ဒေသခံပြည်သူများနှင့်ညှိနှိုင်း ဆွေးနွေးပြီး သဘောတူညီမှုရယူ၍ အမှုတွဲအားစနစ်တကျ တည်ဆောက်တင်ပြ နိုင်ရန်လုပ်ငန်း ဆောင်ရွက်ဆဲဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။**
ကျွန်တော့်အနေနဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင် ကိုယ်စားဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မေးထားတဲ့အဆို ကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်လူ တင်သွင်းခဲ့တဲ့ **“တောင်သူလယ်သမား များမှ စိုက်ပျိုးသော လယ်ယာထွက်ကုန်သီးနှံများကို**



D/real(wide) (9



အတည်ပြု ခဲ့ကြောင်း ရှမ်းပြည်နယ် လွှတ်တော်ရုံးမှ အကြောင်းကြား ခဲ့ပါတယ်။

ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် သို့လည်းကောင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ မိုးဗြဲ ကျေးရွာအား မိုးဗြဲမြို့အဖြစ်သို့လည်းကောင်း တိုးချဲ့ဖွဲ့စည်း နိုင်ရေးအတွက် လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲတည်ဆောက်တင်ပြရန် ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ (၂၉-၉-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၁/၁-၂(၅၈၃)/ဦး၁(အထ၃)ဖြင့် တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အကြောင်းကြားခဲ့ပြီးဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်ရာတွင် ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာ အုပ်စု အတွင်းမှ ဟဲဟိုးကျေးရွာ၊ ကုန်းစောင်းကျေးရွာ၊ ပိန္နဲပင်ကျေးရွာ (၃)ရွာအားစုပေါင်း၍ ဟဲဟိုးမြို့ကို ရပ်ကွက် (၅)ရပ်ကွက်ဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်းဆောင်ရွက်မည် ဖြစ်ကြောင်း ဒေသခံပြည်သူများနှင့် လည်း ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်-

| **ဖွဲ့စည်းမည့်ရပ်ကွက်** | **ယခင်ဒေသအခေါ်အဝေါ်** |
| --- | --- |
| (က) ရပ်ကွက်(၁) | အလယ်ပိုင်း (၃) |
| (ခ) ရပ်ကွက်(၂) | အလယ်ပိုင်း (၁)+(၂) |
| (ဂ) ရပ်ကွက်(၃) | အရှေ့ပိုင်း+ကုန်းစောင်း+ ပိန္နဲပင် |
| (ဃ) ရပ်ကွက်(၄) | ဈေးပိုင်း+ရှမ်းစု |
| (င) ရပ်ကွက်(၅) | နန်းကုန်း |

ဟဲဟိုးကျေးရွာအုပ်စုအတွင်းမှ ကျန်ရှိသောကျေးရွာများ ဖြစ်သည့် စကားအင်းကျေးရွာ၊ လယ်ခေါင်းကျေးရွာ၊ နတ်ကန် ကျေးရွာတို့ကို စုပေါင်း၍ စကားအင်းကျေးရွာအုပ်စု အဖြစ် လည်းကောင်း၊ ဝါးရုံပင် ကျေးရွာ၊ ပုန်းအင်းကျေးရွာ၊ မျိုးပွား စိုက်ပျိုးဥယျာဉ်၊ မြို့ပြလေယာဉ်စခန်း၊ ကျောက်ကုန်း ကျေးရွာတို့အား

**လွတ်လပ်သောဈေးကွက် စီးပွားရေးစနစ်ဖော်ဆောင်ပေးရန် တိုက်တွန်းသော**"အဆို ဖြစ်ပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး ပြန်လည်ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြပေးရမည်ဆိုလျှင် ဈေးကွက်ဈေးနှုန်း သတင်းအချက်အလက်များကို တိုင်းဒေသကြီး/ ပြည်နယ်များမှ နေ့စဉ်သတင်းရယူလျက်ရှိပါတယ်။ အဆိုပါ သတင်းအချက်အလက်များကို အပတ်စဉ်ထုတ် Commerce Journal များမှ ဖြန့်ဝေ ပေးလျက်ရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်များရှိတဲ့ FM ရေဒီယို မှလည်းကောင်း၊ Farmer Journal မှလည်းကောင်း သတင်းထုတ်ပြန် ပေးလျက်ရှိပါတယ်။

ဈေးကွက်သတင်း အချက်အလက်များရရှိရေးအတွက် လယ်ယာထုတ်ကုန်သီးနှံများအလိုက် လက်ရှိ ဖြစ်ပေါ်နေသော ဈေးနှုန်းများကို အခြေပြုပြီး ပြည်ပပို့ကုန် သီးနှံတစ်မျိုးချင်းအလိုက် တွက်သားကိုက်ညီမှုအခြေအနေကို အပတ်စဉ်ဖြန့်ဝေပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက်ဈေးနှုန်း အခြေအနေများကို ကုန်စည်ဒိုင်များ၊ တောင်သူလယ်သမားများအထိ သိရှိအောင် ဖြန့်ဝေပေးလျက်ရှိပါတယ်။ တောင်သူ၊ လယ်သမားများ အနေဖြင့် ဈေးကွက်ရသီးနှံအခြေအနေကို သိရှိနိုင်ရန်အတွက် လယ်ယာထုတ်ကုန် တစ်မျိုးချင်းအလိုက် ပြည်ပတင်ပို့မှုအခြေအနေကို တိုင်းဒေသကြီး/ ပြည်နယ်များ၊ ကုန်စည်ဒိုင်များမှတစ်ဆင့် တောင်သူများဆီသို့ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိတယ်။ ကုန်သွယ်မှုသတင်း အချက်အလက်များ ဖြန့်ဝေရေးအတွက် ကုန်သွယ်မှု အခြေအနေများကို အပတ်စဉ်ထုတ်ဝေလျက်ရှိပြီးတော့ တိုင်း ဒေသကြီး/ ပြည်နယ်များမှ တစ်ဆင့်ဖြန့်ဝေပေးလျက်ရှိပါတယ်။





စာချွန်လွှာကိုလည်း လက်မှတ် ရေးထိုးထားပြီးဖြစ်ပါတယ်။

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား လက်မှတ်ရေးထိုးမည့် နားလည်မှု စာချွန်လွှာ ကိုလည်း ရေးထိုးထားပြီးဖြစ်ပါ တယ်။

EU သို့ Bean Sprouting အတွက် မြန်မာပဲများ တင်ပို့ခြင်းကဏ္ဍကို လည်းဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှ ပဲတီစိမ်းများကို ဥရောပဈေးကွက်သို့ Bean Sprouting အတွက် မြန်မာပဲများတင်ပို့ရာမှာ EU သတ်မှတ်ချက်နှင့်အညီ အရည်အသွေး၊ စံချိန်စံညွှန်းများ ကိုက်ညီစေရေးနှင့် သီးနှံအရည်အသွေးမြင့်မားရေးအတွက် GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် တောင်သူများအား အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေး လျက်ရှိပါတယ်။

မြန်မာပဲလောက တိုးတက်ဖွံ့ဖြိုးလာပြီး Supply Chain မှ Value Chain သို့ ကူးပြောင်းပြီးတော့ Stake Holders အားလုံး အကျိုးအမြတ် ပိုမိုရရှိနိုင်ရန်အတွက် ဥရောပဈေးကွက်သို့ တိုက်ရိုက်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၃ခုနှစ်မှာ (၂၄၁၃)တန်နှင့် ၂၀၁၄ခုနှစ်မှာ (၃၅၁၄)တန် Bean Sprout အတွက် တင်ပို့နိုင်ခဲ့ပါတယ်။

EUသို့ပဲတင်ပို့ရာမှာ Exporter များအနေဖြင့် ရရှိထားသော ဈေးကွက် ခိုင်မာစေရန်နှင့် ဈေးကွက်အသစ်များ တိုးတက်ရရှိစေရန်အတွက် EU Audit အဖွဲ့နှင့်ပူးပေါင်း၍ Food Safety Control အတွက် Production, Collection , Transportation , Processing , Exporting အတွက်အဆင့်ဆင့် လိုအပ် သည့် GAP, GMP, Traceability system, Sampling system, Laboratory

များအား EUလက်ခံနိုင်သည့် အဆင့် တည်ဆောက်နိုင်ရန် အတွက် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ဘုရင့်နောင် ကုန်စည်ဒိုင်တို့၏ ပူးပေါင်း ပါဝင်မှုဖြင့် Pilot Project အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီးတော့ EU နိုင်ငံများသို့ ပဲမျိုးစုံတင်ပို့ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရည်အသွေး ပြည့်မီစွာ တင်ပို့နိုင်ရေး အတွက် ကြိုတင်ဆောင်ရွက်မည့် Procedure Time Frame တို့ပါဝင်သည့် Pilot Project တစ်ခု ရေးဆွဲရန်အတွက်သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့၊ ကုမ္ပဏီတို့နှင့် အသေးစိတ်ညှိနှိုင်းရေး Mini Workshop တစ်ခုကို ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်တွင်းကုန်စည်ပြပွဲ(၃၈)ပွဲနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်ပြသခဲ့သည့် ပြည်ပကုန်စည်ပြပွဲ (၄၂)ပွဲ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပခဲ့သည့်ဒေသထွက်ကုန်စည်ပြပွဲ(၈)ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ (၂)ပွဲ တို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) မှထွက်ရှိသော သီးနှံများ၏ လက်ရှိဈေးနှုန်းများကိုတင်ပြရမည်ဆိုလျှင် -



D/real(wide) (1



ဈေးကွက်ချိတ်ဆက်ရရှိရေးဆောင်ရွက်ရာတွင် လယ်ယာထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ် ရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လယ်ယာထုတ်ကုန်အမျိုးအစားအလိုက် ဖွဲ့စည်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊ စာချွန်လွှာများ၊ နားလည်မှုသဘောတူစာချုပ်များနှင့် စီးပွားရေးစာချုပ်များကို အောက်ဖော်ပြပါအတိုင်း ချုပ်ဆိုနိုင်ခဲ့ပါတယ်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့အကြား လယ်ယာကဏ္ဍ ကုန်သွယ်မှုပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၁၄-၁၁-၂၀၁၄ ရက်နေ့တွင် ရေးထိုးထားခဲ့ပြီး ဖြစ်ပါတယ်။

(ခ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် Hong Kong Trade Development Council (HKTDC) တို့အကြား လက်မှတ်ရေးထိုးမည့် Memorandum of Understanding- MOU ကို ၂-၃-၂၀၁၅ရက်နေ့မှာရေးထိုးထားပြီးဖြစ်ပါတယ်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုးမည့် ဆန် တန်ချိန် (၅)သိန်း ရောင်းဝယ်ရေးဆိုင်ရာ နားလည်မှု

| စဉ် | သီးနှံအမည် | ရေတွက်ပုံ | အနိမ့်ဈေး (ကျပ်) | အမြင့်ဈေး (ကျပ်) |
|---|---|---|---|---|
| (က) | ပြောင်းဖူးစေ့ | ပိဿာ | ၂၇၀ | ၂၈၀ |
| (ခ) | ကြက်သွန်ဖြူ(မှော်) | ပိဿာ | ၅၀၀၀ | ၅၅၀၀ |
| (ဂ) | ကြက်သွန်ဖြူ (ဥတစ်လုံး) | ပိဿာ | ၈၀၀၀ | ၁၀၀၀၀ |
| (ဃ) | ချင်း(ဂျင်း) | ပိဿာ | ၃၅၀ | ၄၀၀ |
| (င) | နနွင်း | ပိဿာ | ၁၇၈၀ | ၁၉၀၀ |
| (စ) | ထောပတ်သီး | ကီလို | ၄၀၀၀ | ၅၀၀၀၀ |
| (ဆ) | စပါး(ဒေသ) | တင်း | ၅၆၀၀ | ၇၀၀၀ |
| (ဇ) | ဆန်(ငစိန်) | ပြည် | ၈၀၀ | ၈၅၀ |
| (ဈ) | ဆန်(ဧည့်မထ) | ပြည် | ၉၀၀ | ၉၅၀ |
| (ည) | ရွှေရင်အေး (ဒေသ) | ပြည် | ၁၀၀၀ | ၁၂၀၀ |

စသည်ဖြင့် လက်ရှိပေါက်ဈေးဖြစ်ပါတယ်။

အထက်ပါဈေးနှုန်းများကို တောင်သူများ သိရှိနိုင်ရန်အတွက် ကျွန်တော်တို့ FMရေဒီယိုလိုင်းများ၊ Commerce Journal၊ Farmer Channel တို့မှ နေ့စဉ်၊ အပတ်စဉ် ထုတ်လွှင့်ဖြန့်ချိပေးလျက် ရှိပါကြောင်း စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကိုယ်စား ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။





သည့် ဌာန (၆)ဌာန ရှိကြောင်း သိရှိရပါတယ်။ ကျန်ရှိသည့် ဌာနများကို ဆက်လက် ညွှန်ကြားစာ၊ အကြောင်းကြားစာ ဆက်လက်ထွက်ရှိပေးဖို့ ကျွန်တော်တို့ ၉-၁-၂၀၁၇ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၂၂၈/၆-၂၃၃/အစရ (ရှမ်း)ဖြင့် ထပ်မံအကြောင်းကြားထားရှိပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးရဲ့ မေးခွန်းကို ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုများတွင်ပါဝင်သော ပညာရေးကဏ္ဍဆိုင်ရာဆောင်ရွက်ထားရှိမှု အခြေအနေများ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာ မျိုးထွန်းမှ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ **“၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၆)ရက်နေ့မှ နိုဝင်ဘာ(၁၉)ရက်နေ့အထိ မိုင်းရှူးမြို့နယ်အတွင်းဖြစ်ပွားခဲ့သော တိုက်ပွဲများမှ စစ်ဘေးရှောင်ပေါင်း (၁၀၀၀)ကျော်၊ လက်ရှိ (၈၀၀)ကျော်ကျန်ရှိသေးသည့် အနက်နှင့် မိုင်းရှူး မြို့နယ်ဟိုင်းပန် စစ်ဘေးရှောင်စခန်းမှ မူလတန်းကျောင်းသား(၁၄၅)ဦး အချိန်မီကျောင်း ပြန်တက်ရမည့်အရေး အမြန်ဆုံးစီစဉ်ပေးရန်”** နှင့်စပ်လျဉ်း၍ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ (၆)ရက်နေ့မှ နိုဝင်ဘာ(၁၉)ရက်နေ့ အထိ မိုင်းရှူးမြို့နယ်ဟိုင်းပန် စစ်ရှောင်စခန်းတွင် လာရောက် ခိုလှုံသည့် ကျောင်းသား (၁၄၅)ဦးရှိသည့်အနက်

ဟိုင်းပန်မူလွန် ကျောင်းတွင် (၇၁)ဦး၊ ဟိုက်ကျေး အမကတွင်(၁၅) ဦး၊ ဟိုင်းဟောင် အမကတွင်(၁၄)ဦး၊ ဝမ်ဆင်း အထကတွင် (၄၅)ဦး တို့သည် ၂၀၁၅-၂၀၁၆ပညာသင်နှစ် ပြီးဆုံးအောင်သင်ကြားခဲ့ ပါတယ်။ ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် အေးချမ်းတည်ငြိမ်နေပြီ ဖြစ်သော်လည်း ဟိုင်းပန်မူလွန်ကျောင်းတွင် ၉၁ ဦး၊ ဟိုက်ကျေး အမကတွင် ၁၄ ဦး၊ ဟိုင်းဟောင်အမကတွင် ၁၄ ဦး၊ အထက ဝမ်ဆင်းတွင် ၄၅ ဦးတို့အား ဆက်လက်ပညာသင်ကြား နိုင်အောင် စီမံဆောင်ရွက်ထားပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ(၇)ရက်နေ့မှ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ လ(၁၈)ရက်နေ့ အထိ ကျောက်မဲမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများမှ စစ်ရှောင်ပေါင်း(၅၀၀၀)ကျော်၊ ၂၀၁၆ခုနှစ် မေလ(၅) ရက်နေ့မှ ၂၀၁၆ခုနှစ် မေလ(၁၆)ရက်နေ့ အထိ(၄၀၀၀)ကျော်နှင့် စုစုပေါင်း (၉၀၀၀)ကျော်၊ လက်ရှိ ဟိုက်ဝေကျေးရွာအုပ်စု၊ ဘဏ္ဍာရွာ တွင် အိမ်ခြေ (၃၀)ကျော် လူဦးရေ (၁၂၀)ဦး ကျန်ရှိနေသေးကြောင်း ၊ ကျောက်မဲမြို့နယ်၊ စစ်ရှောင်စခန်းမှ ကျောင်းသားပေါင်း(၃၅၀)ဦး အချိန်မီ ကျောင်းပြန်တက်နိုင်ရေး အမြန်ဆုံးစီမံဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ပညာသင်နှစ် တွင်နယ်မြေအေးချမ်းတည်ငြိမ်နေပြီ ဖြစ်၍ အဌမတန်း၊ နဝမတန်း နှင့် ဒသမတန်းကျောင်းသား၊ ကျောင်းသူများမှအပ ကျန်အတန်းရှိ ကျောင်းသားကျောင်းသူများ မိမိကျေးရွာအသီးသီးသို့ ပြန်လည်၍ ကျောင်းတက်ရောက်နေပြီ ဖြစ်ပါတယ်။ အဌမတန်းမှ(၄၀)ဦး၊ နဝမ တန်းမှ (၃၂)ဦး၊ ဒသမတန်းမှ(၃၇)ဦးမှာ ကျောက်မဲမြို့ အထက (၂) ကျောင်းတွင်တန်း ခွဲဖွင့်လှစ်သင်ကြားပေး လျက်ရှိပါကြောင်း တင်ပြ အပ်ပါတယ်။ ၂၀၁၆ ခုနှစ် ၊ မေလ ၆ ရက်နေ့တွင် နမ့်ခမ်း မြို့နယ်၊ ဟိုပန်၊ မိုင်းဦးကျေးရွာအတွင်းဖြစ်ပွားခဲ့သော စစ်ရေး



D/real(wide) (1



**ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးမှ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ ကြောင်းဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံဖြစ် ပါတယ်။ ကျွန်တော့်အနေနဲ့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားမှာ ဖြစ်ပါတယ်။

နံပါတ်(၁) မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း တင်သွင်းသည့် **"ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE- RE နှင့် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေBE- REဘတ်ဂျက် ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် အလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေ ဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP- BQ မိတ္တူများကို မြို့နယ် များရှိ လွှတ်တော် ကိုယ်စားလှယ်များ ထံသို့ ပေးပို့ရန်"** အဆိုကို ၂၁-၉-၂၀၁၆ရက် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့တွင် အတည် ပြုပြီးဖြစ်၍ သက်ဆိုင်ရာဌာနအလိုက်မြို့နယ်များရှိပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များထံ အစိုးရနှင့် ချုပ်ဆိုသော စာချုပ်များနှင့် BP- BQ မိတ္တူများ ပေးပို့ရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၃၀-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၁၁၇၂/၆-၂၃၃/အစရ (ရှမ်း)ဖြင့် ပြည်နယ် အဆင့်ဌာနဆိုင်ရာ အားလုံးသို့ ညွှန်ကြားထားပြီး ဖြစ်ကြောင်းနှင့် ယနေ့အထိမြို့နယ်များမှာ ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များထံ ပေးပို့ထားသည့်ဌာန (၃)ဌာနနှင့် လုပ်ငန်းဆောင်ရွက်ခြင်းမရှိ

တင်းမာမှုကြောင့် ဒုက္ခသည်ပေါင်း ၂၈၉ ဦးရှိပြီး လက်ရှိ ဒုက္ခသည်စခန်းတွင် ဆက်လက် နေထိုင်နေရကြောင်း၊ နမ့်ခမ်းမြို့နယ်၊ ဟိုပန်စစ်ဘေးရှောင်စခန်းမှ ကျောင်းသားပေါင်း ၇၆ ဦး အချိန်မီ ကျောင်းပြန်တက်နိုင်ရေး အမြန်ဆုံးစီစဉ်ပေးရန် တိုက်တွန်းကြောင်း နှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် နယ်မြေ အေးချမ်းတည်ငြိမ်ပြီဖြစ်၍ နမ့်ခမ်း မြို့နယ်တွင် စစ်ရှောင်ခဲ့တဲ့ ဟိုပန် မိုင်းဦးကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများ မိမိကျေးရွာ အသီးသီးသို့ ပြန်လည်၍ ကျောင်းတက် ရောက်နေပြီ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆ခုနှစ်၊ မေလ ၁၈ ရက်မှ လက်ရှိအချိန် အထိ သီပေါမြို့နယ်အတွင်းဖြစ်ပွားနေသော တိုက်ပွဲမှ စစ်ဘေးရှောင်ပေါင်း ၁၁၃၈ ဦးမှ လက်ရှိ ၆၀၀ ကျော် ကျန်ရှိ နေသေးကြောင်း၊ သီပေါမြို့နယ်စစ်ဘေးရှောင်စခန်းမှ ကျောင်းသား ပေါင်း(၈၇)ဦး အချိန်မီကျောင်း ပြန်တက်နိုင်ရေး စီစဉ်ပေးရန် တိုက်တွန်းအပ်ပါကြောင်းနှင့် စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ပညာသင် နှစ်တွင် နယ်မြေအေးချမ်းတည် ငြိမ်ပြီဖြစ်၍ သီပေါမြို့နယ် အတွင်း စစ်ဘေးရှောင်ခဲ့ကြသည့် သီပေါမြို့နယ်၊ ကျောက်မဲကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများ မိမိကျေးရွာအသီးသီးသို့ ပြန်လည်၍ ကျောင်းတက်ရောက်နေပြီဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။





(က) မူလဖြည့်စွက် ရန်ပုံငွေ(RE)တောင်းခံသည့် စာရင်းဇယားနှင့် အမှန်ပြန်လည် သတ်မှတ်ခွင့်ပြု ပေးသည့် ဘတ်ဂျက်ငွေစာရင်းကို ယှဉ်တွဲဖော်ပြ ပေးရန် လိုအပ်ပါတယ်။

(ခ) ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းမှ ပူးတွဲပါဇယား (၁၊၂၊ ၃၊၄)တို့တွင် အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေး အဖွဲ့ ကျခံသုံးစွဲမည့် ကုန်ကျစရိတ်များ ယေဘုယျ အချုပ်စာရင်းများ သာ ဖော်ပြထားရာ ပြီးပြည့်စုံသည့် လိုအပ်ချက် များ ရှိနေဦးမည်ဟု ယူဆမိပါတယ်။

(ဂ) အဆိုပါ လိုအပ်ချက်များမှာ အဖွဲ့အစည်းများ အစိုးရအဖွဲ့ လက်အောက်ဌာနများတို့၏ သာမန် သုံးငွေကျခံသုံးစွဲမည့်၊ ငွေစာရင်းခေါင်းစဉ်များ အလိုက် အသေးစိတ်စာရင်း ဖော်ပြပေးရန် လိုအပ်ပါတယ်။ ငွေလုံးငွေရင်း ကျခံသုံးစွဲရာတွင် ဌာနအတွက်သော်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်း များ အတွက်သော်လည်းကောင်း၊ ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းအသေးစိတ် ဖော်ပြ ပေးရန် လိုအပ်မည်ဟု ယုံကြည်မိပါတယ်။

(ဃ) သို့ပါ၍အဆိုပါ ဖော်ပြပါအချက်အလက်များ အပေါ် မူတည်ပြီး တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများမှအကြံပြုဆွေးနွေး ခြင်းဖြင့် ပွင့်လင်းမြင်သာမှု ရှိပါလိမ့်မည်ဟု ယုံကြည်မိပါတယ်။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များ မိမိဒေသတွင် လူထုတွေ့ဆုံပွဲ၊ လုပ်ငန်းခွင် ကွင်းဆင်းလေ့လာမှုများ အတွက်လည်း အထောက် အကူပြုစေမည့် အချက်အလက်များ ဖြစ်စေမည့် အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အစိုးရအဖွဲ့အား အကြံပြုတိုက်တွန်းဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အစည်းအဝေး၏ ပထမနေ့မှာ တင်သွင်း ခဲ့တဲ့ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ဆွေးနွေးသွားပါတယ်။ ဆွေးနွေးချက်များဟာ အပြုသဘောဆောင်ပြီး ပွင့်လင်းမြင်သာမှုရှိပါတယ်။ ဒီကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကျွန်တော်တို့ အစည်းအဝေး၏ ပထမနေ့(၅-၁-၂၀၁၇)ရက်နေ့ ညနေပိုင်းမှာ ပေးပို့ဖို့ ကြေညာခဲ့သော်လည်း ယခု ဆွေးနွေးချက်ကို မနေ့က (၈-၁-၂၀၁၇)ရက်နေ့မှာ လွှတ်တော်က လက်ခံရရှိတာဖြစ်ပါတယ်။



D/real(wide) (1



## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** ယခုဆက်လက်ပြီး အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အစည်းအဝေး၏ ပထမနေ့မှာ တင်သွင်း ခဲ့သော ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် (၁)ဦး အမည်စာရင်း ပေးပို့ထားပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းကဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ဆွေးနွေးအကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း အကြံပြုဆွေးနွေး တင်ပြအပ်ပါတယ်-

လွှတ်တော်ကနေတစ်ဆင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆွေးနွေးမည့် အချက်များကို ပေးပို့ရပြီးယခုဆွေးနွေးသည့်အချက်များဟာ သက်ဆိုင်ရာ ဝန်ကြီးဆီကို မနေ့ညမှရောက်ရှိကြောင်း ကျွန်တော့ အနေနဲ့ သိရှိရပါတယ်။မည်သို့ပင်ဖြစ်စေလွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်ပေါ် မူတည်ပြီးသက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ပြန်လည်ဆွေးနွေးဖို့ဖြစ်ပါတယ်။ နောင်ဆိုရင် ဆွေးနွေးမည့် ကိစ္စနှင့် ပတ်သက်၍ ကြေညာထားသည့် အတိုင်း လွှတ်တော်ကို အချိန်မီ ပေးပို့ဖို့နှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၄၀အရ ဆွေးနွေးမည့်အမည်စာရင်းပေးသွင်း ပြီးပါက နည်းဥပဒေ ၁၄၁ပါ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းသော လွှတ်တော် ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌကသတ်မှတ်သည့် နေ့ရက်နှင့် အချိန်တွင် ဆွေးနွေးရမည်ဟု ဖော်ပြချက်နှင့်အညီ ဆောင်ရွက်ဖို့ အသိပေးပြောကြားပါတယ်။ ဒါကြောင့် ယခုသက်ဆိုင်ရာဝန်ကြီးမှ ပြန်လည်ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်၏ နောက်ဆက်တွဲ ဘဏ္ဍာငွေသုံးစွဲရေး ဥပဒေကြမ်းတင်သွင်းခြင်း အပေါ် မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ ဆွေးနွေးအကြံပြုချက်များကို ပြန်လည်တင်ပြရန်ဖြစ်ပါတယ်။ ဆွေးနွေးချက် မေးခွန်းနံပါတ်(၁) ကတော့ မူလဖြည့်စွက် ရန်ပုံငွေ(RE)တောင်းခံသည့် စာရင်းဇယားနှင့်





စည်ပင်သာယာရေးအဖွဲ့များရဲ့ သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ် ကိန်းဂဏန်းများကိုသာ ဖော်ပြလေ့ရှိပြီး ဥပဒေစိစစ်ချက်များအား ပြည်နယ်ဥပဒေချုပ်မှစိစစ်ပေးပြီး ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း များအတိုင်းရေးဆွဲထားခြင်းဖြစ်ပါတယ်။

ဆွေးနွေးချက်(၃)ဖြစ်တဲ့ အဆိုပါလိုအပ်ချက်များ၊ အဖွဲ့အစည်း များ၊ အစိုးရအဖွဲ့ လက်အောက်ဌာနများတို့၏ သာမန်သုံးငွေကျခံ သုံးစွဲမည့်၊ ငွေစာရင်းခေါင်းစဉ်များအလိုက် အသေးစိတ်စာရင်း ဖော်ပြရန် လိုအပ်ပါသည်။ ငွေလုံးငွေရင်း ကျခံသုံးစွဲရာတွင် ဌာနအတွက် သော်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက်သော် လည်းကောင်း၊ ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းအသေးစိတ် ဖော်ပြပေးရန် လိုအပ်မည်ဟု ယုံကြည်မိ ပါကြောင်းဆိုသည့် ဆွေးနွေး ချက်ကို ပြန်လည်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနအနေနဲ့ ဗဟို အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ ရဲ့ဖြည့်စွက်ခွင့်ပြုငွေ လိုအပ်တဲ့ ငွေစာရင်းခေါင်းစဉ်များအတိုင်း ပြည်နယ် ချုပ်အနေနဲ့ စာရင်းပေါင်းချုပ်ပြုစုပေးသော ဌာနတစ်ခုဖြစ်ပြီး ခရိုင်၊ မြို့နယ် အလိုက် လိုအပ်တဲ့အသေးစိတ် စာရင်းများအား သက်ဆိုင်ရာဌာန စီမံကိန်း ရေးဆွဲရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်း အဖွဲ့တို့မှစုပေါင်း ပေါင်းချုပ် တင်ပြလေ့ရှိသဖြင့် ခရိုင်၊ မြို့နယ် အလိုက်လိုအပ်တဲ့ အသေးစိတ် စာရင်းများကို အဆိုပါဌာနများမှ ရယူနိုင်ပါကြောင်း တင်ပြအပ်ပါ တယ်။

ဆွေးနွေးချက်(၄)ဖြစ်တဲ့ အဆိုပါ ဖော်ပြပါအချက်အလက် များအပေါ် မူတည်ပြီးတော့ အကြံပြုဆွေးနွေးခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိပါလိမ့်မည်ဟု ယုံကြည်မိပါကြောင်း ဆိုသည့် ဆွေးနွေးချက်ကို ပြန်လည်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အထက်မှာ ဖော်ပြထားသည့် ဖော်ပြချက်များပါ အချက်အလက်များဟာ ပွင့်လင်းမြင်သာမှုရှိပါ လိမ့်မည်ဟု ယုံကြည်မိပါတယ်။ ထို့ကြောင့်ယခု ဒီဥပဒေကြမ်းမှာ ပါဝင်တဲ့ ငွေစာရင်းများသည် ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှာ ချမှတ် ထားသော မူဘောင်အတွင်းမှ ရေးဆွဲပြုစုတင်ပြထားခြင်းဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စည်းဝေးဆုံးဖြတ်ချက်ဖြင့် အတည်ပြုပြီး လွှတ်တော်အစည်းအဝေးသို့တင်ပြခြင်းဖြစ်ပါတယ်။ အသေးစိတ် ဖော်ပြမှုနှင့်ပတ်သက်ပြီး သိရှိလိုသည့်အချက်အလက်များကို ပြုပြင် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းနှင့် ယခုလိုအပြုသဘောဆောင်တဲ့ အကြံပြုဆွေးနွေးခြင်းကို ကျွန်တော်တို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် ဘဏ္ဍာရေးဝန်ကြီးမှ ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ထို့ကြောင့် ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုနိုင်ပါရန် ထပ်မံတင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဆွေးနွေးပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ကလည်း ဥပဒေမှာ ပါဝင်တဲ့ငွေစာရင်းဟာ ပြည်ထောင်စုကော်မရှင်က ချမှတ်ထားတဲ့မူဘောင်အတွင်းမှ ရေးဆွဲပြုစု တင်ပြခြင်းဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အတည်ပြု၍ လွှတ်တော် သို့ တင်ပြခြင်းဖြစ်ကြောင်း၊ ငွေစာရင်းအသေးစိတ်နှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို လိုအပ်သလို ပြုပြင်ဆောင်ရွက်



D/real(wide) (1



အမှန်ပြန်လည် သတ်မှတ်ခွင့်ပြုပေးသည့် ဘတ်ဂျက်ငွေစာရင်းကို ယှဉ်တွဲဖော်ပြပေးရန် လိုအပ်ခြင်းဆိုသည့် မေးခွန်းကို ပြန်လည်ဖြေကြားရမည်ဆိုလျှင် မူလဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့်စာရင်းကို ယခုတင်သွင်းခဲ့သည့် ဌာနတစ်ခုချင်းစီ၏ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်များ ဟာ ထည့်သွင်းဖော်ပြထားခြင်းမရှိသော်လည်းဘဲ ရှမ်းပြည်နယ် အချုပ် အနေနဲ့ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ် စာရင်းချုပ်များအားထည့်သွင်းဖော်ပြပေးခဲ့ပါတယ်။ လာမည့် ဘဏ္ဍာရေးနှစ်မှစ၍ ဆွေးနွေးချက်အတိုင်းပါသည့် မူလဖြည့်စွက် ခွင့်ပြုငွေ တောင်းခံသည့်စာရင်းနှင့် အမှန်ပြန်လည် သတ်မှတ်ခွင့်ပြု ပေးသည့်ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို ဌာနတစ်ခုချင်းစီ၏ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းများအလိုက် ယှဉ်တွဲဖော်ပြပေးသွားမှာဖြစ် ပါတယ်။

ဆွေးနွေးချက်မေးခွန်းနံပါတ်(၂)- ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းမှ ပူးတွဲပါဇယား (၁၂၊ ၁၄)တို့တွင် ဗဟိုအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့ ကျခံသုံးစွဲမည့် ကုန်ကျစရိတ်များ ယေဘုယျအချုပ်စာရင်းများသာ ဖော်ပြထားရာလိုအပ်အုံးမည်ဟု ယူဆမိပါကြောင်းဆိုသည့် မေးခွန်းဖြစ်ပါတယ်။ ပြန်လည်ဖြေကြားရမည်ဆိုလျှင်၊ ဆွေးနွေးရမည်ဆိုလျှင် ၂၀၁၁-၂၀၁၂ခု၊ ဘဏ္ဍာ ရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမှ စပြီးတော့ ယခုတင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအထိ နှစ်စဉ်ပြဋ္ဌာန်းခဲ့သော ဥပဒေများ၏ နောက်ဆက်တွဲဇယားများမှာ ဖြည့်စွက်ခွင့် ပြုငွေတောင်းခံသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့်

မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသွားပါတယ်။ ဒါကြောင့် ဘဏ္ဍာငွေအရအသုံးဆိုင် ရာကိစ္စနှင့်စပ်လျဉ်းပြီး ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၄၆နှင့်အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နည်းဥပဒေ ၁၁၆မှာ ဥက္ကဋ္ဌသည် နည်းဥပဒေ ၁၄၅အရ ပေးပို့သော သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် အလိုက် ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာ လျာထားချက်နှင့်စပ်လျဉ်းပြီး လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးပြီးတော့မှ လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်ဟု ဖော်ပြထားပါတယ်။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်ဟာ ပြီးဆုံးရန် (၃)လ တောင်မလိုတော့တဲ့ ကာလဖြစ်တာကြောင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့က တင်သွင်းခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ် ၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပေး ပြီးဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်၏ အကြံ ပြုချက်ကို လည်း ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့သွားမှာ ဖြစ်ပါ တယ်။ ဘဏ္ဍာငွေအရသုံးဆိုင်ရာ အချက်အလက်နှင့် ကိန်းဂဏန်း များကို ပါဝါပွိုင့်ဖြင့်တင်ပြသလို၊ ကဏ္ဍအလိုက် အသေးစိတ်ပြုစုပြီး လွှတ်တော်ကိုယ်စားလှယ် များထံ တင်ပြနိုင်ဖို့အတွက် မိမိအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တိုက်တွန်းပြောကြားလိုပါတယ်။

ဒါကြောင့်ယခု သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုပေးရန် လွှတ်တော်ကို ထပ်မံပြီးတော့မှ အဆိုပြုတင်ပြလာသည့်အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ်၊ ရှမ်းပြည်နယ်၏



D/real(wide) (1



ပေးလိုက်သည့် ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေကို လိုအပ်သလို ပြန်လည် ပြုပြင်ရေးဆွဲပြီး ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေမူကြမ်းကို လွှတ်တော်သို့ထပ်မံတင်သွင်းခြင်းနှင့် အစီရင်ခံစာ အနေနဲ့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေမူကြမ်းကို ဥပဒေပြုရေးဆိုင်ရာကော်မတီကစိစစ်ပြီး အနီးကပ်ဆုံး ကျင်းပမည့် လွှတ်တော်အစည်းအဝေးမှာ တွေ့ရှိချက်အစီရင်ခံစာကို တင်ပြ သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီဥပဒေမူကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးလိုသည့် အချက်အလက်များကို လွှတ်တော်ရုံးသို့ ဖေဖော်ဝါရီလ(၆)ရက်နေ့ နောက်ဆုံးထားပြီး အရောက်ပေးပို့ကြဖို့ ထပ်လောင်းပြောကြား လိုပါ တယ်။ ကျွန်တော်တို့ လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ရေးရာကော်မတီ (၉)ခုနှင့် ပြည်သူများထံမှ တင်ပြစာများ၊ အကူအညီတောင်းခံစာများကို များစွာလက်ခံရရှိသော ကော်မတီ များမှာ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ၊ တိုင်ကြားစာများစိစစ်ရေး ကော်မတီနှင့် တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ တို့ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ တစ်ခါတရံ စာ(၁)စောင်ထဲကို ကော်မတီ အားလုံးသို့ လိပ်မူပြီး တိုင်ကြားထားတာလည်း တွေ့ရှိရပါ တယ်။

တိုင်ကြားချက်များအားလုံးကို တစ်ပြိုင်တည်း ဆောင်ရွက် ပေးနိုင်ဖို့ဆိုတာ လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပါဘူး။ တိုင်ကြားစာပါအချက်အလက်များကို လေ့လာ၍ မဖြစ်မနေ ဆောင်ရွက်ပေးသင့်သည့် ဦးစားပေးအဆင့်၊ သာမန်အဆင့် (သို့မဟုတ်) မှတ်တမ်းတင် ထားပြီး နောင်မှဆောင်ရွက်ရန်အဆင့် ဆိုပြီး ခွဲခြားထားသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

လိုအပ်ချက်အရ တိုင်ကြားစာနှင့် ၄င်းပတ်ဝန်းကျင်ထံသို့ ကွင်းဆင်းဆောင်ရွက်ရမည့် အနေအထား မျိုးလည်းရှိပါတယ်။ ကော်မတီဝင်များအနေနဲ့ ကွင်းဆင်းဆောင်ရွက်သည့်အခါ သက်ဆိုင်ရာဒေသရှိ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အထူး လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မိမိမဲဆန္ဒနယ်သို့ ကွင်းဆင်း ဆောင်ရွက်သည့် ကော်မတီများကို ဒေသခံလွှတ်တော် ကိုယ်စားလှယ်များက အပြည့်အဝ အကူအညီပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ကွင်းဆင်း ဆောင်ရွက်သည့် ကော်မတီဝင်များအနေဖြင့်ဆိုလျှင် ၄င်းဒေသမှာ ရှိတဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများရဲ့ ပံ့ပိုးကူညီမှုကို ရယူတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေမဲ့ အပြုအမူ၊ အပြောအဆိုမျိုးကို ရှောင်ရှားဖို့နှင့် မိမိတို့နှင့်ထိတွေ့ ဆက်ဆံရမည့် ပြည်သူလူထုများ၏ ယုံကြည် အားကိုးမှုကိုလည်းပဲ အတတ်နိုင်ဆုံးရရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းဟာ (၁)နှစ်ပြည့်တော့မှာ ဖြစ်ပြီး (၁)နှစ်တာကာလအတွင်းမှာ အစည်းအဝေး ပေါင်း(၅)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ အစည်းအဝေး စုစုပေါင်း(၅)ကြိမ်ကျင်းပရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များရဲ့ လွှတ်တော်အတွင်းဆောင်ရွက်ချက်များဟာ ရှမ်းပြည်နယ်ရဲ့ ပုံရိပ်ကို ထိုက်သင့်သည့်အဆင့်အတန်း (၁)ခုသို့ ရောက်ရှိအောင် ဖော်ဆောင်နိုင်ခဲ့တယ်လို့ ကျွန်တော့အနေနဲ့ သုံးသပ်မိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စိတ်ဓါတ်ကောင်းမွန်မှန်ကန်ရေး၊ အရည်အချင်းရှိအောင် တည်ဆောက်ကြရေးနှင့် ဒီမိုကရေစီကျင့်စဉ်များကို စနစ်တကျ ကျင့်သုံးဆောင်ရွက်ရေးတို့ဖြင့် ပြည်သူတို့



D/real(wide) (1



နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကသဘောတူသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကတင်သွင်းခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင်လွှတ်တော်လုပ်ငန်း ဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးဟာ မကြာမီ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော် ကိုယ်စားလှယ်(၁၇)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း(၃၃)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သလို စတုတ္ထပုံမှန်အစည်းအဝေးကာလမှာ ကြယ်ပွင့်မပြမေးခွန်းပေါင်း(၈)ခုကို ဖြေကြားပြီး လွှတ်တော်ကိုယ်စားလှယ်များထံ ပြန်လည်ပေးပို့နိုင်ခဲ့ပါတယ်။ အဆိုနှင့်ဥပဒေကြမ်းကဏ္ဍမှာ အဆိုတစ်ခုနှင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ခုကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ပထမ အကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ အတည်ပြု ပြဌာန်း

ရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရင်း ယနေ့ပြည်သူများ လိုအပ်နေသည့်၊ မျှော်မှန်းနေသည့် ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေးသို့ ဝိုင်းဝန်းအားပေးဆောင်ရွက်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့်ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးအောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ယခုဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးမြောက်ကြောင်း ကြေညာပါတယ်ခင်ဗျား။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။



D/real(wide) (1



**ဆုံးဖြတ်ခြင်းအမှတ်**

**၃၈-၂/၂၀၁၇။** **“ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေး နှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း”**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၁၂) ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့၌ **“ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်း”** အား လွှတ်တော်မှ အတည်ပြုကြောင်းဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ်

၄၄-၂/၂၀၁၇။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၈) ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၄၅-၂/၂၀၁၇။ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း"**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၈) ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း"** ကို မှတ်တမ်းတင်သည်။



D/real(wide) (1



## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

### စတုတ္ထပုံမှန်အစည်းအဝေး

### ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ်

၃၇-၂/၂၀၁၇။ **"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊မဘိမ်းမြို့နယ်၊ငါးအိုးကျေးရွာအုပ်စုသည်လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရဒေသခံပြည်သူလူထုအကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့တိုးမြှင့်သတ်မှတ်ပေးပါရန်အဆိုအားလွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၉) ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထု အကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန်"** အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၄၆-၂/၂၀၁၇။

**"ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၉) ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၄၇-၂/၂၀၁၇။ **"ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းကို မှတ်တမ်းတင်ခြင်း"**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၉) ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **"ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း"** ကို မှတ်တမ်းတင်သည်။





လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား"** လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

မှတ်တမ်းတင်ခြင်းအမှတ်

၄၈-၂/၂၀၁၇။ "ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၁၂) ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

## ရှင်းလင်းတင်ပြခြင်း

ရှင်းလင်းတင်ပြခြင်း

၄-၂/၂၀၁၇။ "ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်းကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၁၂) ရက် (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်

D/real(wide) (1

ကန့်သတ်


ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်
၂၃၇

ကန့်သတ်
၂၃၉

ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်



D/real(wide) (1
ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်
၂၇၆

ကန့်သတ်
၂၇၄

ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (l

D/real(wide) (1

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်



ကန့်သတ်

D/real(wide) (1

ကန့်သတ်
၃၀၁

ကန့်သတ်
၃၀၂

ကန့်သတ်

ကန့်သတ်

D/real(wide) (I

D/real(wide) (1

D/real(wide) (I

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (I

D/real(wide) (1

D/real(wide) (1

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်
၃၅၅



ကန့်သတ်

D/real(wide) (1

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (I

D/real(wide) (1

D/real(wide) (l

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်




ကန့်သတ်

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်




ကန့်သတ်

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2